LIONWORLD STATIONERY

ဝေင်နှိ
ကျမ်းပြု ၃၊ ဝဏ္ဏဓိကား

Name :

Subject : E422

Standard :

80

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိတ်ကူးချိုချိုစာစဉ်

ပေါ်ဦး

ကမ္ဘာ့ဝတ္ထုတိုများ

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

[illegible]

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၀ ၂၀၈၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၈၈၀၉၀၇ တို့ဖြင့်

မောင်ဒီ၏လက်ရေးမူကို ဿ.ဧ.ဝ မျက်နှာဖုံးဒီဇိုင်းဖြင့်လုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် ဓောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ ဒီဇင်ဘာလတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

[illegible]

မာတိကာ

- အမှာစာ က

၁။ ဤလူ့ရွာ ၁

၂။ ကျွန်တော်၏ မိတွေး ၂၃

၃။ ကိုဆိုးပေ ၄၇

၄။ ဤကမ္ဘာ ၅၇

၅။ သူငယ်တော် ၇၃

၆။ သချိုသစ် ၈၃

၇။ သူ့နာမည် ၁၀၉

၈။ မွေးရပ်မြေ ၁၁၃

၉။ မင်္ဂလာဦးည ၁၂၅

ဉာဏ်လူရှာ

ကျွန်တော်သည် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ရှိသည့် သရက်တောရွာကလေးမှာမွေးဖွားခဲ့၍ ၁၉ နှစ်အရွယ်သို့ ရောက်လာသောအခါ ကျွန်တော်၏ မွေးရပ်မြေရွာကလေးမှ ထွက်ခွာလာခဲ့ပါသည်။

ကလေးငယ်များသည် အိပ်ပျော်နေရင်းနှင့် ထလျက်လမ်းလျှောက်သွားနေတတ်ကြသည်။ ၎င်းမှာ ကလေးငယ်များတွင်သာ ဖြစ်တတ်ကြသည်ဟုလည်း ထင်ခဲ့ဖူးသည်။ ၎င်းမှာ လူကြီးများတွင်လည်း ဖြစ်တတ်ကြသည်ကို တွေ့ဖူးသည်။ ကျွန်တော်၏ မိတ်ဆွေတစ်ဦးဆိုလျှင် မော်တော်ဆိုင်ကယ်စီးလျက် လျှောက်သွားနေခဲ့ဖူးသည်။

ကျွန်တော်သည်လည်း နှစ်ပေါင်းများစွာ အိပ်ပျော်နေရင်းဖြင့် ထလျက် လျှောက်သွားနေခဲ့ဖူးသည်။ ကာလတစ်ခုသို့ရောက်တော့မှ GLOBE, GLOBAL, GLOBALIZAT-

အမှာစာ

ကျွန်တော်၏ "လေညင်းကလေး"အမည်နှင့် ကဗျာ စာအုပ်ငယ်တွင်"အမှာစာ"၌ ကျွန်တော်မည်ကဲ့သို့ ကဗျာ ဆရာ တစ်ယောက်ဖြစ်လာခဲ့ရသည့်အကြောင်းကို ရေးသား တင်ပြခဲ့ဖူးသည်။

ယခုတစ်ခါ "အမှာစာ"ကို ကျွန်တော် မည်ကဲ့သို့ စာရေးဆရာတစ်ယောက် ဖြစ်လာခဲ့ရသည့်အကြောင်း ရေးသားတင်ပြလိုစိတ် ဖြစ်လာခဲ့ပြန်သည်။

၎င်းကို စာဖတ်သူတို့အတွက် တစ်စုံတစ်ခုလည်း အကျိုးရှိစေလိုသည်။ အနည်းဆုံး ဗဟုသုတတော့ဖြစ်မည်။ နောက်ပြီး စာရေးဆရာဖြစ်လိုကြသည့် လူငယ်များအတွက်ကိုလည်း အကျိုးရှိစေချင်သည်။

သို့ဖြစ်ရာ "အမှာစာ"ကို "ဤလူ့ရွာ"အမည်နှင့် ဆောင်းပါးတစ်ပုဒ်အဖြစ် သီးခြားရေးသားတင်ပြထားပါသည်။ စာအုပ်အမည်ကိုလည်း "ဤလူ့ရွာနှင့် ဝတ္ထုတိုများ"ဟူ၍ ပေးလိုက်ပါသည်။

ချစ်ခင်လေးစားစွာနှင့်

မောင်ဒီ

၂၀–ရက်၊ နိုဝင်ဘာလ၊ ၂၀၀၁ ခုနှစ်။

ION, GLOBAL VILLAGE ဆိုသော အော်သံများကို နား ထဲမှာ တိုးတိုးကလေး ကြားလာရသည့်အခါ နိုးသွားခဲ့၍ နှစ် ပေါင်းများစွာ အိပ်ပျော်လျက် လျှောက်သွားနေခဲ့သည့်အဖြစ် ကို သိရှိသွားခဲ့ရလေသည်။ ထိုအခါတွင်မှ လူရွာသို့ ရောက်ရှိ နေသည်ဖြစ်ကြောင်းနှင့် မိမိမှာလည်း လူ့ရွာမှ လူသားတစ် ယောက် ဖြစ်နေကြောင်းကို သိရှိ၍ သွားခဲ့ရပါတော့သည်။

ကျွန်တော်သည် စာရေးဆရာတစ်ဦး မဟုတ်ပါ။ ပန်းချီ ဆရာတစ်ယောက်သာလျှင် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော် ၏ဘဝကို မန္တလေးမြို့တွင် သတင်းစာကာတွန်းဆရာအဖြစ် နှင့် စတင်ခဲ့၍ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာ ခဲ့ပြီး မဂ္ဂဇင်းသရုပ်ဖော် ပန်းချီဆရာအဖြစ်နှင့် စတင်ခဲ့သည်။ သို့ဖြစ်ရာ စာပေနှင့် ရင်းနှီးစွာ ဆက်ဆံခဲ့ရသည်။ ထိုအခါ စာရေးဆရာတစ်ယောက်လည်း ဖြစ်၍လာခဲ့ရပြန်ပါသည်။

မဂ္ဂဇင်းအယ်ဒီတာများက ၎င်းတို့၏ မဂ္ဂဇင်းများတွင် ပုံနှိပ်ဖော်ပြရန် ရွေးချယ်ထားသည့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ စာမူများကို ကျွန်တော်တို့ မဂ္ဂဇင်းသရုပ်ဖော် ပန်းချီဆရာများ သရုပ်ဖော်ပန်းချီပုံများ ရေးဆွဲပေးရန် အပ်နှံကြသည်။ ကျွန်တော် တို့က ထိုအပ်လိုက်သည့် ဝတ္ထုစာမူများကို သေချာစွာ ဖတ်ရှု ကြည့်၍ လိုအပ်သည့် သရုပ်ဖော်ပန်းချီပုံများကို ရေးဆွဲပေး ကြရသည်။

ပေးညွှန်သည့် ဝတ္ထုစာမူများနှင့် ကြုံတွေ့ရသည့်အခါ လွှမ်းစွာ ပင် စိတ်ညစ်ရ၍ ပုံရေးသည့်အခါတွင်လည်း စိတ်က သိပ် မပါ။ ထိုသရုပ်ဖော်ပုံမှာလည်း စိတ်တိုင်းကျ ရေးဆွဲလို့မရ ဖြစ်

တတ်သည်။ တစ်ခါ ကောင်းသည့်ဝတ္ထုစာမူများကို ကြုံတွေ့သည့်အခါ စိတ်မှာ ပျော်ရွှင်လာ၍ ထိုသရုပ်ဖော် ပန်းချီပုံမှာလည်း ကောင်း၍လာတတ်သည်။

ထိုအခါ ကျွန်တော်သည်လည်း စာရေးကြည့်လိုစိတ်ဖြစ်လာ၍ ဝတ္ထုတိုတစ်ပုဒ်ကို စမ်းသပ်ပြီး စတင်ရေးသားကြည့်ခဲ့မိသည်။ မှတ်မှတ်ရရ ကျွန်တော်သည် စုံထောက်မဂ္ဂဇင်းတွင် သရုပ်ဖော်ပန်းချီပုံများကို စတင်၍ ရေးဆွဲစကာလ ၁၉၆၂–၆၃ ခုနှစ်လောက်က ဖြစ်သည်။ ကျွန်တော်၏ ပထမဦးရေးသားကြည့်မိသည့် ဝတ္ထုတိုမှာလည်း စုံထောက်ဝတ္ထုအမျိုးအစားဖြစ်သည်ကို မှတ်မိသည်။

ထိုစဉ်က စုံထောက်မဂ္ဂဇင်း၏ အယ်ဒီတာချုပ်မှာ စာရေးဆရာကြီး ဦးမိုးဝေဖြစ်ရာ ကျွန်တော်ရေးကြည့်မိသည့် ဝတ္ထုတိုကလေးကိုလည်း ဦးမိုးဝေ၏ လက်သို့ ပေးအပ်ကြည့်ခဲ့မိသည်။

တစ်ပတ်အတွင်း၌ပင် 'ဦးမိုးဝေ'က ကျွန်တော်၏ ဝတ္ထုတိုကလေးကို ဂရုတစိုက် ဖတ်ရှုပေးခဲ့၍ 'မင့်ဝတ္ထုက ရိုးလွန်းတယ်ကွ'ဟု ပြောပြကာ ကျွန်တော့်အား ပြန်လည်ပေးခဲ့သည်။ ထိုစဉ်က စာရေးဆရာကြီး 'ဦးလေးမြင့်'ကလည်း နောက်ကို မဂ္ဂဇင်းအတွက် ဝတ္ထုတိုကိုရေးလျှင် ဖူလ်စကက်စာရွက်နှင့် ၁၄၊ ၁၅ မျက်နှာခန့်လောက်သာလျှင် ရေးရန် အကြံပေး၍ မဂ္ဂဇင်းများ၏ စာမျက်နှာအခက်အခဲနှင့် အခြေအနေများကို ရှင်းလင်းပြောပြကာ အားပေးသည်။ ကြေးမုံသတင်းထောက် 'ဦးရွှေမောင်'ကြီးကတော့ စာရေးလျှင် သတ်ပုံကို ဂရုစိုက်စရာ မလိုကြောင်း၊ ၎င်းကို ဂရုစိုက်နေလျှင် စာရေးသားရာ၌ စိတ်

အာရုံကို အနှောင့်အယှက်ဖြစ်သည့် အကြောင်းနှင့် ၎င်းကိစ္စမှာ စာပြင်ဆရာများ၏ အလုပ်သာလျှင် ဖြစ်သည့် အကြောင်းများကိုလည်း ပြောပြသည်။

ကျွန်တော်သည် အိမ်သို့ ပြန်၍ရောက်တော့ ကျွန်တော်၏ အပယ်ခံခဲ့ရသည့် ဝတ္ထုတိုစာမူကလေးကို သေချာစွာ ပြန်၍ ဖတ်ရှုကြည့်မိသည်။ ကျွန်တော်၏ ဝတ္ထုတိုစာမူလေးအား ဦးမိုးဝေသည် ဂရုတစိုက်နှင့် သေချာစွာ ဖတ်ရှုကြည့်ထားကြောင်းကို တွေ့ရသည်။

ကျွန်တော် ရေးသားထားသည့် စာမျက်နှာတိုင်းကို မင်နီဖြင့် သတ်ပုံများကို ပြင်ဆင်ပေးသွားရင်းနှင့် နောက်ဆုံး စာတစ်မျက်နှာသာလျှင် ကျန်တော့သည့် နေရာအထိ ဂရုတစိုက် ဖတ်ကြည့်ထားသည်ကို တွေ့ရသည်။

ကျွန်တော်သည် အတော်ပင် ဝမ်းမြောက်ပျော်ရွှင်၍ သွားခဲ့မိသည်။

နိုင်ငံကျော် စာရေးဆရာကြီးလည်းဖြစ်၊ အယ်ဒီတာချုပ်ကြီးလည်း ဖြစ်သည့် ဦးမိုးဝေသည် ကျွန်တော်၏ ဝတ္ထုတိုကလေးအား နောက်ဆုံး စာတစ်မျက်နှာသာလျှင် ကျန်တော့သည့်နေရာအထိ အသုံးပြုရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် စိတ်ဝင်စားစွာ ဂရုတနိုက် ဖတ်ရှုထားသည်ကို တွေ့ရှိရ၍ ဖြစ်သည်။

ကျွန်တော်၏ ဝတ္ထုအရေးအသားမှာ နောက်ဆုံးစာတစ်မျက်နှာ ကျန်သည့်နေရာအထိ နိုင်ငံကျော်စာရေးဆရာကြီး အယ်ဒီတာချုပ်ကြီး ဦးမိုးဝေအား စိတ်ဝင်စားအောင် ဆွဲဆောင်ရေးသား ခေါ်ယူလာနိုင်ခဲ့သည်ဖြစ်၍ ကျွန်တော်သည် အတော်

ပင် ဝမ်းမြောက်ပျော်ရွှင်စွာနှင့် အားတက်ခဲ့မိသည်။

ငါစာရေးလျှင် ဖြစ်နိုင်သည်ဆိုသော ယုံကြည်ချက်တစ်ခု ကိုလည်း ထိုအချိန်မှ စတင်၍ ရရှိခဲ့သည်။ သို့ရာတွင် စာကို တော့ ဆက်၍ မရေးဖြစ်ခဲ့တော့။

ကျွန်တော်သည် မဂ္ဂဇင်းပန်းချီသရုပ်ဖော်ပုံများကိုသာ လျှင် ဆက်လက်၍ ရေးဆွဲလုပ်ကိုင်နေခဲ့ပါသည်။

၁၉၆၇ ခုနှစ်တွင် ကဗျာများကို စတင်၍ ရေးဖြစ်ပြန် သည်။ ၁၉၇၁ ခုနှစ်၌ ရုပ်ရှင်ချစ်သူ မဂ္ဂဇင်းတွင် စာရေးဆရာ ကြီး ရန်ကုန်ဘဆွေက စတင်ပုံနှိပ်ဖော်ပြပေးခဲ့သည်။ ၎င်းအပြင် အန်ကယ်ဦးဘဆွေသည် ကျွန်တော်တို့ လူငယ်များမှာ အလုပ် မလုပ်ဘဲ အချောင်ရေသာခိုနေကြသည် စသည်ဖြင့် ပြောဆို ၍ စာကိုလည်း မရေး ရေးအောင် တိုက်တွန်းပါတော့သည်။

ကျွန်တော်သည် ဆောင်းပါးတစ်ပုဒ်ကို ရေးပေးဖြစ် သည်။ ထိုဆောင်းပါး၏ အမည်မှာ 'ရိုးရာထုံးတမ်းစဉ်လာ ဆိုတာ အနုပညာ'ဆိုသည့် ခေါင်းစီးနှင့် ဖြစ်သည်။ အန်ကယ် သည် ကျွန်တော်၏ ဆောင်းပါးကိုရတော့ ဝမ်းမြောက်ဝမ်းသာ စွာနှင့် ချက်ချင်းပင် ဖတ်ရှုကြည့်သည်။ သို့ရာတွင် အစပထမ စာပိုဒ်ကို ဖတ်ကြည့်ပြီးသည်နှင့် မကျေမနပ်ဖြစ်၍ နေလေသည်။

ကျွန်တော် ကြိုတင်တွက်ဆထားသည့်အတိုင်းပင် ဖြစ် သည်။ ကျွန်တော်သည် ထိုအချိန်မှာ မဂ္ဂဇင်းအယ်ဒီတာများ၊ စာရေးဆရာများ၊ ကဗျာဆရာများနှင့် ရင်းနှီးစွာ ဆက်ဆံလုပ် ကိုင်လာခဲ့သည်မှာလည်း နှစ်ပေါင်း အတော်ပင် ကြာလာခဲ့ပြီဖြစ် ရာ ၎င်းတို့၏ အတွေး၊ ၎င်းတို့၏စိတ်ဓာတ်၊ ၎င်းတို့၏သဘော

သဘာဝကိုလည်း အတော်ပင် မှန်းဆကြည့်တတ်နေပြီ ဖြစ်ပါသည်။

အန်ကယ်သည် ကျွန်တော်၏ ဆောင်းပါးကို ဆက်ဖတ်မကြည့်သေးဘဲ ရပ်တန့်ပြီး သူသိလိုသည့်ကိစ္စများကို ကျွန်တော့်အား မေးမြန်းပြောဆို ဆွေးနွေးနေပါသည်။

ထိုခေတ် ထိုအခါက စာရေးဆရာဆိုသူတို့ ရေးသားနေကြသည့် စာပေပုံသဏ္ဍာန်မှာ အများအားဖြင့် အစပိုဒ်ကို ဖတ်ကြည့်လိုက်လျှင်ပင် ဘာတွေရေးထားသည်၊ မည်ကဲ့သို့ အဆုံးသတ်လိမ့်မည် ဆိုသည်တို့ကို အတော်အသင့် မှန်းဆကြည့်လိုက်လျှင်ပင် ကြိုတင်၍ သိနိုင်ပါသည်။ စာဖတ်နာသူများ၊ ဝါရင့်စာရေးဆရာကြီးများ၊ ဝါရင့်အယ်ဒီတာကြီးများဆိုလျှင် ၎င်းကို အလွယ်နှင့်ပင် သိလို့ရသည်။ ၎င်းကို စာဖတ်ပရိသတ်များလည်း ရိပ်မိကြလောက်ပါသည်။

ရုပ်ရှင်၊ ဗီဒီယိုကြည့်ကြသည့်အခါများတွင် ဘာပြီးလျှင် ဘာဖြစ်လိမ့်မည်။ ကျော်ဟိန်းက ဘာဖြစ်လျှင် ဇာတ်လမ်းဆုံးသည့်အခါ၌ ထောင်ကျလိမ့်မည်။ သို့မဟုတ် သေလိမ့်မည်။ ကျော်ရဲအောင်က ထက်ထက်မိုးဦးနှင့် ရလိမ့်မည် စသည်ဖြင့် မှန်းဆကြည့်ကြသည့်အခါ သိလို့ရကြဘိသကဲ့သို့ပင် ဖြစ်ပါသည်။

ယခုလည်း အန်ကယ်သည် ကျွန်တော်၏ စာမူအား အစပိုဒ်ကို ဖတ်ပြီး မှန်းဆ၍ ကြည့်နေပုံရပါသည်။ သို့ရာတွင် အန်ကယ်မှာ သူနှစ်ပေါင်းများစွာ ဖတ်ကြည့်ခဲ့ဖူးသည့် စာမူများနှင့်ကလည်း မတူဘဲဖြစ်၍ နေရာ ရှေ့သို့ ဆက်၍ မှန်းဆကြည့်လို့မရဖြစ်နေပုံရပါသည်။

ကျွန်တော့်မှာလည်း အန်ကယ်သိလိုသည့် အကြောင်းကိစ္စကို ကျွန်တော်၏ ဆောင်းပါးဆုံးအောင် ဖတ်ရှုကြည့်ပြီးမှသာလျှင် ရှင်းလင်းသွားမည့်ကိစ္စဖြစ်ရာ ဘာကိုမျှ ပြောလို့မရ'ဟုတ်ကဲ့'၊ 'ဟုတ်ကဲ့'၊ 'ဟုတ်ကဲ့ အန်ကယ်'ဆိုသော စကားများမှအပ ဘာမျှ ပြန်လည်ပြောပြ၍မရ ဖြစ်နေပါသည်။

ထိုအခါတွင် အန်ကယ်သည် ကျွန်တော့်အား စိတ်မရှည်တော့ဘဲ ဖြစ်လာ၍ 'ဟာဗျာ ခင်ဗျားက ဘာမှလည်း ပြန်မပြောဘူး 'ဟုတ်တယ်ပဲ ပြောနေတော့တာပဲ'ဟု ပြောဆိုလျက် ကျွန်တော်၏ ဆောင်းပါးကို ဆုံးအောင် ဆက်၍ ဖတ်ပါတော့သည်။

ပြီးဆုံးသွားသောအခါ ၎င်းသိလိုစိတ် ဖြစ်နေသည့်ကိစ္စမှာလည်း ရှင်းလင်းသွားပြီဖြစ်၍ ကျွန်တော့်အားလည်း ဘာမျှထပ်မံပြောဆိုမနေတော့ဘဲ ရှေ့တွင်ရှိသည့် နီပြာခဲတံကို ကောက်ယူလျက် ကျွန်တော်၏ လက်ရေးစာမူထိပ် လက်ယာဘက်ထောင့်တွင် 'ထွက်မည့်ကအတွက် သုံးရန်'ဟူ၍ အနီရောင်ဖြင့် ရေးလိုက်ပါတော့သည်။ ကျွန်တော်လည်း အန်ကယ်အား နှုတ်ဆက်၍ ပြန်ခဲ့ပါသည်။

နောက် ကျွန်တော်သည် အားတက်၍ သွားကာ 'ပတ်မကြီးအကြောင်း'ဆိုသည့် ဝတ္ထုတိုတစ်ပုဒ်ကို ထပ်မံရေးသားပြီး ပေးဖြစ်ပါသည်။

သို့ရာတွင် အန်ကယ်၏ ရုပ်ရှင်ချစ်သူမဂ္ဂဇင်းမှာ အကြောင်းတစ်ခုဖြင့် ရပ်ဆိုင်းသွားခဲ့ရသည်။ အန်ကယ်သည် ကျွန်တော့်အား 'ခင်ဗျားရဲ့ ပတ်မကြီးကိုတောင် မတီးလိုက်ရတော့ဘူးဗျာ'ဟု စိတ်မကောင်းစွာဖြင့် ပြောပြပြီး ကျွန်တော်

၏ ဝတ္ထုတိုစာမူကို ပြန်၍ ပေးပါသည်။

ထိုစာမူ၏ ထိပ်တွင် 'အောက်တိုဘာလသုံးရန်' ဟူ၍ နီပြာခဲတံ၏ အနီရောင်နှင့် ရေးသားထားသည့် အန်ကယ်၏ လက်ရေးကို တွေ့ရသည်။ နောက်မကြာမီပင် အန်ကယ် ရန်ကုန်ဘဆွေမှာ တောခို၍ သွားခဲ့ပါသည်။

ထိုနေ့က ကျွန်တော်သည် မအူကုန်းရပ်ကွက်တွင် နေသည့် ဦးလေးဦးဘသန်း(ဓမ္မိက–ဘသန်း)၏ နေအိမ်သို့ ရောက်သွားခဲ့သည်။ ရပ်ရှင်ချစ်သူမဂ္ဂဇင်း ရပ်ဆိုင်းသွားသည့်အကြောင်းများကို ပြောပြ၍ ပြန်လည်ရရှိလာခဲ့သည့် ကျွန်တော်၏ 'ပဝ်မကြီးအကြောင်း' စာမူကို ဦးလေးအား ထုတ်၍ပြဖြစ်သည်။

ဦးလေးမှာလည်း ကျွန်တော်၏ ဝတ္ထုတိုကလေးကို ချက်ချင်းပင် ဖတ်ကြည့်ပြီး လွန်စွာ နှစ်သက်သဘောကျသွားသည်။ သူ ငွေတာရီမဂ္ဂဇင်းတိုက်သို့ ပေးကြည့်ဦးမည်ဟု ပြောကာ ယူ၍ထားလိုက်ပါသည်။

နောက် ၃–၄ လခန့်လောက်ကြာသော ဦးလေးဦးဘသန်းသည် ကျွန်တော့်အား 'မောင်ဒီ မင်းရဲ့စာမူကို သူတို့ မသုံးဖြစ်ဘူးကွ၊ နောက် မင်း မြန်မာလို မရေးနဲ့ အင်္ဂလိပ်လိုရေး၊ ငါ မင့်ကို အင်္ဂလိပ်စာသင်ပေးမယ်'ဟူ၍ ပြောပြကာ ကျွန်တော်၏ ဝတ္ထုတိုစာမူကလေးကို ကျွန်တော့်ထံ ပြန်၍ ပေးလိုက်ပြန်ပါသည်။

နောက်ပိုင်းတွင် ဦးလေးဦးဘသန်းသည် ကျွန်တော့်အား အင်္ဂလိပ်စာကို သင်ပေးပါသည်။ သို့ရာတွင် ကျွန်တော့်မှာက

လည်း မိသားစု၏ စားဝတ်နေရေးများက တစ်ဖက်နှင့် စိတ်မှာလည်း မအားလပ်ဖြစ်နေ၍ မတောက်တခေါက်မျှသာလျှင် တတ် ခဲ့ပါသည်။

အိမ်အပြန်တွင် ကျောက်မြောင်းရပ်ကွက်၌ နေသည့် အစ်ကို ဗဂျီအောင်စိုး၏ နေအိမ်သို့ ဝင်ရောက်ဖြစ်သည်။ အစ်ကိုသည် ကျွန်တော်၏ ကဗျာများကို လွန်စွာ မြတ်နိုးသူဖြစ်သည်။ သို့ဖြစ်၍ လွယ်အိတ်ထဲတွင် ပါလာခဲ့သည့် 'ပတ်မကြီးအကြောင်း' ဝတ္ထုကလေးကို ထုတ်၍ ပြဖြစ်သည်။ ချက်ချင်းပင် ကျွန်တော်၏ စာမူအား ဖတ်ကြည့်၍ ပြီးဆုံးသွားသောအခါ သူလည်းသဘောကျ နှစ်သက်သည့်အကြောင်း ပြောပြ၍ ရှုမဝမဂ္ဂဇင်းတိုက်သို့ ပေးကြည့်ဦးမည်ဟု ပြောပြကာ ယူ၍ထားလိုက်ပြန်ပါသည်။

၁၁ လခန့်မျှ ကြာသောအခါ အစ်ကိုအောင်စိုး၏ထံမှ စာတစ်စောင်နှင့် အတူတကွ ရှုမဝမဂ္ဂဇင်းတိုက်သို့ ကျွန်တော်ကိုယ်တိုင် သွားရောက်ပြီး ထိုစာမူကို ပြန်လည်ရယူခဲ့ပါသည်။

နောက် သဘင်မဂ္ဂဇင်းတိုက်သို့ သွားရောက်ပေးကြည့်မိပြန်သည်။ အယ်ဒီတာဖြစ်သူက ချက်ချင်းဖတ်ကြည့်ပေး၍ ကျွန်တော်၏ စာမူမှာ ဝတ္ထုမဟုတ်၊ အက်ဆေးသာလျှင် ဖြစ်သည်ဟု မှတ်ချက်ချ၍ ၎င်းတို့၏ မဂ္ဂဇင်းမှာ အက်ဆေးကို မထည့်သည့်အကြောင်း ပြောပြပြီး ကျွန်တော့်အား ပြန်လည်ပေးလိုက်ပြန်ပါသည်။

ကျွန်တော်လည်း အတော်ပင် စိတ်ဓာတ်ကျသွားခဲ့ပြီး နောက်ထပ် မည်သည့်မဂ္ဂဇင်းတိုက်သို့မျှလည်း မပေးဖြစ်ခဲ့တော့

ကျွန်တော်၏ 'ပတ်မကြီးအကြောင်း'ဆိုသည့် ဝတ္ထုတိုစာမူကလေးမှာလည်း နှစ်ပေါင်းများစွာ ကျွန်တော်၏ စာအုပ်ပုံများအကြားတွင် မေ့မေ့ပျောက်ပျောက်နှင့် ခိုအောင်း၍သာ နေခဲ့ရပြန်သည်။

ကျွန်တော်သည်လည်း အေးအေးဆေးဆေးပင် မဂ္ဂဇင်းသရုပ်ဖော် ပန်းချီများကိုသာလျှင် ရေးဆွဲလုပ်ကိုင်နေခဲ့သည်။ တစ်ဖက်တွင်လည်း ကမ္ဘာ့မော်ဒန်ပန်းချီများကိုသာလျှင် အငမ်းမရ အာသာပြင်းပြစွာနှင့် လေ့လာရင်း ရေးဆွဲကြည့်နေဖြစ်ခဲ့သည်။

ထိုအခါ ကျွန်တော်တို့၏ နိုင်ငံမှ ကဗျာစာအုပ်ဆိုလျှင်လည်း ကျောင်းလွယ်အိတ်ကလေးနှင့် ကုံကော်ပွင့်ကလေးကနှစ်ပွင့်၊ ဝတ္ထုစာအုပ်မျက်နှာဖုံးဆိုလျှင်လည်း ကောင်မကလေးနှင့် ကောင်ကလေးဆိုသည့် သိဝရီနှင့် ပုံသေလုပ်ကိုင်နေကြသည့်စာအုပ်တို့ကို သည်းမခံနိုင်တော့ဘဲ ဖြစ်၍ လာခဲ့သည်။ ဤကဲ့သို့သော စာအုပ်ပုံစံတို့ကို စာဖတ်ပရိသတ်တို့ ငြီးငွေ့နေကြသည်မှာ နှစ်ပေါင်းများစွာလည်း ကြာမြင့်၍ နေခဲ့ပြီ ဖြစ်သည်။ နောက်ပြီးတော့ ဤကဲ့သို့သော ကလေးအတွေးအခေါ်များနှင့် ကျွန်တော်တို့၏ အနာဂတ်နိုင်ငံတော်ကို မည်ကဲ့သို့ တိုးတက်အောင် တည်ဆောက်၍ ရကြပါမည်နည်း။

ကျွန်တော် သဘောပေါက် နားလည်လာခဲ့သည်မှာ ပန်းချီအနုပညာ စာပေတို့ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အသည်းနှလုံး၊ ထိုနိုင်ငံ၏ အသိဉာဏ်ပညာအတွေးအခေါ် ဦးနှောက်တို့သာလျှင် ဖြစ်ကြသည်။

ထိုအခါ ကျွန်တော်၏ စိတ်မှာ မခံမရပ်နိုင်ဖြစ်လာခဲ့၍ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီများကို မော်ဒန်ပန်းချီများနှင့် အတင်းအစားထိုး၍ ပြောင်းလဲခဲ့သည်။ ကျွန်တော် နှစ်ပေါင်းများစွာ သရုပ်ဖော်ရေးဆွဲနေခဲ့ရသည့် လွန်စွာပင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော စာပေအမျိုးအစားများကိုလည်း သည်းမခံနိုင်တော့။

ထိုအခါ ၎င်းတို့နှင့်မတူသော၊ ပုံစံသေမဟုတ်သော၊ အသက်ရှိသော၊ ထူးခြားသည့် အရသာရှိသော၊ အနှစ်သာရရှိသော၊ ရဲရင့်သောစိတ်ဓာတ်၊ လွတ်လပ်သောစိတ်ဓာတ်၊ လွတ်လပ်သော အတွေးအခေါ်၊ လွတ်လပ်သော ခံစားချက်တို့ ပါဝင်သော ကမ္ဘာ့အမျိုးအစားများကိုလည်း ကြိုးစား၍ ရေးသားကြည့်ကာ မဂ္ဂဇင်းများသို့ ပေးပို့ခဲ့ရာ တဖြည်းဖြည်းနှင့် မော်ဒန်၏အရသာကို တော်မွတ်ဆာလောင်နေကြသည့် မဂ္ဂဇင်းများကလည်း နှစ်သက်မြတ်နိုးစွာနှင့် ကြိုဆိုအားပေးထောက်ခံလာခဲ့ကြပါသည်။

ထိုကိစ္စမှာ ရှင်းပါသည်။ ရသေ့ဝတ်၍ တောတောင်ထဲတွင် ကျင့်ကြံအားထုတ်ပြီး စိတ်စွမ်းအင်နှင့် နိုင်ငံတော်ကြီးကို တိုးတက်အောင်လုပ်မှ ရမည်ဟူ၍ ယုံကြည်သူတို့ကလည်း ရသေ့ဝတ်နှင့် တောထွက်ပြီးလျှင် မလှုပ်မယှက်ထိုင်၍ စိတ်အလုပ်ကိုသာလျှင် လုပ်နေပေလိမ့်မည်။ နဂါးနီသီချင်းထဲကရှင်အဖ္ဖဂေါဏတို့လို ဗိုက်ကိုထိုးပြီး ခါတ်လုံးအောင်မှ ကယ်မမည်ဟု ယုံကြည်ကြသော ပုဂ္ဂိုလ်များမှာလည်း မိမိတို့၏ ဗိုက်ကိုသာလျှင် မီးတဝင်းဝင်းနှင့် ထိုး၍ နေကြပေလိမ့်မည်။

ယခု ကျွန်တော်သည်လည်း ပန်းချီနှင့် စာရေးခြင်း

အလုပ်တို့ကိုသာလျှင် လုပ်ကိုင်နေသည့်သူဖြစ်ရာ ကျွန်တော် ယုံကြည်သည့် ပန်းချီအနုပညာစာပေအလုပ်တို့နှင့်သာလျှင် ကျွန်တော် ချစ်မြတ်နိုးသော ကျွန်တော်၏ နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားအားထုတ် အလုပ်လုပ်ပါသည်။

ဤသို့ဖြင့် တချို့မဂ္ဂဇင်းတိုက်များကိုဆိုလျှင် ၎င်းတို့ ကျွန်တော်၏ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို မည်မျှ မြတ်နိုးစွာနှင့် အလိုရှိကြသည်ကို သိရှိလိုသည်က တစ်ကြောင်း၊ မိမိကိုယ်ကိုယ် မရေးမဖြစ် ရေးဖြစ်စေရန် အကျပ်ကိုင်သည့်အနေဖြင့် လည်းကောင်း၊ မိမိတွင် လိုအပ်နေသည့်ငွေကို အဆင်ပြေစေရန်အတွက် လည်းကောင်း၊ စာမူခဆိုလျှင်လည်း ၎င်းတို့သတ်မှတ်ထားသည်ထက် ပို၍တောင်းယူခဲ့ဖူးသည်။ ကျွန်တော့်အား ဤမျှအထိ ချစ်ခင်စွာ တန်ဖိုးထား အားပေးခဲ့ကြသည့် မဂ္ဂဇင်းတိုက်များကိုလည်း အထူးပင် ကျေးဇူးတင်မိပါသည်။

၁၉၈၇ ခုနှစ်လောက်တွင် ရနံ့သစ်မဂ္ဂဇင်းထွက်လာသော အခါ ကိုကျော်စိန်မင်းမှာ အယ်ဒီတာ ဖြစ်လာသည်။ ထိုအခါ ကျွန်တော်၏ထံမှ စာမူကို လိုချင်သည်။ ကျွန်တော့်ထံတွင် လည်း စာမူက အဆင်သင့်မရှိ။ ရေးပေးရန် စိတ်ကူးကလည်း အဆင်သင့် မရှိဖြစ်နေရာ မေ့နေသော 'ပတ်မကြီးအကြောင်း' ဝတ္ထုကို ရုတ်တရက် သတိရလိုက်မိသည်။

နောက်တစ်နေ့တွင် ထိုဝတ္ထုတိုကို ယူလာခဲ့၍ ကိုကျော်စိန်မင်းနှင့် တွေ့ပေးလိုက်သည်။ ကိုကျော်စိန်မင်းမှာ ဗန္ဓုလပန်းခြံကြီး၏ သံတိုင်ခြံစည်းရိုးအုတ်ခုံနံဘေးတွင် ထိုင်၍ ချက်ချင်း ဖတ်ရှုပြီး ကြိုက်တယ်ဗျာဟု ပြောကာ စာမူခငွေကိုလည်း

ချက်ချင်းပင် ထုတ်၍ပေးသည်။ ပန်းချီသရုပ်ဖော်ပုံကို အမှတ်တရဖြစ်စေရန် အစ်ကိုဗဂျီအောင်စိုးထံ အပ်ရန် ပြောပြတော့ ဝမ်းမြောက်ဝမ်းသာစွာဖြင့် သဘောတူ၍ အစ်ကိုထံ အပ်သည်။ အစ်ကိုအောင်စိုးကလည်း သရုပ်ဖော်ပန်းချီကို စိတ်တိုင်းကျ ဆေးရောင်စုံနှင့် ရေးဆွဲပေးခဲ့ပါသည်။

သို့ရာတွင် နောက်ပိုင်း၌ ကိုကျော်စိန်မင်းမှာ မဂ္ဂဇင်း အယ်ဒီတာအဖြစ်မှ နုတ်ထွက်သွားခဲ့၍ သူနှစ်သက်မြတ်နိုးသည့် ကျွန်တော်၏ ဝတ္ထုတိုစာမူကလေးကိုလည်း သူနှင့်အတူ သယ်ဆောင်သွားခဲ့ရာ သူ၏စာမူဖိုင်တွဲတွင် အချိန်အတော်ကြာ အိပ်ပျော်၍ နေခဲ့ရပြန်သည်။

နောက်ကာလတစ်ခုကြာတော့ ကျွန်တော် ပြန်လည်ရရှိခဲ့ပြန်ရာ 'ပတ်မကြီးအကြောင်း'ဆိုသည့် ဝတ္ထုအမည်ကို 'ကိုဆိုးပေ'ဟု အမည်ပြောင်းကာ 'ဟန်သစ်မဂ္ဂဇင်း'သို့ ပေးလိုက်သည်။ ဝတ္ထုသရုပ်ဖော်ပုံကိုလည်း ကျွန်တော်ကိုယ်တိုင် ရေးဆွဲပေးစေလို၍ ပတ်မကြီး၏ပုံကို စုတ်ချက်ကြီးများနှင့် အနက်တစ်ရောင်တည်း ရေးဆွဲပေးခဲ့၍ ၁၉၉၃ ခုနှစ်တွင် ဟန်သစ်မဂ္ဂဇင်းက ပုံနှိပ်ဖော်ပြပေးခဲ့ပါသည်။ ထို'ကိုဆိုးပေ'ဝတ္ထုတိုမှာ စာဖတ်ပရိသတ်၏ ရှေ့သို့ ရောက်ရှိလာရန် အလွန်ပူပြင်းလှသည့် သဲကန္တာရခရီးရှည်ကြီးတစ်ခုကို ဖြတ်သန်း၍ လာခဲ့ရသည့် ခရီးသည်တစ်ယောက်ကဲ့သို့ ၂၂ နှစ်မျှသော ခရီးကို ဖြတ်သန်းခဲ့ရပါသည်။

၁၉၉၅ ခုနှစ်တွင် ကျွန်တော် မဂ္ဂဇင်းလောကမှ အနားယူခဲ့ပါသည်။

၂၀၀၁ ခုနှစ်တွင် ဟန်သစ်မဂ္ဂဇင်းမှပင် 'ကိုဆိုးပေ' ဝတ္ထုတိုကို ပြန်လည်ဖော်ပြခြင်းအဖြစ် ဒုတိယအကြိမ် ပုံနှိပ်ဖော်ပြပေးခဲ့ပြန်ပါသည်။

'မှော်ဆရာ'ဝတ္ထုတို ဆိုလျှင်လည်း ၁၉၉၀ ပြည့်နှစ်ခန့် လောက်ကတည်းက ရေးဖြစ်ခဲ့သည်။ 'ကိုဆိုးပေ'ဝတ္ထုတိုကဲ့သို့ပင် ခရီးရှည်ကြီးတစ်ခုကို ဖြတ်သန်းခဲ့ရခြင်းသာလျှင် ဖြစ်သည်။ ၁၉၉၂ ခုနှစ်က 'ပင်လယ်မဂ္ဂဇင်း'သို့ ပေးခဲ့သည်။ ထိုဝတ္ထု၏ စာမူကိုလည်း ကျွန်တော် ရရှိခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် ပင်လယ်မဂ္ဂဇင်းမှာလည်း သမုဒ္ဒရာ၏ အတွင်း၌ပင် နစ်မြုပ်ပျောက်ကွယ်သွားခဲ့သည်။ ကျွန်တော်၏ မှော်ဆရာမှာလည်း သမုဒ္ဒရာအတွင်း၌ပင် နှစ်ပေါင်းများစွာကြာအောင် မျော၍နေခဲ့ရသည်။ ၂၀၀၁ ခုနှစ်တွင် 'လောကနတ်ပန်းချီခန်းမ'၌ ကျွန်တော်၏ တစ်ကိုယ်တော်ပန်းချီပြပွဲတစ်ခုကို ပြုလုပ်နေစဉ် 'ကိုနော်'(ဦးအောင်ဝင်း ကထိက–ဒဿနဌာန၊ မန္တလေး) ထံမှ စာတစ်စောင်နှင့်အတူ လူငယ်တစ်ဦး လာရောက်ပေးပို့သွား၍ ကျွန်တော်၏ 'မှော်ဆရာ'ဝတ္ထုကို ပြန်လည်ရရှိခဲ့ပြန်သည်။

၂၀၀၁ ခုနှစ်အတွင်း၌ပင် 'မိုး'ဂျာနယ်မဂ္ဂဇင်းတွင် 'မျိုးဆွေသန်း'က ထည့်သွင်းပုံနှိပ်ဖော်ပြပေးခဲ့၍ စာဖတ်ပရိသတ်ထံသို့ ရောက်ရှိခဲ့ရသည်။

'ဤကမ္ဘာ'ဝတ္ထုတိုကို ၁၉၈၇ ခုနှစ်တွင် ဆရာမကြီးဒေါ်ခင်ဆွေဦးက စံပယ်ဖြူမဂ္ဂဇင်းမှ ပုံနှိပ်ဖော်ပြပေးခဲ့သည်။ ၎င်းဝတ္ထုတိုနှင့် ပတ်သက်၍ 'မိုးမိုးအင်းလျား'က ကျွန်တော့်

အား ဒေါ်ခင်ဆွေဦး၏ အိမ်တွင် တွေ့ဆုံကြတော့ 'ကိုဒိုကို မကျေနပ်ဘူး၊ ကျွန်မတို့ ရေးရမည့် ဝတ္ထုကို ကိုဒီက ရေးသွားတယ်'ဟူ၍ ချစ်ခင်ရင်းနှီးစွာနှင့် ပြောခဲ့ဖူးသည်ကို သတိရမိသည်။

'သူငယ်တော်'ဝတ္ထုတိုကိုလည်း ၁၉၈၈ ခုနှစ်တွင် စံပယ်ဖြူမဂ္ဂဇင်းမှပင် ဖော်ပြပေးခဲ့သည်။ ထိုဝတ္ထုတို၏ ရှေ့တွင် ကျွန်တော်ကိုယ်တိုင် ရေးသားထားသည့် အမှာစာနှင့်အတူတကွ ဆရာမကြီးဒေါ်ခင်ဆွေဦးက ပုံနှိပ်ဖော်ပြပေးခဲ့သည်။

ထိုစဉ်က ကျွန်တော့်တွင် အနောက်တိုင်းမှ ခေတ်သစ်စာပေပုံသဏ္ဌာန်များနှင့် ဝတ္ထုတိုများကို ဆက်လက်၍ ရေးသွားရန် စိတ်ကူးအစီအစဉ်များ ရှိခဲ့သည်။ ထိုအကြောင်းကို အမှာစာ၌ ရေးထားသည်။

ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ မဟာဇနကဝတ္ထု၊ သုဝဏ္ဏသာမဝတ္ထု စသည်တို့ကိုလည်း ဆာရီယယ်လစ်ဇင်ဝတ္ထုအမျိုးအစားများကဲ့သို့ ခံစားနေရသည်။ ဦးပုည၊ ဆရာတော် ဦးဩဘာသ၊ ဆရာတော် ဦးပညာတိက္ခ စသည်တို့၏ ဝတ္ထုများမှာ ဗုဒ္ဓ၏ဖြစ်တော်စဉ် ဝတ္ထုများသာလျှင် ဖြစ်ကြ၍ ၎င်းတို့၏ ကိုယ်ပိုင်ဇာတ်လမ်း၊ ကိုယ်ပိုင်စိတ်ကူးဝတ္ထုများလည်း မဟုတ်ကြ။

ထိုအခါ ကျွန်တော်သည် မြန်မာ့ရှေးဆာရီယယ်လစ်ဝတ္ထုအမျိုးအစားတစ်ပုဒ်ကို ကိုယ်ပိုင်ဇာတ်လမ်း၊ ကိုယ်ပိုင်စိတ်ကူးနှင့် ရေးမည်။ မြန်မာ့ရေးနည်း ရေးဟန်နှင့်လည်း ဖြစ်ရမည်ဟု ကြံစည်စိတ်ကူးရှိ၍ 'သူငယ်တော်'ဝတ္ထုကို ရေးဖြစ်ခဲ့ပါသည်။

ကျွန်တော့်တွင် ခံစားချက်တစ်ခုကလည်း ရှိနေသည်။

ခုနှစ်ကို မမှတ်မိ။ ထိုစဉ်က ရုပ်ရှင်မင်းသား 'သုမောင်'မှာ ရုပ်ရှင်မင်းသားပင် မဖြစ်သေး၊ စာရေးဆရာလည်း မဖြစ်သေး၊ အဆိုတော်လည်း မဟုတ်သေး၊ 'စာသဘင် စာအုပ်တိုက်'စာအုပ် ထုတ်ဝေရေးကို လုပ်နေသည့်ကာလ။

ကျွန်တော့်အား 'ရွှေစကြာ'၏ 'စစ်ကိုင်းမင်းသား' စာအုပ်အတွက် မျက်နှာဖုံးပန်းချီရေးဆွဲပေးရန် အပ်နှံသည်။ သို့ဖြစ်ရာ ကျွန်တော်သည် ထိုစာအုပ်မျက်နှာဖုံးအတွက် လောကနတ် ပန်းချီဆိုင်ခန်းပိုင်နန်းတွင်း ပန်းချီဆရာကြီး 'ဆရာချို'၏ 'သိဒ္ဓတ္ထမင်းသား လေးပစ်ခန်း' ပန်းချီကားကြီးမှ မင်းသားတစ်ပါး ထိုင်နေဟန်ကို သဘောကျ၍ ကူးယူပြီး အနည်းငယ် ဖြည့်စွက် ပြင်ဆင်လျက် စစ်ကိုင်းမင်းသား၏ ပုံအဖြစ်နှင့် စာအုပ်မျက်နှာဖုံးပန်းချီကို ရေးဆွဲပေးခဲ့သည်။

ကျွန်တော့်တွင် အကျင့်တစ်ခုကလည်း ရှိသည်။ ဝတ္ထု စာအုပ်မျက်နှာဖုံးတစ်ခုကို ရေးဆွဲလျှင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီးမှ လုပ်တတ်သည့် အလေ့ရှိသည်။ နိုင်ငံတကာ တက္ကသိုလ်ကြီးများတွင် မြန်မာစာဌာနများရှိသည်။ မိမိရေးဆွဲ လိုက်သည့် မျက်နှာဖုံးနှင့် ဝတ္ထုစာအုပ်တစ်အုပ်ကို ထိုတက္ကသိုလ် ကြီးများသို့ ရောက်ရှိ၍ သွားခဲ့သော် အထင်သေး အမြင်သေး အဖြစ်မခံနိုင်၊ စစ်ကိုင်းမင်းသား ဝတ္ထုမှာလည်း မြန်မာ့ရာဇဝင် ဝတ္ထုကလည်း ဖြစ်၍ နေရာ ထိုစာအုပ်မျက်နှာဖုံးပန်းချီကိုလည်း မြန်မာပန်းချီစစ်စစ်နှင့်သာလျှင် ဖြစ်ရမည်ဆိုသည့် ခံယူချက်၊ ခံစားချက်များဖြင့် ထိုပုံကို ရေးဆွဲပေးခဲ့သည်။

'ကိုသုမောင်'မှာလည်း ဝမ်းသာလွန်း၍ ဆရာကြီး ရွှေ

စကြာ၏ နေအိမ်သို့ပင် အတူတကွ သွားရောက်ပြသခဲ့ကြသည်။ ထိုအခါ ဆရာကြီးရွှေစကြာမှာ ကျွန်တော်၏ ပန်းချီပုံကို တွေ့တော့ မခံမရပ်နိုင်ဖြစ်၍ 'ဟင်း ပြောင်စပ်စပ်နှင့်' ဟူ၍ ပြောဆိုကာ မှတ်ချက်ချပါသည်။ ကျွန်တော်တို့က နန်းတွင်းပန်းချီဆရာကြီး ဆရာချို၏ ပန်းချီကားကြီးမှ ကူးယူရေးဆွဲထားသည့် အကြောင်းများကို ရှင်းပြကြသည်။

သို့ရာတွင် ဆရာကြီးရွှေစကြာမှာ 'နန်းတွင်းပန်းချီဆရာကြီး ဆရာချို'၏ အမည်ကိုမျှလည်း မကြားဖူး၊ ဖွတ်အတင်းသာလျှင် ငြင်းပယ်၍နေခဲ့သည်။ ကိုသုမောင်မှာလည်း အတော်ပင် ခံစားလိုက်ရ၍ ထိုမျက်နှာဖုံး ပန်းချီနှင့်မှ ထုတ်ခွင့်မရလျှင် ၎င်းစာအုပ်ကိုလည်း မထုတ်တော့ ဟူ၍ ဆုံးဖြတ်ချက်ချကာ ပြန်၍လာခဲ့ကြပါသည်။

နောက်ပိုင်းတွင် ရှုမဝမဂ္ဂဇင်း အယ်ဒီတာများက ဖျန်ဖြေပေး၍ ဆရာကြီး 'ရွှေစကြာ'၏ 'စစ်ကိုင်းမင်းသား'ဝတ္ထုစာအုပ်မှာ ကျွန်တော်၏ ထိုမျက်နှာဖုံးပန်းချီနှင့်ပင် ထွက်ရှိလာခဲ့ပါသည်။

ဆရာကြီးမှာ အနောက်တိုင်း ပန်းချီရေးနည်းနှင့် ရေးဆွဲထားသည့် ဦးဘညာဏ်၊ ဦးငွေကိုင်တို့၏ ဗန္ဓုလမြင်းစီးနေသည့် ရုပ်ပုံများကိုသာလျှင် မြန်မာပန်းချီများဟူ၍ ထင်မြင်ယူဆနေမိပုံရပါသည်။ ၎င်း၏ စစ်ကိုင်းမင်းသားဝတ္ထုကို ဖတ်ကြည့်မိတော့လည်း အနောက်တိုင်း ရိုယယ်လစ်ဇင် စာရေးနည်းနှင့် ရေးသားထားသည့် မြန်မာရာဇဝင်ဝတ္ထုတစ်ပုဒ်သာလျှင်ဖြစ်နေကြောင်းကို တွေ့ရှိရသည်။ ၎င်းဆရာကြီးများကိုယ်တိုင်

ပင် မြန်မာစာပေ အရေးအသားနှင့် အနောက်တိုင်းစာပေ ရေးနည်းရေးဟန်တို့ကို ရောထွေး၍ နေကြပုံရပါသည်။

ဥပမာပြင် ဆရာမင်းသုဝဏ်၏ 'ဘကြီးအောင် ညာတယ်' ဝတ္ထုတိုမှာလည်း မြန်မာဝတ္ထုမဟုတ်၊ ပန်းချီဆရာကြီး 'ဦးဘညွန့်' 'ဦးငွေကိုင်'၊ 'ဦးစံဝင်း'တို့၏ ဥရောပ 'အင်ပရက်ရှင်နစ်ဇင်' ပန်းချီရေးဆွဲနည်းဖြင့် ရေးဆွဲထားသော ရှုခင်းတို့ရှုမျှော်ခင်း၊ ပန်းချီကားများကဲ့သို့ မြန်မာအကြောင်းအရာများကို ရေးသားသည့် 'ခေတ်စမ်းစာပေ' အမျိုးအစားများသာလျှင် ဖြစ်သည်ဟူ၍ ပြောလိုပါသည်။ ပြည်သူ့အတွက်ဆိုသော ဆိုရှယ်လစ်သရုပ်မှန်ဝတ္ထုများကိုတော့ မပြောလိုတော့ပါ။

ဤသို့ဖြင့် ယနေ့ခေတ်လူငယ်တို့၏ မြန်မာပန်းချီ မြန်မာစာပေတို့ကိုလည်း သရုပ်ပျက်ပန်းချီ၊ သရုပ်ပျက်စာပေများဟု စွပ်စွဲပြောဆိုကြပြန်လေသည်။ သို့ဖြစ်၍ ကျွန်တော်သည် ကိုယ်ပိုင်စိတ်ကူး၊ ကိုယ်ပိုင်ဇာတ်လမ်း၊ ရှေးမြန်မာဝတ္ထုရေးနည်းနှင့် ရှေးမြန်မာဆာရီယယ်လစ်ဇင်ပုံသဏ္ဌာန်ဖြင့် ရေးသားထားသည့် ကျွန်တော်၏ မေတ္တာဘွဲ့ 'သူငယ်တော်'ဝတ္ထုတို့ကို ရေးဖြစ်ခဲ့ပါသည်။

နောက်ပိုင်းတွင် အနောက်တိုင်းခေတ်သစ်ဆာရီယယ်လစ်ဇင် ပုံသဏ္ဌာန်နှင့် ကိုယ်ပိုင်ဝတ္ထုတိုတစ်ပုဒ်ကို ဆက်လက်၍ ရေးမည်ဟု စဉ်းစားထားသည်။ နောက်ပိုင်းတွင်လည်း ပန်းချီအစ်ဇင်များကဲ့သို့ အမျိုးမျိုးရေးကြည့်မည်ဟုလည်း ကြံစည်ထားသည်။ သို့ရာတွင် အခက်အခဲအမျိုးမျိုးတို့ဖြင့် ကျွန်တော် ဆက်၍ မရေးဖြစ်ခဲ့တော့။

'သချ်ာသစ်' ဝတ္ထုတိုကိုလည်း စံပယ်ဖြူမဂ္ဂဇင်းမှပင် ၁၉၈၈ ခုနှစ်၌ ဖော်ပြပေးခဲ့သည်။ ထိုအချိန်က အိန္ဒိယပြည်၌ 'အင်ဒီရာဂန္ဒီ' လုပ်ကြံခံခဲ့ရ၍ သားဖြစ်သူ 'ရာဂျစ်ဂန္ဒီ' ဝန်ကြီးချုပ်ဖြစ်လာသောအခါ သူ၏ ပထမ မိန့်ခွန်းတွင် အိန္ဒိယပြည်ကြီးမှာ နှစ်ပေါင်း ၃၀၀ နောက်ကျ ကျန်နေခဲ့သည့်အကြောင်း ပြောသည်ကို သတင်းစာများတွင် ဖတ်ရသည်။ ထိုအချိန်က ကျွန်တော်တို့၏ နိုင်ငံမှာလည်း သချ်ာဟောင်းစနစ်မှ သချ်ာသစ်စနစ်သို့ စတင်ကူးပြောင်းစ ကာလဖြစ်ရာ တစ်နိုင်ငံလုံးတွင် ရှေးအယူအစွဲများကို တရားသေ စွဲကိုင်ထားခဲ့ကြသည့် ကျောင်းဆရာကြီးများမှာ သဘောမပေါက် နားမလည် လက်မခံနိုင်ဖြစ်ကြ၍ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည့်ကာလ၊ အချို့ဆရာကြီးများဆိုလျှင် အလုပ်မှပင် ထွက်ခဲ့ကြသည်အထိ ဖြစ်ခဲ့သည်ကို သချ်ာဦးအောင်သောင်း၏ ဆောင်းပါးများတွင် ဖတ်ခဲ့ရဖူးသည်။

ကျွန်တော်၏ 'သချ်ာသစ်'ဝတ္ထုတိုကိုလည်း ဒေါက်တာခင်မောင်ဝင်းက သချ်ာသစ်ကို ဝတ္ထုဖြင့် ရေးပြထားသည်ကို တွေ့ရ၍ အတော်ပင် အံ့ဩမိသည့်အကြောင်း၊ ၎င်းဝတ္ထုမှာ သချ်ာသစ်အစစ်ဖြစ်သည့်အကြောင်း စသည်ဖြင့် မှတ်ချက်ချသည်ကို စာရေးဆရာ ဟိန်းလတ်က တစ်ဆင့်ပြောပြခဲ့ဖူး၍ ကြားသိခဲ့ရဖူးသည်။

'သူ့ပုံတူ'ဝတ္ထုတိုကိုလည်း စံပြဖြူမဂ္ဂဇင်းမှပင် ( ) ခုနှစ်က ဖော်ပြပေးခဲ့ပါသည်။ ရေ ဆေးအကြည်ပန်းချီကားတစ်ချပ်ကဲ့သို့ ရေးသားထားသည့် ဝတ္ထု တိုတစ်ပုဒ် ဖြစ်ပါသည်။ 'မော်လာဦးည' ဝတ္ထုတိုကိုတော့ မန္တလေးမှ ထုတ်ဝေသည့်

'ရွှေဝတ်ရည်' မဂ္ဂဇင်းမှ (   ) ခုနှစ်တွင် ဖော်ပြပေးခဲ့ပါသည်။ ၎င်းဝတ္ထုတိုမှာလည်း 'သူ့ပုံတူ'ကဲ့သို့ပင် ရေဆေးအကြည် ပန်းချီကားတစ်ချပ်သာလျှင် ဖြစ်သည်။

'သူ့နာမည်'မှာ တစ်မျက်နှာဝတ္ထုတိုသာလျှင် ဖြစ်သည်။ ပန်းချီဆရာများ (SKETCH) ရေးကြသကဲ့သို့ ရေးသားထားပါသည်။ (   ) ခုနှစ်က 'မဟေသီ'မဂ္ဂဇင်းမှ ဖော်ပြပေးခဲ့ပါသည်။

'သူ့ပုံတူ'၊ 'မင်္ဂလာဦးည'နှင့် 'သူ့နာမည်'စသည့်ဝတ္ထုတိုတို့မှာ ကျွန်တော်၏ပထမဇနီး ကွယ်လွန်သွားခဲ့သည်ကို သတိရ၍ အမှတ်တရဖြစ်စေရန် ပန်းချီရေးသကဲ့သို့ ရေးသားခဲ့သည့် ဝတ္ထုတိုများ ဖြစ်ပါသည်။ ထိုစဉ်က ဆက်လက်၍ တစ်ပုဒ်ချင်း ရေးသွားရန် အစီအစဉ်များလည်း ရှိခဲ့သည်။ ဘယ်နှပုဒ်ရမည်ကိုလည်းမသိ။ ပြီးဆုံးသွားသည့်အခါတွင် ပြန်၍ စုစည်းပြီးစဉ်လိုက်ပါက ဝတ္ထုရှည်ကြီးတစ်ပုဒ် ဖြစ်လာရမည်ဟူ၍ ကြံစည်စိတ်ကူးပြီး ရေးခဲ့သည်။ ပြီးဆုံးသွားသည်အထိ ဆက်၍ မရေးဖြစ်ခဲ့။

'ကျွန်တော်၏မိထွေး'ဝတ္ထုတိုကို ၁၉၉၅ ခုနှစ်၌ ရေးဖြစ်ခဲ့၍ ထိုနှစ်မှာပင် 'ဟန်သစ်'မဂ္ဂဇင်းက ဖော်ပြပေးခဲ့သည်။ ကျွန်တော်၏မိခင်မှာ ကျွန်တော် ကလေးဘဝ ကိုယ့်မစင်ကိုမျှပင် မသုတ်တတ်သေးသည့်အရွယ်က ကွယ်လွန်သွားခဲ့ရာ ကျွန်တော်၏ မိထွေးနှင့် အတူတကွ ကျွန်တော်တို့ နိုင်ငံတော်ကြီး၏ နိုင်ငံရေးလှိုင်းဂယက်များအကြား၌ မည်ကဲ့သို့ ကြီးပြင်းလာခဲ့သည်ကို ကျွန်တော်၏မိထွေး ကွယ်လွန်သွားတော့ သတိရ

လွှမ်းဆွတ်မိ၍ ရေးဖြစ်ခဲ့ပါသည်။

'မွေးရပ်မြေ'မှာ အက်ဆေးဖြစ်သည်။ တစ်ပုဒ်တည်းသာလျှင် ရေးဖြစ်သည်။ (   ) ခုနှစ်တွင် 'ရုပ်ရှင်တေးကဗျာ' မဂ္ဂဇင်းမှ ဖော်ပြပေးခဲ့သည်။ ကျွန်တော် ရေးဖြစ်ခဲ့သည့် ကဗျာများကို တစ်ဝက်ခန့်မျှသာ စုစည်း၍ AZစာပေမှ စာအုပ်ထုတ်ဖြစ်ခဲ့သည်။ ဆောင်းပါးများမှာ စုစည်းရရှိဖို့မလွယ်။ ယခု ဤစာအုပ်ဖြစ်မြောက်လာခဲ့ရသည်ပင် ကျွန်တော်၏ အစွမ်းအစ မဟုတ်။

လွန်ခဲ့သည့် သုံးလေးနှစ်ခန့်က 'ကိုမျိုးမြတ်သူ'မှ ကျွန်တော်၏ ဝတ္ထုတိုများကို စုစည်းထုတ်ဝေလိုကြောင်း ပြောခဲ့ဖူးသည်။ ကျွန်တော်၏ထံ၌ တစ်ပုဒ်မျှ လက်ခံက မရှိ။ ဝတ္ထုအရည်အတွက်မှာလည်း သိပ်ပြီး များများစားစားမရှိ။ စုစုပေါင်းမှ ၉ ပုဒ်မျှသာလျှင် ရှိသည်။ ဝတ္ထုအမည်များနှင့် ပုံနှိပ်ဖော်ပြပေးခဲ့ကြသည့် မဂ္ဂဇင်းများကိုတော့ မှတ်မိသည်။ သို့ရာတွင် ခုနှစ်သက္ကရာဇ်များနှင့် လတို့ကို မမှတ်မိ။ ရှာဖွေဖို့က သိပ်မလွယ်။

တစ်ခါ ကာလတစ်ခုသို့ ရောက်လာပြန်တော့လည်း 'ကိုမြင့်မိုးအောင်'က ကျွန်တော်၏ ဝတ္ထုတိုများကို စုစည်း၍ပုံနှိပ်ထုတ်ဝေလိုကြောင်း ပြောလာပြန်သည်။ ထိုအခါ ကျွန်တော့်မှာ မေးလို့မရတော့။ ကိုတင်မောင်ဝင်း(လေးကိုတင်)ကို တွေ့အောင် ရှာ၍ အကြိမ်ကြိမ် အကူအညီတောင်းခဲ့ရသည်။ ကိုတင်မောင်ဝင်းကလည်း စာကြည့်တိုက်ကြီးများသို့ အကြိမ်ကြိမ် သွားရောက်၍ [illegible] ရှာဖွေပြီး အကူအညီပေးခဲ့ ပါသည်။

သို့ဖြစ်၍ စုစည်းရရှိခဲ့သည့် ကျွန်တော်၏ ဝတ္ထုတိုစုစု ပေါင်း ၉ ပုဒ်တွင် တစ်ပုဒ်တည်းသာလျှင် ရေးဖြစ်ခဲ့သည့် 'မွေးရပ်မြေ'အက်ဆေးကိုပါ ထည့်သွင်း၍ 'ဤလူ့ရွာ' ဆောင်းပါးကိုပါ ထပ်ရေးပြီး 'ဤလူ့ရွာ'မှာ စာအုပ်တစ်အုပ်ဖြစ်မြောက် လာခဲ့ရပါသည်။

အားလုံးကို ကျေးဇူးတင် ချစ်ခင်စွာနှင့်...။

(၂၅ ရက်၊ နိုဝင်ဘာလ၊ ၂၀၀၁ ခုနှစ်)

ကျွန်တော်၏မိတ္တေး

ကျွန်တော်၏ မိတ္တေးမှာ ကျွန်တော်၏မိခင်ကဲ့သို့ပင် ယောသူဖြစ်ပါသည်။ ကျွန်တော်၏ မိခင်ကို အသားဖြူသည်၊ ညိုသည် တိတိကျကျ မမှတ်မိသော်လည်း ကျွန်တော်၏မိတ္တေးမှာ အသားဖြူပါသည်။ ရုပ်မှာလည်း အလွန်ချောပါသည်။ ကျွန်တော်၏ ဖခင်ကတော့ အသားမည်းသည်။ သို့ရာတွင် ကျွန်တော်၏မိတ္တေးမှာလည်း အရုပ်အမောင်းကောင်းသူဖြစ် ၍ ကျွန်တော်၏ဖခင်နှင့် အလွန်ပင် လိုက်ဖက်ပါသည်။

တစ်ခုတော့ ရှိသည်။ ကျွန်တော်၏ ဖခင်က မဟုတ်လျှင် မခံ။ စိတ်ကြီးသူတစ်ယောက်။ သတ္တိလည်း ကောင်းသည်။ ကျွန်တော်၏မိတ္တေးက ထိုကဲ့သို့ မဟုတ်။ မဟုတ်လျှင်လည်း ငြိမ်သာ ခံနေတတ်သည်။ သို့ရာတွင် ကျွန်တော်၏ မိတ္တေးသည် လောကဓံကိုတော့ ကြံ့ကြံ့ခံ၍ ရင်ဆိုင်ရဲသည့် သတ္တိရှိသည်။

သူဒေါသထွက်နေသည်ကိုလည်း ကျွန်တော် ထူးထူး

ခြားခြားကြီး မတွေ့ဖူး။ တစ်ပါးသူနှင့် ခွန်းကြီးခွန်းငယ်စကားများ ရန်ဖြစ်သည်ကိုလည်း တစ်ခါမျှ မမြင်ဖူး။ အလွန်လည်း နူးညံ့သိမ်မွေ့၍ ယဉ်ကျေးသူတစ်ဦးသာလျှင် ဖြစ်ပါသည်။

အလွန်လည်း ရှက်တတ်ပါသည်။ ကျွန်တော့်ဖခင်၏ အမည်ကိုလည်း တစ်ခါမျှ သူမခေါ်ဖူး။ သူ့ကိစ္စရှိလျှင် ကျွန်တော်တို့မှတစ်ဆင့်သာလျှင် "မင့်အဖေ"က၊ "မင်းတို့အဖေက" ဟူ၍သာ သုံးစွဲပြောဆိုတတ်ပါသည်။

သူရယ်လျှင်လည်း သူ၏သွားများ ပေါ်မည်ကို စိုးရိမ်တတ်သည်။ သူ၏ နှုတ်ခမ်းတွေကို အတင်း စေ့ပိတ်ထားရင်းနှင့် ရယ်တတ်ပါသည်။ ထိုအခါများတွင် သူ၏ မျက်လုံးအိမ်တို့မှာလည်း ကျဉ်းကျဉ်းကလေးတွေ ဖြစ်၍ သွားတတ်ပါသည်။

နောက်ပြီးတော့ ပုံပြင်တွေထဲက မိထွေးမျိုးမဟုတ်။ မိထွေး မကောင်းသည့် အကြောင်းများကို ရေးဖွဲ့ထားရစ်ခဲ့ကြသည့် ပုံပြင်တို့မှာ ကျွန်တော်တို့၏ မိထွေးနှင့် လုံးဝ မသက်ဆိုင်။ လုံးဝ မပတ်သက်။ ကျွန်တော်၏ မိထွေးမှာ အလွန်သဘောကောင်းသူတစ်ဦးသာလျှင် ဖြစ်သည်။

ကျွန်တော်သည် ကျွန်တော်၏ မိခင်အကြောင်းကို ကောင်းစွာ မသိရှိသော်လည်း ကျွန်တော့်မိထွေး၏အကြောင်းကိုတော့ ကောင်းစွာ သိရှိပါသည်။

ကျွန်တော့်မိထွေးမှာ ကျွန်တော့်အမေ၏ ညီမတစ်ဝမ်းကွဲတော်စပ်သူတစ်ဦးလည်း ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကာလ ဂျပန်ခေတ်တွင် ကျွန်တော်၏ အမေ ဆုံးသွားပြီး နောက်ပိုင်း ကျွန်တော်တို့၏ အဘွားက ကျွန်တော်တို့ကလေးများအတွက်

စိတ်ချရစေရန် ကျွန်တော်တို့၏ ဖခင်နှင့် ကျွန်တော်တို့၏ မိထွေးအား စီစဉ်ပေးခဲ့ခြင်း ဖြစ်သည် ဟူ၍လည်း သိရှိရဖူးသည်။

ဒုတိယကမ္ဘာစစ်ကို ကျွန်တော် ရေးတေးတေး မှတ်မိပါသည်။ ထိုစဉ်က ကျွန်တော်၏အသက်မှာ အတော်ပင်ငယ်လွန်းလှသေး၍ ဇဝေဇဝါ အိပ်မက်လိုလို ဖြစ်နေခြင်း ဖြစ်သည်။

ကျွန်တော်တို့ မြစ်ခြေမြို့ကလေး၏ အပေါ်သို့ လေယာဉ်ပျံတွေ အုပ်လိုက် အုပ်လိုက် ပျံသန်းလာကြ၍ ဗုံးတွေ ကြဲချသွားတာကို မှတ်မိသည်။ နောက် မီးခိုးလုံးကြီးတွေ အလိပ်လိုက် အလိပ်လိုက် မည်းတက်လာကြတာကို မှတ်မိသည်။

ထိုလေယာဉ်ပျံတွေ အုပ်လိုက် အုပ်လိုက် ပျံသန်းလာကြပြီဆိုလျှင် ကျွန်တော်တို့၏ မြစ်ခြေမြို့ကလေးပေါ်သို့ လင်းတငှက်ကြီးတွေ အုပ်လိုက် အုပ်လိုက် ပျံသန်းလာကြသည် ဟူ၍ ကျွန်တော် ခံစားရသည်။ နောက်ပြီးတော့ ထိုလေယာဉ်ပျံတွေ၏ အသံတွေကလည်း တဝီဝီနှင့် ခွေးအူသံတွေလို အသံရှည်ကြီးတွေနှင့် အော်မြည်၍ လာတတ်ကြသည်။

ထိုလေယာဉ်တို့၏ အော်မြည်သံကြီးများမှာ အလွန်လည်း ကျက်သရေမဲ့လှသည်။ အလွန်လည်း ကြောက်စရာကောင်းပါသည်။ အဝေးကြီးမှနေ၍ ၎င်းတို့ ပျံသန်းလာကြသည်များကို ကြားရပြီ ဆိုလျှင် မကြာမီ ကျယ်လောင်စွာ အော်မြည်၍ ကျွန်တော်တို့ ရွာ၏အပေါ်မှ ဖြတ်ကျော် ပျံသန်းသွားကြလေ့ရှိသည်။ ၎င်းတို့၏ နောက်ဘက်တွင် မီးခိုးတန်းတွေကလည်း အတန်းလိုက် တန်းနေရစ်လေ့ရှိသည်။

ထိုစဉ်က ကျွန်တော်တို့မှာ မြစ်ခြေမြို့ကလေး၏ အရှေ့ဘက်တွင် ရှိသည့် သရက်တောရွာကလေး၌ နေထိုင်ကြပါသည်။ မြစ်ခြေမြို့ကလေးနှင့် ကျွန်တော်တို့၏ သရက်တောရွာကလေးမှာ ပေတစ်ရာကျော်ကျော်ခန့်လောက်သာလျှင် ကျယ်သည့် ချောင်းငယ်ကလေးတစ်ခုသာလျှင် ခြားသည်။ ထိုချောင်းကလေး၏ အမည်ကိုလည်း ကျွန်တော်တို့ နေသည့် ရွာကို အစွဲပြု၍ သရက်တောချောင်းဟု ခေါ်ကြပါသည်။

ကျွန်တော်တို့အိမ်မှာလည်း ထိုချောင်း၏ အစပ် ရွာအဝင် ကုန်းမြင့်ပေါ်တွင် ရှိသည်။ အမိအဝင်ဝတွင် ရွှေဟသာ်ပွဲရုံ ဆိုသည့် ဆိုင်းဘုတ်ကြီး ရှိပါသည်။ အိမ်ခြံဝင်းကြီးမှာလည်း အတော်ပင် ကျယ်ဝနေး၍ အိမ်၏ မြောက်ဘက်ချိုင့်တွင် ဥယျာဉ် ရှိသည်။ မာလကာ၊ ရှောက်၊ သံပရာ စသည့် အပင်တွေ ရှိကြသည်။ နောက်ပြီး ညောင်ပင်ကြီးတစ်ပင်လည်း ရှိသည်။ အိမ်အဝင်၌လည်း ညောင်ပင်ကြီးနှစ်ပင် ရှိပါသည်။ နွေရာသီဆိုလျှင်လည်း ကျွန်တော်တို့၏ ခြံဝင်းကြီးထဲမှာ အေးစိမ့်လို့သာလျှင် နေလေ့ ရှိပါသည်။ ညောင်ရွက်ခတ်သံတွေကိုလည်း ကြား၍ နေရသည်။

ကျွန်တော်တို့၏ အိမ်အောက်တွင် ဗုံးခိုကျင်းကြီးတစ်ခုလည်း ရှိသည်။ ထိုအထဲတွင် သေနတ်တွေကို ဖွက်၍ထားပါသည်။ အဖေနှင့် သူ၏ သူငယ်ချင်းတွေ ထိုသေနတ်တွေကို မကြာမကြာ သွင်းလိုက် ထုတ်လိုက်နှင့် အလုပ်တွေ ရှုပ်နေတတ်ကြသည်။

မြစ်ခြေမြို့ကလေး အပေါ်သို့ လေယာဉ်ပျံတွေ အုပ်

လိုက် ပျံသန်းလာကြပြီး ဖုံးတွေ ကြဲချပြီဆိုလျှင် ချက်ချင်းပင် မီးတောက်တွေနှင့် မီးခိုးလုံးကြီးတွေ တက်လာကြသည်ကို ကျွန်တော်တို့ သရက်တောရွာကလေးမှ လှမ်း၍ မြင်နေရသည်။

နောက်ပြီး မကြာမီ ကျွန်တော်တို့၏ သရက်တောရွာ က လေပေါ်သို့လည်း ရောက်၍လာကြတော့မည်။ ထိုအခါ လူ ကြီးတွေမှာ ပျာယာခတ်နေကြ၍ ကပျာကယာ ကျွန်တော်တို့ ကို ပွေ့ချီကာ အိမ်အောက်မှ ဖုံးခိုကျင်းထဲသို့ ကြွက်တွေလို ပြေးဝင်၍ သွားကြရပါသည်။

နောက် လေယာဉ်ပျံအသံတွေ ရပ်စဲသွားကြပြီး စိတ်ချ ရလောက်ပြီ ဆိုမှ တစ်ဖန် ဖုံးခိုကျင်းထဲမှ အပြင်သို့ ပြန်၍ ထွက်လာကြရပြန်သည်။

ထိုအချိန်တွင် မြစ်ခြေမြို့ကလေးဆီ၌ မီးတွေ လောင် နေကြပြီကို တွေ့မြင်၍ နေကြရသည်။

နောက် ကျွန်တော်တို့ရွာ၏ အရှေ့ဘက် တစ်ဆက် တည်းတွင် ရှိသည့် ထန်းစဉ်ရွာနှင့် တောင်ဘက်မှ အင်းပိုင်းရွာ၏ အကြား ယာခင်းပြင်ကြီးထဲတွင် လေယာဉ်ပျံကြီးတစ်စင်း ပျက်ကျသွားသည်ကို ကြားသိကြရပါသည်။ ထိုလေယာဉ်ပျံ ကြီးကို ကျွန်တော်၏ အဖေနှင့် သူ၏ လုပ်ဖော်ကိုင်ဖက် တော် လှန်ရေးရဲဘော်တွေက ပစ်ချလိုက်ကြပုံ ရပါသည်။ လေယာဉ် ပေါ်မှ ရန်သူမှာလည်း သေဆုံးသွားပုံရပါသည်။

ကျွန်တော်၏ မိခင်ဖြစ်သူမှာလည်း ကျွန်တော်၏အောက် မှ ညီမလေးကို မွေးဖွားခဲ့ပြီး သွေးနုသားနုအချိန်၌ပင် လေယာဉ် ပျံအသံတွေ၊ ဖုံးပေါက်ကွဲသံတွေကြောင့် သွေးလန့်၍ သေဆုံး

သွားခဲ့ရသည်။

ထိုအချိန်က ကျွန်တော်၏ အသက်မှာ နှစ်နှစ်ခန့်လောက် သာလျှင် ရှိသေး၍ အမေ၏ အသုဘကို ကောင်းစွာ မမှတ် မိ။ ကျွန်တော် ဇဝေဇဝါဖြစ်၍ နေပါသည်။

ကျွန်တော်၏ အဖေ နောက်ထပ် အိမ်ထောင်ပြုတော့ လည်း ကျွန်တော်၏ အသက်မှာ အတော်ပင် ငယ်သေးသည်။ ကိုယ့်မစင်ကိုမျှပင် ကိုယ်တိုင် မသုတ်တတ်သေး။ ကျွန်တော် ၏ မိထွေးကပင် ကျွန်တော်နှင့် ညီမလေးတို့ကို ချေးပါ သေး ပေါက်က စ၍ သန့်စင်ပေးခဲ့ရသည်။

ထိုစဉ်က ကျွန်တော် အိပ်လျှင်လည်း ကျွန်တော်၏ ဖခင်နှင့် ကျွန်တော့်မိထွေးတို့၏ အကြား၌သာလျှင် အိပ်တတ် သည်။ သို့မှသာလျှင် နှစ်နှစ်ခြိုက်ခြိုက်နှင့် အိပ်လို့ရသည်။ တစ်ရေးနိုး၍ တခြားနေရာရောက်နေလျှင်လည်း ထ၍ ငိုတတ် သည်။ ကျွန်တော်၏ဖခင်နှင့် ကျွန်တော်၏မိထွေးတို့၏ အကြား၌ သာလျှင် နွေးနွေးထွေးထွေးနှင့် အိပ်လို့ပျော်သည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ ညီအစ်ကို မောင်နှမ တစ်တွေက ကျွန်တော်တို့၏ မိထွေးကို အားလုံးကပင် မိခင် အရင်းလို ချစ်ကြခြင်းလည်း ဖြစ်ပါသည်။ သို့ရာတွင် ဘာကြောင့် မှန်းမသိ ကျွန်တော်တို့က ကျွန်တော်တို့ မိထွေးကို အားလုံး ကပင် "မအောင်မေ"ဟူ၍သာလျှင် ခေါ်ကြသည်။ ကျွန်တော် ထင်သည်။ အိမ်နီးနားချင်း လူကြီးသူမတွေ ခေါ်ကြသည်ကို နားစွဲသွား၍ ကျွန်တော်တို့ကလည်း "မအောင်မေ"ဟူ၍ လိုက် ခေါ်ခဲ့ကြခြင်း ဖြစ်ပုံရပါသည်။

ကျွန်တော်တို့မှာ ပြင်လို့မရ။ အသက်ကြီးသည်အထိ ထိုအတိုင်းသာလျှင် ခေါ်ဝေါ်သုံးစွဲခဲ့ကြပါသည်။ နောက်ပိုင်းတွင် ထိုကဲ့သို့ "မအောင်မေ" ဟူ၍ ခေါ်ခြင်းသည် ကျွန်တော်တို့ တကယ်ချစ်၍ ခေါ်ခြင်း ဖြစ်သည် ဟူ၍လည်း ခံစားရသည်။ ကျွန်တော်တို့အဖို့ "မအောင်မေ" ဆိုသည့် အမည်သည် "အမေ"ဆိုသည့် ဝေါဟာရသာလျှင် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီး လွတ်လပ်ရေးရခါကာလ ဗိုလ်ချုပ်အောင်ဆန်းတို့ ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတော့ ကျွန်တော်တို့ ရွာမှ လူကြီးတွေ တစ်ရွာလုံး ငိုလို့ ငိုကြတာကို ကျွန်တော် မှတ်မိသည်။ ကျွန်တော်တို့ ကလေးတွေ ဘာမှန်းမသိကြသေးသော်လည်း လူကြီးတွေ ငိုကြသည်ကို တွေ့မြင်ရပြီး အလိုလို ဝမ်းနည်းလာကြ၍ လိုက်ငိုမိခဲ့ကြပါသည်။

နောက် မကြာမီ ရဲဘော်ဖြူနှင့် အလံနီတို့ တောခို၍ သွားခဲ့ကြပါသည်။ ကျွန်တော်၏ အဖေနှင့် နိုင်ငံရေး လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေလည်း တောခိုသွားကြရာ အိမ်နီးနားချင်းကျွန်တော်၏ ကစားဖော်ငယ် သူငယ်ချင်းတွေနှင့်လည်း ထိုအချိန်မှစ၍ ကွဲကွာခဲ့ရပါသည်။

ကျွန်တော်၏ ဖခင်မှာ တောခိုသွားကြသူများတွင် မပါ။ ကွန်မြူနစ်ဝါဒကို မယုံကြည်၍ တောမခိုခဲ့ခြင်းသာလျှင် ဖြစ်သည်ဟု ထင်မိသည်။ ကျွန်တော်တို့ အရွယ်မရောက်ကြသေးသည့် ကလေးငယ်များ၏ နောင်ရေးအတွက် ငဲ့ကွက်၍ တောမခိုခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။

သို့ရာတွင် ကျွန်တော်၏ ဖခင်ထံမှ ကွန်မြူနစ်ဝါဒ သဘောတရားများနှင့် ပတ်သက်၍ ပြောကြားခြင်းများကိုမူ တစ်ခါမှ တစ်လုံး တစ်ပါဒမှ မကြားခဲ့ရဖူးပါ။ သို့ဖြစ်၍လည်း "ကွန်မြူနစ်ဝါဒကို မယုံကြည်၍ တောမခိုခဲ့ခြင်းသာလျှင် ဖြစ်သည်ဟု ထင်ပါသည်"ဟူ၍ ပြောရခြင်းလည်း ဖြစ်သည်။

ထိုစဉ်က ပခုက္ကူခရိုင်သည် ဗကပတို့၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ အလွန်နာမည်ကြီးပါသည်။ ထိုစဉ်က သခင်သန်းထွန်းနှင့် သခင်စိုးတို့ကိုယ်တိုင်ပင်လျှင် ပခုက္ကူခရိုင် အတွင်း၌ပင် ရှိကြသည် ဟူ၍လည်း ကြားသိရဖူးသည်။ သို့ဖြစ်ရာ ၎င်းတို့၏ မြန်မာပြည် ကွန်မြူနစ်ပါတီနှင့် အလံနီပါတီတို့၏ ဌာနချုပ်မှာလည်း ပခုက္ကူခရိုင် အတွင်း၌ပင် ရှိကြပုံရသည်။ ထိုစဉ်က ပခုက္ကူခရိုင်အတွင်းမှ ရေစကြိုမြို့ဆိုလျှင်လည်း မော်စကိုမြို့ဟူ၍ပင် ခေါ်ဝေါ်သုံးစွဲပြောဆိုခဲ့ကြသည်ကို ကျွန်တော် ကြားဖူးသည်။

ပခုက္ကူခရိုင်တွင် နာမည်ကြီး သူပုန်ခေါင်းဆောင်များ ဖြစ်ကြသည့် ဗိုလ်ကြာလှိုင်နှင့် ဗိုလ်သန်းမောင်တို့မှာလည်း တောမခိုမီ၊ ကျွန်တော်တို့ နိုင်ငံလွတ်လပ်ရေးမရမီ တော်လှန်ရေးကာလက ကျွန်တော့်ဖခင်၏ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက် တစ်ရွာတည်းသား ငယ်သူငယ်ချင်း ရဲဘော်အပေါင်းအသင်းများသာလျှင် ဖြစ်ခဲ့ကြပါသည်။

ကျွန်တော်၏ ဖခင်မှာ အသက်ကြီး၍ ၎င်းတို့အားလုံးလိုလိုက နောင်ကြီးဟူ၍သာလျှင် ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ကျွန်တော်၏ ဖခင်ကမူကား ၎င်းတို့ကို ၎င်းတို့၏ နာမည်များ

အတိုင်းသာလျှင် သန်းမောင်၊ ကြာလှိုင် စသည်ဖြင့် ခေါ်ခေါ် သုံးစွဲခဲ့ပါသည်။

ကျွန်တော်၏ ဖခင်သည် သူ၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ တောခိုသွားကြပြီး နောက်ပိုင်းတွင် ဘာကြောင့်မှန်းမသိ။ ကျွန်တော့်ကို မွေးဖွားခဲ့သည့် သရက်တောရွာကလေးမှ မြစ်ခြေမြို့ကလေးသို့ ပြောင်းရွှေ့၍ သွားခဲ့ပါသည်။ ၎င်း၏ အပေါင်းအသင်း သူငယ်ချင်းများ မရှိကြတော့၍ဟု ထင်မိသည်။ ကျွန်တော့်မိခင် မရှိတော့၍ မနေချင်တော့တာလည်း ဖြစ်နိုင်ပါသည်။

နောက်ပိုင်းတွင် တောခိုသွားကြသည့် သူ၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များက ကျွန်တော်၏ ဖခင်အား ၎င်းတို့တောခိုသွားကြစဉ် မလိုက်ပါခဲ့၍ သိပ်မကျေနပ်ကြဟု ကြားသိရဖူးသည်။

နောက်ပိုင်းတွင် ကွန်မြူနစ် သောင်းကျန်းသူတွေက ကျွန်တော်တို့၏ မြစ်ခြေမြို့လေးကို ဝင်ရောက်၍ သိမ်းပိုက်ခဲ့ကြပါသည်။ ထိုစဉ်က ကျွန်တော်တို့ မြို့ကလေးကို ဝင်ရောက်၍ သိမ်းခဲ့ကြသည့် သောင်းကျန်းသူတပ်မှ ခေါင်းဆောင်မှာ ဗိုလ်ကြာလှိုင် ဖြစ်ခဲ့ပါသည်။ ၎င်းတို့မှာ ဆင်တပ်တွေနှင့် ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ရာ ကျွန်တော်တို့ ယခင် နေထိုင်ခဲ့ကြသည့် သရက်တော ရွာမှ အိမ်ဝင်းကြီးအတွင်းတွင် ဝင်ရောက်၍ တပ်စွဲနေထိုင်ခဲ့ကြ ပါသည်။

ထိုစဉ်က ဆင်အကောင်အရေအတွက်မှာလည်း အတော်ပင် များပါသည်။ ထိုဆင်ကြီးများကို ကျွန်တော်တို့ အိမ်ဝင်းကြီး

ထဲမှာ ညောင်ကြီးများနှင့် အိမ်ရှေ့ရှာအဝင် ညောင်ပင်ကြီးများ တို့၏အောက်၌ သံကြိုးကြီးများနှင့် ချည်၍ထားရာ ထိုဆင်ကြီးများက ကျွန်တော်တို့၏ ညောင်ပင်ကြီးများမှ အကိုင်းအခက် အလက်များကို ၎င်းတို့၏ နှာမောင်းကြီးများနှင့် ဆွဲ၍ ချိုးချကြသည်များကိုလည်း ကျွန်တော် ယနေ့တိုင်ပင် မြင်ယောင်မှတ်မိ၍ နေပါသေးသည်။

နောက်ပြီးတော့ တချို့ဆင်တွေ မုန်ယိုပြီး လွတ်သွားကြသည်များလည်း ရှိခဲ့ပါသည်။ ကျွန်တော်၏ ဘဝတွင် ဆင်ဆိုသည့် သတ္တဝါကြီးများကို ပထမဆုံးအကြိမ် စ၍ မြင်ဖူးခြင်းလည်း ဖြစ်ခဲ့ပါသည်။

ထိုအချိန်က ဗိုလ်ကြာလှိုင်သည် ကျွန်တော်၏ ဖခင်ကို သူ၏ရဲဘော်များအား အခေါ်လွှတ်လိုက်၍ ကျွန်တော်၏ ဖခင်မှာ လိုက်သွားရသည်။ ကျွန်တော်၏ မိထွေးမှာလည်း စိတ်ပူ၍ လိုက်သွားခဲ့ပါသည်။

ဗိုလ်ကြာလှိုင်ကို တွေ့တော့ ကျွန်တော၏ ဖခင်က "ဟေ့...ကြာလှိုင် မင်း ငါ့ကို ခေါ်တယ်ဆို ဘာကိစ္စရှိလို့လဲ" ဟူ၍မေးရာ မိထွေးမှာ လွန်စွာပင် ထိတ်လန့်စိုးရိမ်ခဲ့မိသည် ဟူ၍သိရပါသည်။ ထိုစဉ်က ကျွန်တော်၏ဖခင်အား ဗိုလ်ကြာလှိုင်က ခေါ်ခြင်းမှာ သတ်ရန်ဖြစ်သည် ဟူ၍လည်း ကျွန်တော်၏ မိထွေးက ကျွန်တော်တို့အား မကြာမကြာ ပြန်၍ ပြောပြခဲ့ဖူးပါသည်။

ထိုစဉ်က ဤကဲ့သို့ မကြောက်မရွံ့နှင့် ကျွန်တော်၏ ဖခင်က ဗိုလ်ကြာလှိုင်အား ပြောဆိုဆက်ဆံပုံများကို ပြန်၍

ပြောပြသည့်အခါများတွင် ကျွန်တော့်မိတွေး၏ မျက်နှာမှ
ကျွန်တော့်ဖခင်နှင့် ပတ်သက်၍ အံ့ဩခြင်း၊ စိုးရိမ်ခြင်း၊ ထိတ်
လန့်ခြင်း၊ ဂုဏ်ယူခြင်း၊ ဝမ်းမြောက်ခြင်းတို့နှင့် ပြည့်နှက်နေ
ကြသည်ကို တွေ့ရပါသည်။

ထိုအချိန်များတွင် သူ၏မျက်လုံးအိမ်များမှ မျက်ရည်
များမှာလည်း စီးကျလာတတ်ကြ၍ သူ၏ လက်ဖဝါးပြင်များ
နှင့် မျက်ရည်တွေကို သုတ်ရင်း ပြောနေတတ်သည်ကိုလည်း
တွေ့ရသည်။ ဤကဲ့သို့ ကျွန်တော်တို့အား ပြန်၍ ပြောပြသည့်
အကြိမ်တိုင်းလိုလိုမှာလည်း ဤအတိုင်းသာလျှင် သူ့ကို တွေ့
မြင်ရပါသည်။ သူ့တွင် ထို အဖြစ်အပျက်တို့မှာ မနေ့တစ်နေ့က
အဖြစ်အပျက်များဖြစ်သည် ဟူ၍ ထင် နေပုံရပါသည်။

ထိုအချိန်က ဗိုလ်ကြာလှိုင်သည် သရက်တောရွာတွင်
ရှိသည့် အိမ်ဝင်းကြီးကို သိမ်း၍ စိတ်ပိုင်းပြီး အခြားသူများအား
ဝေငှ၍ ပေးသွားခဲ့ပါသည်။

ကျွန်တော်တို့၏ နိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်း
ဖဆပလ အစိုးရ၏ လက်ထက်ရောက်လာသောအခါတွင်လည်း
ကျွန်တော်၏ဖခင်သည် ထိုအိမ်ဝင်းကြီးနှင့် ပတ်သက်၍ ပြန်လည်
ရယူဖို့ မကြိုးစား၊ ဗိုလ်ကြာလှိုင်၏ ဆန္ဒအတိုင်းသာလျှင် ဖြစ်
စေခဲ့ပါသည်။

ဖဆပလ အစိုးရ၏ လက်ထက်သို့ ရောက်လာပြန်သည့်
အခါကျတော့လည်း ကျွန်တော့်ဖခင်၏ ဘဝကံကြမ္မာမှာ ဆိုး
ပြန်သည်ဟူ၍ ပြောရပါမည်။ သူ၏ ဖက်ဆစ်တော်လှန်ရေး
ကာလက အတူတကွ လုပ်ကိုင်ခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်

ရဲဘော်အပေါင်းအသင်း သူငယ်ချင်းတို့မှာ တောထဲတွင် ရောက်နေကြသည် ဖြစ်ရာ ဖဆပလ အစိုးရ၏ သက်ဘမကင်းခြင်းကို ခံရပြန်သည်။

ထိုအချိန်မှာလည်း ကျွန်တော်တို့က အရွယ်မရောက်ကြသေး။ ကျွန်တော်၏ မိထွေးမှာလည်း သမီးတစ်ယောက်နှင့် သားတစ်ယောက်ကို မွေးဖွားပြီးစ အရွယ်။ ကျွန်တော်၏ဖခင်မှာ သားသမီး ခုနစ်ယောက်၏ အနာဂတ်အတွက် စီးပွားရေးလုပ်ငန်းများကို ကြိုးစားရှာဖွေနေသည့် ကာလဖြစ်သည်။

သူပိုင် အညာလှေကြီးနှင့် အောက်ပြည် အောက်ရွာများသို့ ကုန်ကူးသန်းသွားလာ ရောင်းဝယ်နေသည့် ကာလဖြစ်သည်။ ဟင်္သာတ၊ ညောင်တုန်း၊ မအူပင်၊ ဝါးခယ်မ၊ မြောင်းမြစသည့် မြို့ကြီးများ၏ အမည်များကို ကျွန်တော်ငယ်စဉ်ကလေးဘဝကတည်းက ကြားဖူးသည်။

ထိုမြို့များမှာ ကျွန်တော်၏ဖခင် သူ၏ အညာလှေကြီးနှင့် မကြာမကြာ ဧရာဝတီမြစ်အတွင်း စုန်ချည်တစ်ခါ၊ ဆန်ချည်တစ်လှည့်နှင့် သွားလာ ကူးသန်း ရောင်းဝယ်နေခဲ့သည့် မြို့များသာ ဖြစ်ခဲ့ကြသည်။

တစ်ခါတစ်ရံ ဓားပြအတိုက်ခံရတတ်သည်။ တစ်ခါကဆိုလျှင် ကျွန်တော်၏ဖခင်ခမျာ ကျောပြင်တွင် ဓားပြတွေ၏ ဓားပြားနှင့် ရိုက်လွှတ်လိုက်ခြင်းကို ခံခဲ့ရဖူးသည်။ ထိုစဉ်က ကျွန်တော်၏ ဖခင်၏ ကျောပြင်မှ ဓားပြား ဒဏ်ရာများကို ကျွန်တော်တို့ တွေ့မြင်ခဲ့ရဖူးသည်။ ဝမ်းလျားမှောက်ခိုင်းထား၍ ဓားပြများက ဓားပြားနှင့် ရိုက်လွှတ်လိုက်ခြင်း ဖြစ်သည်ဟု၍

သိရှိခဲ့ရဖူးသည်။

စားသွားနှင့် အခုတ်မခံခဲ့ရခြင်းပင်လျှင် တော်ပေသေးသည် ဟူ၍ ပြောရပါမည်။ တစ်ခုတော့ ရှိသည်။ ထိုခေတ် ထိုအခါက စားပြများမှာ သစ္စာတော့ ရှိကြသည်။ လူတစ်ယောက် အသက်ကို အကြောင်းမဲ့ သတ်ပစ်သည့် ဓလေ့တော့ မရှိကြ ဟူ၍ ကြားသိရဖူးသည်။

ကျွန်တော့်ဖခင်၏ စီးပွားရေး ကြိုးစား အားထုတ်မှုများမှာလည်း တိုးတက်သင့်သလောက် တိုးတက်ပါသည်။ အညာလှေကြီးသုံးစင်း အထိပင် ပိုင်ဆိုင်ခဲ့သည်။

ထိုအချိန်တွင် ကျွန်တော့်ဖခင်၏ စီးပွား တိုးတက်မှုကို မနာလိုမရှုဆိတ်နိုင် ဖြစ်နေကြသည့် လူတချို့၏ အကောက်ကြံမှုကို ကျွန်တော်၏ ဖခင်ခံရရှာသည်။ သောင်းကျန်းသူနှင့် ဆက်သွယ်သည်ဆိုကာ အစိုးရက ကျွန်တော်၏ ဖခင်အား ပုဒ်မ ၅ နှင့် ဖမ်းဆီးသွားခြင်းကို ခံခဲ့ရရှာပါသည်။

ကျွန်တော်၏ ဖခင်ကို သောင်းကျန်းသူတို့၏ နယ်မြေဖြစ်သည့် ရေစကြိုသို့ သွားသည်ဆိုကာ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ အမှန်မှာ ကျွန်တော်၏ ဖခင်သည် အောက်ပြည်အောက်ရွာမှ ဆန်တက်၍လာမည့် သူ၏အညာလှေကြီးများကို သွားရောက်၍ ကြိုဆိုခြင်းမျှသာ ဖြစ်ခဲ့သည်။ ကျွန်တော်၏ဖခင်မှာ ထောင်သုံးနှစ်အချခံခဲ့ရသည်။

ထိုစဉ်က ကျွန်တော်၏ မိထွေးမှာ အရွယ်မရောက်ကြသေးသည့် ကျွန်တော်တို့ ညီအစ်ကို မောင်နမငါးယောက်နှင့် သူမွေးထားသည့် သားသမီးများ စုစုပေါင်း ကလေးခုနစ်ယောက်

တို့နှင့် လုံးချာလည်၍ ကျန်ရစ်ခဲ့သည်။ ပခုက္ကူထောင်ကြီးတွင် ထောင်ကျခံနေရသည့် ကျွန်တော်၏ ဖခင်ထံသို့လည်း မကြာမကြာ ထောင်ဝင်စာ သွား၍ တွေ့ရရှာသည်။

ကျွန်တော်၏ အဖေမရှိတော့ သူ၏ အညာလှေကြီး သုံးစင်းတို့မှာလည်း ကုန်းပေါ်တွင် လွှန်းတင်၍ ထားရသည်။ နောက်ပိုင်းတွင် ထိုအညာလှေကြီး သုံးစင်းတို့မှာလည်း မလိုသူတို့၏ မီးတင်ရှို့ခြင်းကို ခံရပါသည်။

ကျွန်တော်၏ ဖခင် ရှာဖွေ စုဆောင်းထားရစ်ခဲ့သော စီးပွား ဥစ္စာတို့မှာလည်း ကျွန်တော်တို့ ကလေးခုနစ်ယောက်နှင့် လုံးချာလည်နေသည့် ကျွန်တော်တို့၏ မိထွေးမှာ ဘာမျှလုပ်၍ ကိုင်၍မရ။ အဖေ အဖမ်းခံနေရသည့် သုံးနှစ်တာကာလအတွင်းတွင် ထုခွဲပေါင်နှံရောင်းချ၍ စားသောက်နေရသည်ဖြစ်ရာ အားလုံးလိုလိုပင် ကုန်ဆုံး၍ သွားခဲ့ပါသည်။

နောက် ကျွန်တော်၏ ဖခင်မှာ ထောင်က လွတ်လာတော့ သုညမှ ပြန်၍ စရရှာပါသည်။ ကျွန်တော်၏ ဖခင်မှာ ဈေးနားတွင် တဲကလေးတစ်လုံး ထိုး၍ ဘယ်အချိန် ဘယ်ကာလက သင်ကြားတတ်မြောက်ထားခဲ့သည် မသိရသော ဆံပင်ညှပ် ပညာကလေးနှင့် လုပ်ကိုင်၍ ကျွန်တော်တို့ မိသားစုအား လူလားမြောက်အောင် ရှာဖွေ ကျွေးမွေးခဲ့ရှာပါသည်။ ထိုဆံပင်ညှပ်ပညာကို ကျွန်တော်၏ အဖေ ထောင်ထဲမှ တတ်မြောက်သင်ကြားလာခဲ့ခြင်း ဖြစ်သည်ဟူ၍ ထင်မိသည်။ ထိုပညာရပ်ကို ကျွန်တော်၏ အထက်မှ အစ်ကို ဖြစ်သူအား အမွေအဖြစ် သင်ကြားပေးခဲ့ပါသည်။

ထိုကာလတွင်ပင် ကျွန်တော်၏ မိထွေး မွေးထားသည့် ညီကလေး ခင်မောင်ဝင်းမှာ မကျန်းမမာ ဖြစ်၍ သေဆုံးသွားခဲ့ရရှာပါသည်။ ကျွန်တော်၏ ညီလေးမှာ လူ့လောကတွင် သုံးနှစ်ကျော်ခန့်လောက်သာလျှင် နေထိုင်၍ သွားခဲ့ရရှာပါသည်။

ကျွန်တော်၏ ဖခင်နှင့် ကျွန်တော်၏ မိထွေးတို့မှာ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတစ်တွေအား ဘာမျှ မလုပ်မခိုင်းခဲ့ပါ။ နောက်ဆုံး ကျွန်တော်တို့အား ရေကိုမျှပင် အခပ်မခိုင်းခဲ့ပါ။

ညီအစ်ကိုမောင်နှမအချင်းချင်း ရန်ဖြစ်ကြလျှင် အဖေက ရိုက်တတ်သော်လည်း ကျွန်တော်တို့၏ မိထွေးကမူကား ကျွန်တော်တို့အား တစ်ခါမျှလည်း မရိုက်ခဲ့ဖူးပါ။ ကျွန်တော်တို့၏ အဖေက ကျွန်တော်တို့အား ရိုက်လျှင်လည်း ကျွန်တော်တို့၏ မိထွေးက မကြိုက်ပါ။

ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်တွေကို ငယ်စဉ်ကပင် အမေမရှိရှာကြသူများ ဖြစ်ခဲ့ကြရ၍ အထူးအလိုလိုက်ထားခဲ့ဟန် တူပါသည်။

နောက် ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ကို ရှင်ပြုပေး၍ ကျွန်တော်တို့၏အဖေ ဆောက်လုပ်လှူဒါန်းခဲ့သည့်မစ္ဆိမာရာမကျောင်းကြီး၌ သင်္ကန်းဝတ်၍ နေထိုင်ခဲ့ကြရပါသည်။ ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ ဦးဉာဏဖြစ်ပါသည်။ ပထမဆရာတော်ကြီး၏ ဘွဲ့အမည်မှာ ဦးဖေ်တ ဖြစ်သည် ဟူ၍ သိရှိရပါသည်။ ကျွန်တော်တို့ မမြင်ဖူးလိုက်ပါ။ ထိုဆရာတော်ကြီး၏ လက်ထက်၌ ကျွန်တော်၏ ဖခင်မှာလည်း သင်္ကန်းဝတ်

၍ ပညာသင်ကြားခဲ့ရဖူးပါသည်။

ကျွန်တော်တို့ ပညာသင်ကြားခဲ့ရစဉ်က လူသေခေါင်းပျဉ်ချပ်ကြီးများနှင့် ပြုလုပ်ထားသော ပျဉ်ပြားသင်ပုန်းကြီးများပေါ်တွင် ကကြီး ခကွေးမှ စ၍ ရေးသားသင်ယူခဲ့ကြရသည်။

ထိုပျဉ်ချပ်မှာ ကျွန်တော်တို့အဘိုး သေဆုံးသွားခဲ့စဉ်က အလောင်းထည့်၍ အသုံးပြုခဲ့သည့် ခေါင်းပျဉ်ချပ်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် အဘွားအတွက် အသုံးပြုခဲ့သည့် ခေါင်းပျဉ်ချပ်လည်း ဖြစ်နိုင်သည်။

ကျွန်တော်တို့ အညာကျေးရွာများ၏ ထိုခေတ်ထိုအခါက လေ့ထုံးစံမှာ လူတစ်ဦးတစ်ယောက် သေဆုံး၍ သွားလျှင် သုသာန်မှ ထိုသေဆုံးသွားသူ၏ အလောင်းထည့်သည့် ခေါင်းပျဉ်ချပ်ကြီးများကို ဘုန်းတော်ကြီးကျောင်းများသို့ ပြန်လည်ယူဆောင်သွားပြီး ဘုန်းကြီးကျောင်းဝင်းကျယ်ကြီး၏အတွင်း ထောင့်တစ်ထောင့်တွင်ရှိသည့် လေးတိုင်စင်ကြီးတစ်ခုပေါ်သို့ တင်၍ နေ၊ မိုး၊ ဆောင်း ပစ်ထားတတ်ကြသည်။

ထိုအခါ ခုနစ်ရက် ခုနစ်လီထည့်၍ ထားသည့် လူသေအလောင်းကောင်၏ အရိအရွဲတို့မှာလည်း စင်ကြယ်သွားပြီးလိုအပ်သည့်အခါကျမှ ထိုပျဉ်ချပ်ကို ယူဆောင်ကာ တစ်တောင်ကျော် တစ်ထောင့်ထွာခန့်လောက်စီ ဖြတ်၍ စာသင်ပုန်းပြုလုပ်အသုံးပြုကြခြင်း ဖြစ်သည်။ ထိပ်ဘက်တွင် ဆန္ဒင်းမကင်းပုံတစ်ခု ပြုလုပ်ထား၍ အပေါက်တစ်ခု ဖောက်ထားသည်။ ၎င်းကို စာသင်ပုန်းခေါင်း ဟူ၍ ခေါ်ပါသည်။

ထိုခေါင်းပျဉ်ချပ်များမှာ များသောအားဖြင့် လက်ပံသား

ကိုသာလျှင် အသုံးပြုလေ့ရှိရာ အလွန်လည်း ပေါ့ပါးပါသည်။ ထိုဖျဉ်ချပ်ပေါ်တွင် မီးသွေးခဲနှင့် ထမင်းရည်ကို သုတ်လိမ်းပြီး ခြောက်သွေ့စေရန် နေပူလှမ်းရသည်။ နောက်ကံ့ကူဆံနှင့်စာ ရေးသားရပါသည်။

ထို့ကြောင့် မိမိအား ပထမဦးဆုံးစ၍ ပညာသင်ကြားပေး ခဲ့သည့် ဆရာကို ကံ့ကူလက်လှည့်ဆရာ ဟူ၍ ရှေးက ခေါ်ဝေါ် သုံးစွဲခဲ့ကြခြင်း ဖြစ်ပုံရပါသည်။

ကကြီးခကွေးနှင့် ဗျည်းသရ အားလုံးစုံသွားလျှင် မြန်မာ စာကို ရေးတတ် ဖတ်တတ်ပြီဖြစ်ပါသည်။ ၎င်းကို သင်ပုန်းကြီး ကုန်သွားပြီဟူ၍ ခေါ်ဝေါ်သုံးစွဲကြပါသည်။ နောက်ပရိတ်ကြီး သင်ကြရသည်။

ကျွန်တော် ဘုန်းကြီးကျောင်းတွင် ပရိတ်ကြီးကုန်တော့ ကျွန်တော်တို့၏ဖခင်က ဘုန်းကြီးကျောင်းမှ နုတ်၍ အထက်တန်း ကျောင်းသို့ ပြောင်းရွှေ့ထား ပြန်ပါသည်။

ကျွန်တော် ပထမဦးဆုံး အတန်းစာ သင်ယူရသည့် အတန်းကျောင်းမှာ ကျွန်တော့်ကို မွေးဖွားခဲ့သည့် သရက်တော ရွာကလေးမှ ဆရာထွန်း၏ ကျောင်းတွင် ဖြစ်ပါသည်။ ထိုဆရာ ကြီး၏ ရုပ်လက္ခဏာမှာ အသားအနည်းငယ် ဖြူ၍ အရပ်မြင့် မြင့် သေးသေးသွယ်သွယ် ပိန်ပိန်ပါးပါးပင် ဖြစ်သော်လည်း သျှောင်တစောင်းနှင့် ဖြစ်ရာ အလွန်ကျက်သရေရှိ၍ ခံ့ညားပါ သည်။

ကျွန်တော်၏ မိထွေးမှာ မူလက စာမတတ်ပါ။ နောက် ကျွန်တော်၏ ဖခင်က သူကိုယ်တိုင် စာသင်ပေးပါသည်။ ဉာဏ်

အလွန်ကောင်းသူဖြစ်၍ မကြာခင် တတ်မြောက်သွားခဲ့ပါသည်။ စာတတ်ချင်သည့် စိတ်ဓာတ်ရှိသူ ဖြစ်၍ ဤသို့ မြန်မြန်ဆန်ဆန် စာဖတ်တတ်သွားခြင်းလည်း ဖြစ်နိုင်ပါသည်။

သူစာဖတ်လျှင် အသံထွက်၍ စာလုံးပေါင်းပြီးမှ ဖတ်ပါသည်။ သူစာဖတ်သည့်အသံမှာ အလွန်နားထောင်၍ ကောင်းပါသည်။ သူ မဖတ်တတ်ဘဲဖြစ်နေသည့် နေရာသို့ ရောက်လျှင် ကျွန်တော်တို့က ပြောပြ၍ ဆရာကြီး လုပ်ကြရပါသည်။

နောက်ပိုင်းတွင် ကျွန်တော်၏ မိထွေးမှာလည်း မြန်မာစာကို ကျွမ်းကျင်စွာ ဖတ်တတ်သွားခဲ့၍ ကျွန်တော်တို့ သင်ကြားကြရသည့် ကျောင်းစာအုပ်များမှအစ တွေ့သမျှ စာအုပ်အားလုံးလိုလိုတို့ကို ဖတ်ပါသည်။ သူ အားလပ်သည့်အချိန်များတွင် အိမ်လည်သည့် အလေ့အကျင့်လည်း မရှိ။ ထိုစဉ်က ကျွန်တော်တို့၏ မြို့ကလေးသို့ ရောက်ရှိလာခဲ့သည့် နဂါးနီအသင်းထုတ် စာအုပ်များနှင့် စာပေဗိမာန်ထုတ် လူတစ်လုံးသူတစ်လုံးစာအုပ်မှအစ အားလုံးလိုလိုတို့ကိုသာ ဖတ်၍ နေတတ်ပါသည်။

လသာသည့် ညများဆိုလျှင် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ကျွန်တော်တို့အား ပုံပြင်တွေကိုလည်း ပြောပြတတ်ပါသည်။ ကျွန်တော်တို့ ကြားဖူးကြသည့် ရွှေယုန်နှင့်ရွှေကျားပုံပြင် ပညာရှိ ဇီးကွက်ကြီးအကြောင်းနှင့် မကောင်းသည့် မိထွေးအကြောင်း ပုံပြင်တို့မှာလည်း ကျွန်တော်တို့၏ မိထွေးက ပြောပြ၍ သိခဲ့ကြရသည့် ပုံပြင်များသာလျှင် ဖြစ်ခဲ့ကြပါသည်။

သူသည် ကျွန်တော်တို့အား ပညာတတ်ကြီးတွေ ဖြစ်စေလိုသည်။ အိမ်အလုပ်ဆို၍လည်း ဘာမှမခိုင်း၊ ကျွန်တော်တို့

ကျောင်းစာတွေကို အော်၍ ဖတ်နေကြပြီဆိုလျှင် သူပျော်၍ နေတတ်သည်။ ကျွန်တော်တို့ စာမေးပွဲတွေ အောင်ကြသည့်နှစ် ထိုနေ့ဆိုလျှင် သူ အထူးပျော်ရွှင်သည့် နေ့များသာလျှင် ဖြစ်ခဲ့ပါသည်။

သို့ရာတွင် ကျွန်တော်တို့မှာ သူဖြစ်စေချင်သလို ဘွဲ့ရပညာတတ်တွေ ဖြစ်၍ မလာခဲ့ကြ။ ကျွန်တော်ဆိုလျှင် မက်ထရစ်စာမေးပွဲကို ဖြေဆိုပြီးသည့်နှစ်တွင် ကျွန်တော် ဝါသနာပါရာ ပန်းချီပညာကိုသာလျှင် ရွေးချယ်ခဲ့၍ ၁၉၆၀ ပြည့်နှစ်တွင် ကျွန်တော်တို့ အလွန်ချစ်သော ကျွန်တော်တို့၏ မိထွေးနှင့် ကျွန်တော် အလွန်ချစ်သော ကျွန်တော်၏ ရွာကလေးကို ခွဲခွာခဲ့ပါသည်။

ကျွန်တော် ဖ.ဆ.ပ.လ သန့်ရှင်းအစိုးရ၏ လက်ထက်တွင် မန္တလေးမြို့သို့ ရောက်ရှိခဲ့၍ တော်လှန်ရေးအစိုးရ၏ လက်ထက် ပြည်သူပိုင်သိမ်းသည့်နှစ်တွင် ရန်ကုန်မြို့ကြီးသို့ ရောက်ရှိခဲ့ပြီး ကျွန်တော်ဝါသနာပါသော စာနယ်ဇင်း ပန်းချီလုပ်ငန်းတို့ကို ရေးဆွဲလုပ်ကိုင် နေထိုင်ခဲ့ပါသည်။

ကျွန်တော် အိမ်ထောင်ကျ၍ ပထမသားဦးရတော့ ရန်ကုန်မြို့ကြီးတွင် အသည်းအသန်မကျန်းမမာ ဖြစ်ပါသည်။ ၎င်းသတင်းကို ရွာမှ ကျွန်တော်၏ ဖခင်ကြားတော့ 'ဒီကောင်ကို ရန်ကုန်မှာ အသေမခံနိုင်ဘူး၊ ရွာမှာပဲ အံ့သေခံမယ်၊ သွားခေါ်ချည်ကြ' ဟူ၍ ပြောပြီး ကျွန်တော်၏ အစ်မအကြီးဆုံးနှင့် ကျွန်တော်၏ အစ်ကိုနှစ်ယောက်နှင့် ကျွန်တော်၏ မိထွေးမှ မွေးသည့် ကျွန်တော်၏ ညီလေးတို့ကို အခေါ်လွှတ်လိုက်ပါသည်။

ကျွန်တော်တို့ လင်မယားနှင့် မွေးကင်းစ သားငယ်တို့မှာလည်း ရွာသို့ ရောက်ရှိ၍ သွားခဲ့ပါသည်။ ကျွန်တော့်မှာ ကျွန်တော်၏ဖခင် ကျွန်တော်၏မိထွေးနှင့် ကျွန်တော်၏ ရွာကလေးကို တွေ့မြင်ရတော့ ပြန်လည်၍ နေကောင်းသွားခဲ့ပါသည်။

ကျွန်တော်၏ မိထွေးမှာ ကျွန်တော့်ကို ချစ်သကဲ့သို့ပင် ကျွန်တော်၏ ဇနီးနှင့် ကျွန်တော်၏သားကိုလည်း လွန်စွာချစ်သည်ကို တွေ့ရသည်။ ကျွန်တော်၏ သားဆိုလျှင်လည်း သူ့လက်ပေါ်ကမချ။

နောက် ကျွန်တော်၏ ဖခင်က သူ့မြေးကို ယူ၍ မွေ့ထားပြန်သည်။ ထိုအခါ ကျွန်တော်၏သားက သူ့အဘ၏အပေါ်တွင် ချေးတွေ ပါချတော့ ကျွန်တော်၏ မိထွေးမှာ သဘောတွေကျ၍ ရယ်ပါသည်။

နောက် ကျွန်တော်၏ မိထွေးက ကလေးကို ပြန်ယူ၍ ကျွန်တော်ငယ်စဉ်ကကဲ့သို့ပင် ကျွန်တော်၏သားကိုလည်း သန့်စင်၍ ပေးရပြန်ပါသည်။ ကလေး၏ ဝမ်းအရောင်ကို သေချာစွာကြည့်ရှု၍ ကလေး၏ ဝမ်းအခြေအနေကိုလည်း အကဲခတ်ပြောဆိုနေပြန်ပါသည်။ နောက်ပြီးတော့ ကလေးကိုချစ်ရင် သူ့ရဲ့ချေးကိုလည်း ချစ်ရမည်ဟူ၍ ပြောပြပါသည်။

ကျွန်တော်တို့ လင်မယားနှင့် သားငယ်တို့ရွာတွင် သုံးလကျော်လောက် နေထိုင်ခဲ့ကြ၍ ရန်ကုန်ကို ပြန်ခါနီး ထိုင်၍ ကန်တော့ကြတော့ ကျွန်တော်၏ မိထွေးမှာ ငိုပြန်ပါသည်။ အသံကို မထွက်အောင် သူ၏ နှုတ်ခမ်းများကို အတင်းစေ့ပိတ်၍ ထားပါသည်။ သို့ရာတွင် သူ၏မျက်လုံးအိမ်များမှ မျက်ရည်တွေ

က သူ့၏ပါးပြင်ပေါ်သို့ စီး၍ကျနေကြပါသည်။

ရန်ကုန်အပြန်တွင် ထန်းခေါက်တောင်းကြီးတစ်လုံးနှင့် ငရုတ်၊ ကြက်သွန်၊ မောင်မခေါ်ပဲ၊ မြေပဲ၊ ပဲကြီးလှော်၊ ထန်းလျက် စသည်တို့ကိုလည်း အပြည့်အသိပ်ထည့်၍ ပေးလိုက်ပါသေးသည်။ ကျွန်တော်၏ ဇနီးအတွက် ယောနယ်မှ ထွက်သည့် သနပ်ခါးတုံးတွေကိုလည်း ပေးလိုက်ပါသေးသည်။

နောက်ပိုင်းတွင် ကျွန်တော် သားသုံးယောက်ရသည့် အချိန်၌ မိသားစုလိုက် ရွာသို့တစ်ခေါက် ရောက်ဖြစ်သေးသော်လည်း နောက်ပိုင်းတွင် ကျွန်တော်တို့မိသားစုမှာ ရွာသို့ ထပ်မံ၍ မရောက်ဖြစ်ခဲ့တော့။ ကျွန်တော်တစ်ဦးတည်းသာလျှင် တစ်တံ့တစ်တံ့ ရွာသို့ ရောက်ဖြစ်ခဲ့သည်။

ကျွန်တော်ရွာသို့ တစ်ခေါက်ရောက်သွားတော့ တစ်ညနေမှောင်ရီပျိုးစအချိန် ထမင်းစားသောက်ပြီးကြ၍ အိမ်ရှေ့ မြေပြောင်ပြောင် ပြည်ပန်းညိုပင်ကလေး၏ အောက်တွင် ကျွန်တော်၏ဖခင်၊ ကျွန်တော်၏မိထွေးနှင့် ကျွန်တော်တို့မှာ ထိုင်ခုံတစ်လုံးစီနှင့် ထိုင်၍ စကားပြောနေကြပါသည်။

မှတ်မှတ်ရရ ထိုနေ့မှာ နွေရာသီ၏ နေ့တစ်နေ့ ဖြစ်သည်။ ကျွန်တော်တို့ လေးညင်းခံရင်း အိမ်ရှေ့တွင် ထွက်ထိုင်ကြပြီး စကားပြောနေကြခြင်းလည်း ဖြစ်သည်။

ထိုစဉ် ကျွန်တော်၏ ဖခင်က 'ငါတော့ ဒီဘဝ နောက်ဆုံးပဲဗျ' ဟူ၍ ပြောပါသည်။ ထိုစကားကို ကျွန်တော်၏ မိထွေးနှင့် ကျွန်တော်ပါ နှစ်ဦးစလုံး နားလည်ကြပါသည်။ ကျွန်တော်၏ ဖခင်နှင့် ကျွန်တော်၏ မိထွေးတို့ နှစ်ဦးစလုံးမှာ အာနာပါန

ကမ္ဘာ့ဓာန်းတရားများကို အားထုတ်နေကြသူများဖြစ်ကြရာ တရားအဆင့်တစ်ခုသို့ ရောက်ရှိသွားကြသည့်အချိန်တွင် ယခုဘဝမှာ နောက်ဆုံးသာလျှင်ဖြစ်သည် ဟူ၍ အဓိပ္ပာယ်ထွက်ပါသည်။

ဒါနဲ့ ကျွန်တော်၏ မိထွေးကပြုံး၍ 'တစ်ဘဝတော့ နေပါဦး' ဟူ၍ ပြန်ပြောပါသည်။ ထိုအခါ ကျွန်တော်၏ ဖခင်က ကျွန်တော်၏ မိထွေးကို တစ်ချက်လှည့်ကြည့်တော့ ကျွန်တော်၏ မိထွေးက ပြုံးရယ်ရင်းနှင့်ပင် 'တကယ်ပြောတာ၊ တစ်ဘဝတော့ နေပါဦး' ဟူ၍ ထပ်ပြောပြန်ပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် တိတ်ဆိတ်စွာ ထိုင်နေရင်း ကျွန်တော်၏ ဖခင်နှင့် ကျွန်တော့်မိထွေးတို့၏ ပြောစကားများကိုသာလျှင် အာရုံစိုက် နားထောင်နေရင်းနှင့် ၎င်းတို့၏ အမူအရာများကို ဂရုတစိုက် အကဲခတ် ကြည့်ရှုနေမိသည်။

ထိုအခါ ကျွန်တော်၏ဖခင်မှာ ဘာမှပြန်၍မပြော။ တစ်ဖက်သို့ မျက်နှာကို လွှဲပြောင်းသွားရင်းနှင့် သူ၏ လက်ထဲမှ သူအလွန်ကြိုက်နှစ်သက်သည့် ရွှေကျီးဆေးပေါ့လိပ်ကြီးကိုသာလျှင် သောက်၍နေပါသည်။

ထိုနေ့က ကျွန်တော်၏ မိထွေးကို နောက်ဆုံးတွေ့မြင်ခဲ့ရခြင်းဖြစ်သည်ကို ကျွန်တော်မသိခဲ့ပါ။

နောက် သရက်မြို့တွင် နေထိုင်နေသည့် ကျွန်တော့်မိထွေးမှ မွေးသည့် သမီးအကြီးညီမဖြစ်သူမှာ သူနာပြုသင်တန်းတစ်ခု ထပ်မံ၍တက်ရန်အတွက် ရန်ကုန်မြို့သို့ ရောက်ရှိ၍လာပါသည်။

ညီမဖြစ်သူ သူနာပြုသင်တန်းပြီးဆုံးမည့် ရက်လောက်

တွင် ကျွန်တော် မိတွေးမှာ ကျွန်တော်၏ သားသမီးများအား စုံစေ့အောင် မြင်ဖူးတွေ့ဖူးလို၍ ရန်ကုန်မြို့သို့ လိုက်လာမည် ဖြစ်သည် ဟူ၍ သိရသည်။ ထို့အတွက် ကျွန်တော်၏ မိတွေးမှာ သရက်မြို့သို့ ရောက်ရှိ၍ နေပြီဖြစ်ပါသည်။

ထိုစဉ် ရန်ကုန်သို့ ထွက်ခွာလာမည့် တစ်ရက်အလိုတွင် သရက်မြို့၌ပင် ကျွန်တော်၏ မိတွေးမှာ ရုတ်တရက် လဲကျ၍ မကျွေးဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ရှာပါသည်။ ကွယ်လွန်ချိန်၌ ကျွန်တော့်မိတွေး၏ အသက်မှာ ၆၀ကျော် ၆၅နှစ်ခန့်မျှလောက် သာလျှင် ရှိလိမ့်ဦးမည်ဟူ၍ ထင်မိပါသည်။

နောက်ကာလတစ်ခုတွင် ကျွန်တော်၏ ဖခင်မှာလည်း မြစ်ခြေမြို့ကလေး၌ပင် ကွယ်လွန်၍ သွားရှာခဲ့ပါသည်။ ကျွန်တော်၏ဖခင်ကွယ်လွန်တော့ အသက် ၈၃ နှစ် ဖြစ်ပါသည်။

ကျွန်တော်၏ မိတွေးနှင့် ကျွန်တော့် ဖခင်တို့ နှစ်ဦးစလုံး၏ အသုဘကို ကျွန်တော် သင်္ဂြိုဟ်ခွင့် မရခဲ့ပါ။

ကျွန်တော်ထင်ပါသည်။ ကျွန်တော်၏မိတွေးနှင့် ကျွန်တော်၏ဖခင်တို့မှာ အနည်းဆုံး ဘုံဘဝတော့ ပြန်လည်ဆုံတွေ့ကြလိမ့်ဦးမည် ဟူ၍ ထင်မိပါသည်။

(ဟန်သစ်မဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၁၉၉၅ ခု)

ကိုဆိုးပေ

ပတ်မကြီးသည် ပန်းပုရုပ်တုကြီးတစ်ခု ဖြစ်ပေသည်။ ကြည့်ရသည်မှာ ခံ့ခံ့ညားညားရှိလှသည်။ တည်တည်ငြိမ်ငြိမ်လည်းရှိသည်။ ဣန္ဒြေကြီးနှင့်လည်း အပြည့်ဖြစ်ပေသည်။

သို့ရာတွင် အများက နားလည်ထားကြသည်မှာတော့ ဂီတပစ္စည်းကြီးတစ်ခု ဟူ၍သာလျှင် ဖြစ်ပေ၏။

ကျွန်တော်တို့ရွာ ဆိုင်းအဖွဲ့တွင် ပတ်မကြီးကို ကိုဆိုးပေက တာဝန်ယူရသည်။ တီးရသည်။ ထို့ကြောင့် ကိုဆိုးပေကို ပတ်မတီးဆရာဟု အများက ခေါ်ဝေါ်ကြသည်။

ကိုဆိုးပေကို သတိရလျှင် ပတ်မကြီးကို အရင်မြင်ယောင်စမြဲ။ ကိုဆိုးပေသည် အသက်လေးဆယ်ခန့်လောက်ရှိမည် ထင်သည်။ သူ၏ ဆံပင်များမှာလည်း တစ်ခေါင်းလုံးဖွေးဖွေးဖြူလျက်ရှိ၏။ ကျွန်တော် မှတ်မိသလောက် ပြောရလျှင် ကိုဆိုးပေသည် ကျွန်တော်တို့ ငယ်ငယ်ကလေးကတည်းက

ကိုဆိုးပေ

ပတ်မကြီးသည် ပန်းပုရုပ်တုကြီးတစ်ခု ဖြစ်ပေသည်။ ကြည့်ရသည်မှာ ခံ့ခံ့ညားညားရှိလှသည်။ တည်တည်ငြိမ်ငြိမ်လည်းရှိသည်။ ဣန္ဒြေကြီးနှင့်လည်း အပြည့်ဖြစ်ပေသည်။

သို့ရာတွင် အများက နားလည်ထားကြသည်မှာတော့ ဂီတပစ္စည်းကြီးတစ်ခု ဟူ၍သာလျှင် ဖြစ်ပေ၏။

ကျွန်တော်တို့ရွာ ဆိုင်းအဖွဲ့တွင် ပတ်မကြီးကို ကိုဆိုးပေက တာဝန်ယူရသည်။ တီးရသည်။ ထို့ကြောင့် ကိုဆိုးပေကို ပတ်မတီးဆရာဟု အများက ခေါ်ဝေါ်ကြသည်။

ကိုဆိုးပေကို သတိရလျှင် ပတ်မကြီးကို အရင်မြင်ယောင်စမြဲ။ ကိုဆိုးပေသည် အသက်လေးဆယ်ခန့်လောက်ရှိမည် ထင်သည်။ သူ၏ ဆံပင်များမှာလည်း တစ်ခေါင်းလုံးဖွေးဖွေးဖြူလျက်ရှိ၏။ ကျွန်တော် မှတ်မိသလောက် ပြောရလျှင် ကိုဆိုးပေသည် ကျွန်တော်တို့ ငယ်ငယ်ကလေးကတည်းက

ပတ်မကြီးကိုတီးခဲ့တာ၊ ယခုလည်း ပတ်မတီးဆရာပင် ဖြစ်သည်။

ကိုဆိုးပေတို့ ဆိုင်းအဖွဲ့ရောက်လာပြီလားဆိုမှဖြင့် ပတ်မကြီးကို မမြင်ရသေး၊ အသံကြီးကို ရှင်ကြားကြရစမြဲ ဖြစ်သည်။ ကျွန်တော် ငယ်ငယ်က ကိုဆိုးပေ ပတ်မကြီးကိုထုပြီဆိုလျှင် သူ့ထက်ငါ အရင်ရောက်အောင် အလုအယက် ပြေးကြရသည်က အမောဖြစ်သည်။

သူ့ပတ်မကြီးကို မြင်ရလျှင် ပြေးခဲ့လွှားခဲ့ရသည့် မောပန်းခြင်းများသည် ဘယ်ကိုပျောက်သွားကြသည်ပင် မသိကြတော့။ ပတ်မကြီးဘေးမှာသာ ဝိုင်းကြသည်။ ထိုပတ်မကြီးကိုသာလျှင် ကြည့်ကြသည်။ ကျွန်တော်တို့အဖို့ ဘယ်တော့ကြည့်ကြည့်မရိုးနိုင်ကြ။ ကြည့်ကြရတိုင်းလည်း ထူးထူးဆန်းဆန်းကြီးပင် ဖြစ်သည်။ တအံ့တဩသာလျှင် ဖြစ်ကြသည်။

ကျွန်တော်တို့အဖို့ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါဘိသည်။ အမျိုးအမည်အားဖြင့် ပြောပြနိုင်ခြင်းငှာ မတတ်နိုင်ကြသည့် အရသာကြီးတစ်ခုကိုလည်း မြင်တိုင်းတွေ့တိုင်း ခံစားကြရစမြဲသာလျှင် ဖြစ်သည်။

စည်ပိုင်းကြီးနှင့်တူသည် ဟူ၍ လည်းကောင်း၊ စဥ့်အိုးကြီးနှင့် တူသည်ဟူ၍ လည်းကောင်း တစ်ယောက်တစ်မျိုး ငြင်းကြခုံကြရသည်ကိုက တကယ့်အလုပ်ကြီးတစ်ခုဖြစ်သည်။ သားရေပြားများပေါ်တွင် တစ်ဖက်တစ်ချက်ခြယ်သထားသည့် မည်းမည်းအဝိုင်းတွေကိုကလည်း စိတ်ဝင်စားစရာဖြစ်သည်။

ကျွန်တော်တို့ ပတ်မကြီးကိုကြည့်၍ ကြည်နူးကြရသည်နှင့်အမျှ ကိုဆိုးပေကိုလည်း ချစ်ကြခင်ကြသည်။ အထင်လည်း

ကြီးသည်။ ကျွန်တော်တို့အတွက် ကိုဆိုးပေသည် တကယ့်ဆိုင်းဆရာကြီးသာလျှင် ဖြစ်သည်။ တကယ့် အနုပညာရှင်ကြီးဟူ၍လည်း တညီတညွတ်တည်း သတ်မှတ်ကြပါသည်။

ကိုဆိုးပေကို ကြည့်ရမြင်ရသည်မှာလည်း ခံစားချက်အပြည့်နှင့်လူဖြစ်သည်။ သူသည် တစ်စုံတစ်ခုကို အမြဲခံစားနေရသည်ဟုလည်း ထင်မိသည်။ ထိုတစ်စုံတစ်ခုသည် ကိုဆိုးပေ၏ စိတ်အား အမြဲထိခိုက်စေအောင် လုပ်နေပုံရပါသည်။

ကိုဆိုးပေ အရက်သောက်ခြင်းပင်လျှင် ထိုအကြောင်းကြောင့် ဖြစ်လိမ့်မည် ဟူ၍ ထင်မိပါသည်။ ကိုဆိုးပေသည် အရက်အလွန်ကြိုက်သည်။ ညနေနေချိုလျှင် ရွာဘုံဆိုင်သည် အလွန်စည်ကားသည်။ ထိုအထဲတွင် ကိုဆိုးပေတစ်ယောက် အပါအဝင်ဖြစ်၏။

အရက်ကိုသာ သောက်သည်။ လူတကာလိုတော့ မရမ်းကား၊ သောက်လို့ဝလျှင် ဒယိမ်းဒယိုင်နှင့် ရွာလယ်လမ်းမကြီးအတိုင်း အိမ်ကို အရောက်ပြန်စမြဲသာလျှင်ဖြစ်၏။ အိမ်ကိုရောက်လျှင်လည်း သူများတွေလို စကားမများ၊ ထမင်းစားသောက်ပြီးလျှင် အေးအေးဆေးဆေးသာလျှင် အိပ်တတ်သည်။

ဒါကြောင့်မို့လည်း ကိုဆိုးပေကို အရက်သမားဖြစ်ပေမဲ့ ကျွန်တော်တို့က လေးစားကြသည်။ လူတကာလို အရက်သမားမျိုးမဟုတ်၊ ခံစားချက်နှင့် အရက်သောက်သူသာလျှင် ဖြစ်သည်ဟူ၍ ကျွန်တော်တို့က မှတ်ချက်ချကြသည်။

ကျွန်တော်တို့ကသာလျှင် သည်လိုမှတ်ချက်ချကြသည်။ လူကြီးတွေကတော့ ဒီလိုမဟုတ်၊ ကျွန်တော်တို့နှင့် တခြားစီသာ

ဖြစ်ကြသည်။ ကိုဆိုးပေကို အလွန်ပင် အထင်သေးကြသည်။ အရက်သမားမို့ အထင်သေးကြသည် တစ်ဖုံ၊ ဒီအထဲ ပတ်တီး တစ် ယောက်မို့ အထင်သေးကြသည်တစ်မျိုး ဖြစ်သည်။

လူတွေသည် လူတစ်ယောက်ကို အထင်သေးကြပြီဆို လျှင် တဖွတ်ထိုးသာဖြစ်သည်။ ဘာကိုမျှ မမြင်ကြတော့ ကိုယ် ဝါသနာပါတာကလေးကိုမှ လွှတ်လွှတ်လပ်လပ် မလုပ်ကြရ၊ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေသူကိုမှ အထင်သေးကြ သည်။

နောက်ပြီး ကိစ္စကြီးငယ်ရှိလျှင် သူတို့အထင်သေးကြသည့် အလုပ်မျိုးကိုလုပ်သည့် ကိုဆိုးပေကိုသာလျှင် အသုံးချကြပြန် ပါသည်။ လူတွေသည် မတရား။ သူတို့စိတ်တွေနှင့် သူတို့လုပ် နေကြပုံတွေကလည်း မကိုက်ညီကြ။ တခြားစီသာ ဖြစ်သည်။ ကြာတော့ ကျွန်တော်တို့ကပါ ကိုဆိုးပေဘက်က ဝိုင်း၍ဒေါသ ထွက်ကြရပါတော့သည်။

ဒါပေမဲ့ ကျွန်တော်တို့ ဒေါသထွက်ခြင်းသည် တိတ် တခိုးမျှသာ ဖြစ်ပါသည်။ လူကြီးတွေမို့ ကျွန်တော်တို့က ကြောက် လည်းကြောက်ကြသည်။

ကျွန်တော်တို့က တင်ပြချင်သည်။ ကိုဆိုးပေသည် ရွာ အတွက် တကယ်အလုပ်လုပ်သည့် သူသာလျှင်ဖြစ်သည်။

အရေးဟဲ့ဆိုလျှင် ကိုဆိုးပေကိုသာ သူတို့သွားလို့ ခေါ်ကြ သည်။ ရွာမှာ မိုးခေါင်ပြီဆိုလျှင် သူတို့ လွန်ဆွဲပွဲလုပ်ကြပြီ။ အဲသည်မှာလည်း ကိုဆိုးပေ မပါလျှင်မပြီး။ ဘေးကနေ ကိုဆိုး ပေက သူ့ပတ်မကြီးကို တထိ (န်) ထိ (န်) တီး၍ သာလျှင်

ပေးနေရပါသည်။

နောက်တစ်ခါ ချောတိုင်တက်ပွဲ လုပ်ပြန်ပြီဆိုလျှင်လည်း သည်အတိုင်း။

ခြင်းလုံးခတ်ပွဲ လုပ်ကြပြန်ပြီဆိုလျှင်လည်း သည်အတိုင်း။ လက်ဝှေ့ထိုးပွဲလုပ်ကြပြန်ပြီ ဆိုလျှင်လည်း သည်အတိုင်း။

နောက်ပြီး အရှေ့ဘက်ရွာမှာ ဘုရားဆွမ်းချပွဲဆိုလျှင်လည်း တရုတ်မကြောင်စိန်ပွဲက နှစ်စဉ်လာလို့ကသည်။ ပတ်မသံကြီးကို အရင်ကြားရပြီ။ အဲသည်အသံကို ကြားကြရပြီလားဆိုမှဖြင့်လည်း သူတို့ပဲ မနေနိုင်ကြ။

ပတ်မသံကြီးကြားနေရပြီ။ နောက်ကျလျှင် ပွဲခင်းထဲဖျာနေရာပျောက်မည်ကို သူတို့ပဲ စိုးရိမ်ကြပါသည်။ ကျွန်တော်တို့ကတော့ မပူကြ၊ ကိုဆိုးပေ၏ ပတ်မကြီးအနားမှာ သွားလို့ထိုင်ကြမည်သာဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ကိုဆိုးပေ၏ အနားက ထိုင်၍ ပွဲကြည့်ကြစမြဲသာလျှင် ဖြစ်ပါသည်။

အိပ်ငိုက်လျှင်လည်း အဲသည်ကိုဆိုးပေ၏ ပတ်မကြီးအနားမှာသာလျှင် ခွေ၍ အိပ်လိုက်ကြသည်။ မိုးလင်း၍ ပွဲပြီးလျှင် ကိုဆိုးပေက နှိုးမြဲလည်းဖြစ်ပါသည်။ ဒါကြောင့် ကျွန်တော်တို့ကတော့ ဘာကိုမျှ စိတ်မပူကြ။

ထို ဘုရားဆွမ်းချပွဲတော်ကြီးဆိုလျှင် နှစ်စဉ်နှစ်တိုင်း ထနောင်းကုန်းအရပ်က လှည်းပြဇာတ်နှင့် အမြဲသွားကြသည်။ အဲသည်လှည်းပြဇာတ်ဆိုလျှင် လက်ညှိုးတစ်ထောင်ကိုဖြတ်သည့် အင်္ဂုလိမာလဇာတ်ကို အမြဲကကြသည်။

အင်္ဂုလိမာလတဲ့ပော့ဆိုလျှင် တထိ(န်)ထိ(န်)ဖြင့် ကိုဆို

ပေး၏ ပတ်မသံကြီးကို ကြားကြရပြန်ပါပြီ။ သူတို့နေရာတကာ ကိုဆိုးပေနှင့် မလွတ်ကင်းနိုင်ကြ။ သူ့ပတ်မသံကြီးကိုသာလျှင် အသုံးချကြရပါသည်။

ပြီးလျှင် သူတို့ဆီက ကိုဆိုးပေကို ချီးမွမ်းသည့် အသံ ဘယ်တော့ခါမှ မကြားကြရ။

ကိုဆိုးပေကလည်း သူတို့ကို ဂရုမစိုက်။ သူ့တာဝန် အတိုင်း လုပ်ပေးစရာရှိသည်ကိုသာ လုပ်ပေးသည်။ သူတို့ချီးမွမ်းခံ ရဖို့လည်းမဟုတ်။ သူတို့ ချီးမွမ်းကြသည့် အသံမျိုးကိုလည်း ကြားလိုဟန်မတူ။ သူတစ်ခုခုကို စိတ်ထိခိုက်နေသည့် ကိစ္စက လည်း သူတို့ကဲ့ရဲ့ကြ၊ အထင်သေးကြသည့်ကိစ္စကြောင့် မဟုတ်။

လူတကာ သူ့ကိုမည်မျှပင် အထင်သေးသေး၊ သူ့ကို အထင်သေးမှုနှင့် ပတ်သက်လျှင် သူဘယ်တော့မှ မနာကြည်း။ သူ ဘယ်တော့မှ ဗွေမယူ။ သူဘယ်တုန်းကမျှ မညည်းတွား၊ ကိုဆိုးပေ ညည်းတွားသည့်စကား ကျွန်တော်တို့လည်း မကြား ဖူးကြ၊ ထို့ကြောင့် ကိုဆိုးပေ စိတ်ထိခိုက်နေရမှုနှင့် ဒီကိစ္စက လည်း မပတ်သက်တန်ရာ။

နွေရာသီ၏ နေ့တစ်နေ့ဖြစ်ပါသည်။

တမာရွက်တို့ကလည်း ဖြိုးဖြိုးဖြောက်ဖြောက်နှင့် ကြွေ၍ နေကြသည်။

အဝေးမှ ကိုဆိုးပေ၏ ပတ်မသံကြီးကို သဲ့သဲ့ကြား၍ နေကြရပါသည်။ ဒီတစ်ခါကြားရသည့် ကိုဆိုးပေ၏ ပတ်မသံ ကြီးသည် ခါတိုင်းနှင့်မတူ။ လေးတွဲတွဲနှင့် အေးအေးဆေးဆေး ချက်မှန်မှန်ကြီး တီးခတ်၍လာနေသည့်အသံ ဖြစ်ပါသည်။

ထိုအသံသည် တစ်မျိုးကြီးသာဖြစ်သည်။ ကျွန်တော်တို့သည် ကိုဆိုးပေ၏ ပတ်မသံကြီးကို ကြားနေကြရရုံမျှသာ ရှိသေးသည်။ ကိုဆိုးပေကိုတော့ မမြင်ရသေးပါ။

သို့ရာတွင် ကြိုတင်၍ ကိုဆိုးပေ စိတ်ထိခိုက်နေသည့် အခါများတွင် မြင်ရတတ်သည့် သူ၏ မျက်နှာကြီးကို မြင်ယောင်နေမိကြရပါတော့သည်။

ခံစားချက်နှင့် အရက်သောက်သည့် ကိုဆိုးပေသည် တစ်ခါတွင်လည်း သူ့ပတ်မကြီးမှတစ်ဆင့် သူ၏ခံစားချက်များကို ဖွင့်ထုတ်၍ နေလေပြီ။

အချိန်က နေချိုချိန်ဖြစ်ပါသည်။ ရွာလယ်လမ်းမကြီးပေါ်တွင် တမာရွက်ခြောက်ကြွေများက ပြေး၍လာနေကြသည်။

တဖြည်းဖြည်းနှင့် ကိုဆိုးပေ၏ ပတ်မကြီးသံမှာလည်း နီး၍နီး၍ လာချေပြီ။ ထိုအသံသည် မြောက်မင်းအူသံဟူ၍ လူကြီးများက ပြောကြသည်။

ရွာလယ်လမ်းမကြီးသည် ငြိမ်သက်၍ နေလေသည်။ အဝေးမှ တရွေ့ရွေ့နှင့် လာနေကြသည့် လူအုပ်မည်းမည်းကြီးကိုလည်း မြင်နေရပါသည်။

ရှေ့ဆုံးမှ ဆန်ပန်းပေါက်ပေါက်နှင့် ထုံးဖြူသုတ်ထားသည့် ပိုက်ဆံများကို အတူရောလျက်ကြဲကြ၍ နောက်မှ ထမ်းစင်ကြီးနှင့် ဖြစ်ပါသည်။ ၎င်းနောက်မှ သေဆုံးသူ၏ ဆွေမျိုးသားချင်းများက ဆံပင်ဖားလျားနှင့် ရင်ဘတ်စည်တီး အော်ဟစ်ငိုကြွေးလိုက်ပါလာကြသည်။

ထို့နောက်မှ လှည်းဦးကင်းပေါ်တွင် အသံချဲ့စက်အော်

လံကြီးကို တင်ဆောင်ထားသည့် လှည်းတစ်စီး လိုက်လာပါသည်။ ထိုလှည်းပေါ်တွင် ကျွန်တော်တို့ရွာ၏ နာမည်ကြီး၊ အသံအလွန်ကောင်းလှသည့် မင်းသမီးကြီး မသန်းစိန်းကို တွေ့ရသည်။ သူ၏မည်းနက်နေသော မျက်နှာပြင်သည် သနပ်ခါးဘဲကျားနှင့်ဖြစ်သည်။ သူ၏ထော်နေသော နှုတ်ခမ်းအစုံကိုလည်း ရဲရဲနီ၍နေအောင် ဆိုးထားသည်။

'တစ်ယောက်တည်းအဖော်မပါတယ်...'

ရှေးသီချင်းကြီးတစ်ပုဒ်ကို သူ၏ မေးကလေးကို ရိုက်၍ ရိုက်၍ သီဆိုလျက် လိုက်ပါ၍လာသည်။

လမ်းဘေး တစ်ဖက်တစ်ချက်စီတွင် ရပ်၍ကြည့်နေကြသော အခေါ်၊ အစ်မများတို့သည်လည်း မျက်ရည်များ ဖြိုင်ဖြိုင်စီးကျ၍ နေကြ၏။

တေးသီချင်းသံတို့သည် အော်လံကြီးမှတစ်ဆင့် လေတွင် ပျံ့ဝဲလွင့်ပါ၍ နေကြသည်။

ထို့နောက်မှ ကိုဆိုးပေတို့၏ ဆိုင်းလှည်းကြီးဖြစ်သည်။ ကိုဆိုးပေကို ဆိုင်းလှည်းပေါ်တွင် ဦးခေါင်းအဖွေးသားနှင့် ထင်ရှားစွာ မြင်နေရသည်။

ကိုဆိုးပေသည် အေးဆေးလွန်း လေးတွဲလွန်းလှသည့် သူ၏ ပတ်မသံကြီးကို တစ်ချက်ချင်း တစ်ချက်ချင်း တီးခတ်လျက် လိုက်ပါ၍ လာပါသည်။

ထို့နောက်မှ လူအုပ်ကြီး ဖြစ်သည်။

ကိုဆိုးပေ၏ ပတ်မသံကြီးသည် ရွာလယ်လမ်းမကြီးပေါ်တွင် တစ်ချက်ချင်း တစ်ချက်ချင်း ပျံ့လွင့်၍ ကျန်နေရစ်

ကြပါသည်။

လေပွေသည် ဘယ်ဆီကနေ ဘယ်လိုရောက်လာမှန်းမသိ တမာရွက်ခြောက်ကြွေများကို စု၍၊ ချိမ၍ သယ်သွားလေသည်။

ကျွန်တော်တို့ ကလေးများသည် လိုက်၍ ကြည့်ကြသည်။

ရွာစည်းရိုး အနားသို့ ရောက်၍ ထမ်းလာကြသည့် အလောင်း ထမ်းစင်ကြီး ရွားတံခါးကိုကျော်လွန်သွားသည်နှင့် တစ်ပြိုင်နက် ကိုဆိုးပေးသည် သူ၏ ပတ်မကြီးကို အစွမ်းကုန် အဆက်မပြတ် နောက်ဆုံး တီးခတ်လိုက်ပါတော့သည်။

ထိုနောက်မှ ကိုဆိုးပေ၏ ပတ်မသံကြီးသည် ရုတ်တရက် ရပ်စဲသွားကာ ကိုဆိုးပေတို့ စီးလာကြသည့် ဆိုင်းလှည်းကြီးလည်း ချာခနဲလှည့်ကာ ပြန်ခဲ့ကြပါတော့သည်။

တစ်ဆက်တည်း ငိုသံတို့သည် ပေါက်ကွဲပေါ်ထွက်၍ လာကြပြန်လေသည်။

အသုဘအလောင်းထမ်းစင်ကြီးကိုလည်း အဝေးမှ တမာပင်အုပ်ဆီသို့ ဆက်လက်၍ သယ်ဆောင်သွားကြလေသည်။

ပန်းပုရုပ်တု ပတ်မကြီးကို တင်ဆောင်၍ ပြန်လာခဲ့ကြသည့် ဆိုင်းလှည်းကြီးလည်း ရွာဘုံဆိုင်ရှေ့သို့ ရောက်သောအခါတွင် ကိုဆိုးပေသည် လှည်းပေါ်မှ ခုန်ဆင်းလိုက်ကာ ရွာဘုံဆိုင်အတွင်း ဝင်၍ နေရစ်ခဲ့တော့သည်။

ထိုနေ့သည် ကိုဆိုးပေ အရက်အလွန်အကျွံသောက်သည့်နေ့ဖြစ်လေသည်။

(ဟန်သစ်မဂ္ဂဇင်း၊ ၁၉၉၃ နှင့် ၂၀၀၁–ဇူလိုင်လ)

ဤကမ္ဘာ

ကျွန်တော်တို့လင်မယား အိမ်ထောင်စ ကျခါစက ကျွန်တော်သည် ကျွန်တော်၏ဇနီးဖြစ်သူအား ပြောင်သလိုလို နောက်သလိုလို အတည်လိုလိုနှင့်...

'မင်း...မိန်းကလေးမွေးရင် ငါနဲ့ဆယ်တောင်ကွာမှာ နေရမည်' စသည်ဖြင့် ပြောင်သလိုလို နောက်သလိုလို အတည်လိုလိုနှင့် ပြောခဲ့ဖူးပါသည်။

ဒါပေမဲ့ အဲသလို ပြောပြီးတိုင်း ပြောပြီးတိုင်း ကျွန်တော် စိတ်မကောင်းဖြစ်မိပါသည်။

ဒါပေမဲ့ ယောကျ်ားကလေးက ကောင်းသည်၊ မိန်းကလေးက မကောင်းဘူး၊ ဘယ်သို့ဘယ်ညာ လူကြီးသူမတွေ ပြောကြ ဆိုကြတာတွေ သတိရမိပြန်တော့...

တစ်ခါ 'မင်း မိန်းကလေးမွေးရင် ငါနှင့် ဆယ်တောင်ကွာမှာ နေရမည်'စသည်ဖြင့် ပြောင်သလိုလို နောက်သလိုလို

ဤကမ္ဘာ

ကျွန်တော်တို့လင်မယား အိမ်ထောင်စ ကျခါစက ကျွန်တော်သည် ကျွန်တော်၏ဇနီးဖြစ်သူအား ပြောင်သလိုလို နောက်သလိုလို အတည်လိုလိုနှင့်...

'မင်း...မိန်းကလေးမွေးရင် ငါနဲ့ဆယ်တောင်ကွာမှာ နေရမည်' ဟုသည်ဖြင့် ပြောင်သလိုလို နောက်သလိုလို အတည်လိုလိုနှင့် ပြောခဲ့ဖူးပါသည်။

ဒါပေမဲ့ အဲသလို ပြောပြီးတိုင်း ပြောပြီးတိုင်း ကျွန်တော် စိတ်မကောင်းဖြစ်မိပါသည်။

ဒါပေမဲ့ ယောကျ်ားကလေးက ကောင်းသည်၊ မိန်းကလေးက မကောင်းဘူး၊ ဘယ်သို့ဘယ်ညာ လူကြီးသူမတွေ ပြောကြ ဆိုကြတာတွေ သတိရမိပြန်တော့...

တစ်ခါ 'မင်း မိန်းကလေးမွေးရင် ငါနှင့် ဆယ်တောင်ကွာမှာ နေရမည်'ဟုသည်ဖြင့် ပြောင်သလိုလို နောက်သလိုလို

အတည်လိုလိုနှင့် ပြောမိပြန်ပါသည်။

တကယ်တော့ ကျွန်တော်သည် ထိုစဉ်က ယောကျ်ားကလေးလိုချင်တာလား၊ မိန်းကလေးလိုချင်တာလား တိတိကျကျလည်း ကျွန်တော့်ကိုယ်ကျွန်တော် တကယ်မသိခဲ့ပါ။

ကျွန်တော် ဘယ်နှကြိမ် ပြောင်သလိုလို နောက်သလိုလို အတည်လိုလိုနှင့် ပြောခဲ့မိဖူးသည်ကိုလည်း မမှတ်မိတော့ပါ။

အဲသလိုနှင့် ကျွန်တော်၏ ဇနီးသည် ပထမဦးဆုံးသား ယောကျ်ားကလေးတစ်ဦးကို စတင်မွေးဖွားပေးခဲ့ပါသည်။

နောက်တစ်ခါ ကျွန်တော့်ဇနီးက ဒုတိယမြောက်သား ယောကျ်ားကလေးတစ်ယောက်ကို မွေးဖွားခဲ့ပြန်ပါသည်။

နောက်တစ်ခါ ကျွန်တော်က ပြောမိပြန်သည်လား မသိပါ။

တတိယသားယောကျ်ားကလေး တစ်ယောက်ကို မွေးဖွားပေးပြန်ပါသည်။

စတုတ္ထသားယောကျ်ားကလေးတစ်ယောက်ကို မွေးဖွားပေးပြန်ပါသည်။

ပဉ္စမသား ယောကျ်ားကလေးတစ်ယောက်ကို မွေးဖွားပေးပြန်ပါသည်။

ကျွန်တော်သည် မိန်းကလေးလိုချင်စိတ် ဖြစ်လာပါသည်။

ကျွန်တော်၏ အိမ်သည် မစိုမပြည် ဖြစ်၍ နေသည်ဟု ထင်မိပါသည်။

သစ်ပင်ပန်းပင်များ မရှိသော ပန်းခြံတစ်ခုထဲ၌ သား

ယောကျ်ားကလေးများ ဘောလုံးကစားနေကြသည်ကို တွေ့နေ ရဘိသကဲ့သို့ ဖြစ်ပါသည်။

ဆဌမသားယောကျ်ားကလေးတစ်ယောက်ကို မွေးဖွား ပေးပြန်ပါသည်။

ကျွန်တော်၏ အိမ်သည် အတော်ပင် ပူလောင်ခြောက် သွေ့နေသည်ဟု ထင်မိပါသည်။ ကျွန်တော်၏ မိသားစုကို ကြည့်ရသည်မှာ မိန်းမဆို၍ ကျွန်တော်၏ ဇနီးတစ်ဦးတည်းသာ မြင်တွေ့နေရ၍ ကျန်လူများမှာ သားခြောက်ယောက်နှင့် ကျွန်တော့်ကိုပင် ကျွန်တော်သာလျှင် ထပ်ဖန်တလဲလဲ တွေ့၍ တွေ့၍ နေရပါသည်။

အလေးချိန် မညီမျှသော ချိန်ခွင်ခွက်တစ်ခုကို မြင်ရသော အခါ မခံမရပ်နိုင်ဘိသကဲ့သို့ ခံစားရပါသည်။

နောက်ပြီး ဟန်ချက်မညီသော တစ်ဖက်လေးနေသည့် ပန်းချီကားတစ်ချပ်ကို တွေ့ရသည့်အခါ မည်ကဲ့သို့မျှ သည်း မခံနိုင်ဘိသကဲ့သို့လည်း ဖြစ်၍ နေပါသည်။

သည်ကြားထဲ သူငယ်ချင်းတွေ၊ မိတ်ဆွေအပေါင်းအသင်း တွေကလည်း နောက်ထပ် ကလေးမရအောင် ဆေးထိုး၊ ဆေး စား ပြုလုပ်ဖို့ အမျိုးမျိုးသော အကြံဉာဏ်တွေကို ပေးလာကြ ပါသည်။

နောက်ဆုံး ဗိုက်သွားအပ်သည့် ဆေးရုံ၊ ဆေးခန်းများ က ဆရာဝန်၊ ဆရာမများကပင်လျှင် ကျွန်တော်၏ဇနီးကို မွေးဖွားတော့ဖို့ လျှောက်လွှာတင်ရန် ပြောကြားလာကြပါသည်။

ဒါနဲ့ ကျွန်တော်က မနစ်သက်ကြောင်း၊ သဘာဝတရား

အတိုင်း မြတ်နိုးကြောင်း ကျွန်တော်တို့ မိဘဘိုးဘွားတွေ ကျွန်တော်တို့ကို ဒီလိုပဲ မွေးဖွားထားခဲ့ကြကြောင်း၊ ကျွန်တော်တို့တစ်တွေလည်း ညီအစ်ကို၊ မောင်နှမတွေ များကြကြောင်း၊ နောက်နောင် ပြောလာကြလျှင် ပြန်၍ ပြောပြရန် ကျွန်တော်၏ ဇနီးအား မှာကြားထားရပါသည်။

ဆေးရုံ ဆေးခန်းများသို့ ကျွန်တော်၏ ဇနီးသွားသော အခါ ဆရာဝန် ဆရာမများက "သဘာဝကြီး လာပြီဟေ့"ဟု၍ ချစ်စနိုးပင် နောက်ပြောင် ပြောဆိုကြသည် ဟု၍ ကျွန်တော်၏ ဇနီးက ကျွန်တော့်ကို ပြောပြပါသည်။

နောက်တစ်ချက်က ကျွန်တော်၏ ခန္ဓာကိုယ်ကို ပြုပြင်ခြင်း၊ ကျွန်တော့်ဇနီး၏ ခန္ဓာကိုယ်ကို ပြုပြင်ခြင်းများကိုလည်း မည်ကဲ့သို့မျှ လက်မခံနိုင်ပါ။

သဘာဝက ပေးအပ်ထားသည့် ခန္ဓာကိုယ် အတိုင်းသာလျှင် ကြိုက်နှစ်သက်ပါသည်။

ကျွန်တော်နှင့် ကျွန်တော်၏ ဇနီးကို ထောက်ခံအားပေးသူဟူ၍ ကျွန်တော် အလွန်ချစ်သော ကျွန်တော်၏မိထွေးတစ်ဦးတည်းသာလျှင် ရှိပါသည်။

တစ်နေ့ ရွာကို ကျွန်တော်တို့တစ်တွေ ရောက်ကြတော့ ကျွန်တော် အလွန်ချစ်သော ကျွန်တော်၏ မိထွေးက ကျွန်တော့်ဇနီးကို ကျွန်တော့်ရှေ့မှာ ပြောပြပါသည်။

"သမီး...ယောကျ်ားကလေးချည်း ခုနစ်ယောက်ပြည့်အောင်မွေး၊ ရှင် ခုနစ်ပါး ပြည့်အောင်ပေါ့၊ အဲဒါဆိုရင် အလွန်မြင့်မြတ်တဲ့ မိန်းမ၊ အဲဒီမိန်းမမျိုးရဲ့ အရိပ်ကိုပင်လျှင် တခြား

ခိန်းမတွေက မနှင်းကောင်းဘူးတဲ့" အဲသလို ပြောပြပါသည်။

ကျွန်တော့်အဖေက ခပ်လှမ်းလှမ်းက ခုံတန်းလျားပေါ်မှာ ဆိတ်ဆိတ် ထိုင်နေရင်း တစ်ချက် လှမ်းကြည့်ပြီး သူ့အလွန် ကြိုက်နှစ်သက်သော ပခုက္ကူဆေးပေါ့လိပ်ကြီးကို ဖွာ၍နေပါသည်။

နောက် ကျွန်တော်တို့ မိသားစု ရန်ကုန်ရွှေမြို့တော်ကြီးကို ပြန်ရောက်လာခဲ့ကြပါသည်။

ကျွန်တော့်ဇနီး၏ ကိုယ်ဝန်ကိုလည်း ဆေးရုံ၊ ဆေးခန်းများမှာ အပ်၍ ထားပြန်ပါသည်။

အဲဒါနဲ့ တစ်နေ့ကျတော့ ကျွန်တော့်ဇနီးက ဗိုက်နာကြောင်း၊ မွေးဖွားလိမ့်မည် ထင်ကြောင်း၊ သားဖွားဆရာမကို သွား၍ ခေါ်ဖို့အကြောင်း ကျွန်တော့်ကို ပြောပြပါသည်။

မှတ်မှတ်ရရ ပြောရလျှင် ထိုနေ့က မိုးတွေ ရွာနေပါသည်။ ဆေးရုံကို မသွားဘဲ သားဖွားဆရာမကြီးတစ်ဦး၏ အိမ်သို့ သွားခေါ်တော့ မိုးမိတာကို ကျွန်တော် မှတ်မိနေပါသည်။

ဆေးရုံမှာ သွားပြီး မမွေးတဲ့အကြောင်းက လူကြီးရယ်လို့ ကျွန်တော်နှင့် ကျွန်တော့်ဇနီး နှစ်ဦးပဲ ရှိကြတော့ အိမ်မှာ ကလေးတွေချည်း ဒုက္ခများမှာ စိုးတာနဲ့ အိမ်မှာပဲ သားဖွားဆရာမနဲ့ မွေးကြဖို့ စီစဉ်ကြရတာ ဖြစ်ပါသည်။

တကယ်လို့ လိုအပ်လာတယ်ဆိုမှ ဆေးရုံကို ချက်ချင်း သွားကြမည် ဟု၍ ဆုံးဖြတ်ထားပါသည်။

သားဖွားဆရာမနှင့် အတူ အိမ်ကို ပြန်ရောက်တော့ ကျွန်တော့်ဇနီးမှာ ဗိုက်တော်တော်နာနေပြီ ဖြစ်ပါသည်။

ဒါနဲ့ မွေးဖို့ဖွားဖို့ စီစဉ်ကြပါသည်။

ပထမ ကျွန်တော်က ဆယ်စောင်တွဲစာအုပ်ကို ဖြန့်ပြီး အင်္ဂလိမာလသုတ်ကို တိုးတိုးနဲ့ တည်တည်ငြိမ်ငြိမ် ဆောက်တည်ပြီး ရွတ်ဖတ်ပါသည်။ မြန်မာလို အဓိပ္ပာယ်အနက်ကိုလည်း တစ်ခါက ဖတ်ဖူးခဲ့သဖြင့် အလွန်နှစ်သက် သဘောကျပါသည်။ ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်ပါသည်။

ထူးထူးခြားခြား ပြောရဦးမည်။

ဆရာမက အိမ်နီးချင်း အမျိုးသမီးကြီးနှစ်ယောက်၊ သုံးယောက်လောက် သွားခေါ်ဖို့ ကျွန်တော့်ကို ပြောတော့...

ကျွန်တော်က "ဆရာမ ကျွန်တော်နဲ့ ဆရာမနဲ့ နှစ်ဦးတည်း ကျွန်တော့်ဇနီးကို မွေးပေးလို့ မရဘူးလား၊ ကျွန်တော့်ကို ဆရာမ ခိုင်းလိုရာ ခိုင်းပါ၊ ခိုင်းလို့ ရကြောင်း" ကျွန်တော်က ပြောပြပါသည်။

မမျှော်လင့်တဲ့ ကျွန်တော့်ရဲ့ စကားကို ကြားရတော့ ဆရာမက တော်တော်ကလေး အံ့အားသင့်သွားပုံရပါသည်။

နောက် ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်ပြီးတော့လည်း အကဲခတ်ပုံရပါသည်။ ကျွန်တော်က ဆရာမကို တစ်ချက်မျှ ကြည့်ပြီး မျက်လွှာကို ချထားမိသဖြင့် တိတိကျကျတော့ မသိပါ။ ဒါပေမဲ့ ဆရာမရဲ့ အမူအရာများကိုလည်း သိနေသည်။ ဒါကြောင့် အမူအရာတွေကိုပါ ကျွန်တော် ပြောပြနေနိုင်ခြင်း ဖြစ်ပါသည်။

နောက်ပြီးတော့မှ ဆရာမက ဣန္ဒြေဆည်ပြီး "ဘာပြုလို့လည်း၊ အိမ်နီးနားချင်းတွေကို မခေါ်ချင်ရတာလဲ"လို့

ကျွန်တော့် ကို မေးပါသည်။

"မဟုတ်ဘူး ဆရာမ၊ ကျွန်တော်တို့ အိမ်နီးနားချင်းတွေရဲ့ ဆက်ဆံရေးက တစ်မျိုးပဲ၊ သူတို့က အကူအညီခေါ်ရင် ကျေးဇူးတင်မှ ကြိုက်တာ၊ ကျွန်တော်တို့က ကျေးဇူးတင်ရမှာကို သိပ်နမြောတာ"လို့ ကျွန်တော်က အေးအေး ဆေးဆေး၊ တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ပြောပြမိပါသည်။

ဒါနဲ့ ဆရာမက "ဒီလိုဆိုရင်လည်း ဖြစ်ပါတယ်"လို့ အနည်းငယ် ပြုံးပြီး ကျွန်တော်နဲ့ အတူတကွ မွေးဖွားပေးကြဖို့ ကိစ္စကို သဘောတူသွားကြပါသည်။

အမှန်က လိုအပ်ပါက အချိန်နောက်မကျစေဘဲ ဆေးရုံကို အမြန်ဆုံးပို့နိုင်စေရန် ဆုံးဖြတ်ချက်ချဖို့ ကျွန်တော်ကိုယ်တိုင် မွေးခန်းထဲတွင် သိမြင်နေလိုခြင်းကိစ္စလည်း အကြောင်းတစ်ခု ဖြစ်ပါသည်။

နောက်တစ်ခုက မွေးဖွားခန်းအတွင်း ယောကျ်ားမဝင်ရဆိုသည့် အချက်ကိုလည်း ကျွန်တော်က မကြိုက်နှစ်သက်ပါ၊

ဒါ ရှက်စရာကိစ္စဟူ၍လည်း သဘောမတူပါ။ ဤကိစ္စသည် မိန်းမများ၏ အရေးအကြီးဆုံးသော ကိစ္စကြီးတစ်ခုဖြစ်ရာ အဘယ်ကြောင့် ယောကျ်ားများက ဥပေက္ခာပြု၍ နေကြရသည်ကိုလည်း ကျွန်တော် စဉ်းစားလို့ မရပါ။

နောက်ပြီးတော့ ကျွန်တော်တို့ကိုပင်လျှင် ကျွန်တော်တို့ရဲ့ မိခင်များက ဤလိုမွေးဖွားခန်းထဲမှာပင်လျှင် မွေးဖွားပေးခဲ့ကြသည် မဟုတ်ပါလား။

နောက်ပြီး မီးယပ်နှင့် သားဖွားအထူးကုပါရဂူ ဆရာ

ဝန်ကြီးတွေဆိုလည်း ဒီလိုသာဆို ဘယ်လိုလုပ်ကြမလဲ။

ဒါကြောင့် 'မီးနေခန်းအတွင်း ယောကျ်ားဝင်လျှင် ဘုန်းနိမ့်တတ်သည်' ဆိုသော စကားကိုလည်း ကျွန်တော့်မှာ လက်မခံနိုင်ဘဲ ဖြစ်နေပါသည်။

တစ်ခါတလေ အချိန်မီ ဆေးရုံပို့ဖို့ကိစ္စမျိုးမှာ မိန်းမတွေ အကြာကြီး စဉ်းစားနေကြလို့ ယောကျ်ားတွေက မသိလိုက်ရဘဲ အချိန်တွေ နောက်ကျသွား တာမျိုးတွေကြောင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးသွားကြရတဲ့ မိခင် တွေ ဘယ်နှဦးရှိမည် ဆိုသည်များကိုလည်း ကျွန်တော် မစဉ်းစား ရဲပါ။

အဲဒီအချိန်မျိုးမှာ ကျွန်တော်၏ အမေသော်လည်းကောင်း၊ အစ်မသော် လည်းကောင်း၊ ညီမသော် လည်းကောင်း ဖြစ်နေလျှင်လည်း ကျွန်တော် ဝင်ရောက် ပါဝင် မွေးဖွားမိမည်မှာ သေချာပါသည်။

ကျွန်တော်၏ အမေအရင်းကိုယ်တိုင်မှာလည်း ကျွန်တော့်အောက်က ညီမလေးကို မွေးပြီး သေဆုံးသွားခဲ့ဖူးပါသည်။

နောက်ပြီး ကျွန်တော်ကိုယ်တိုင် မွေးခန်းထဲမှာ ရှိနေလျှင်လည်း ကျွန်တော့်ဇနီးမှာ ပို၍ အားရှိလာလိမ့်မည် ဟူ၍လည်း ယုံကြည်နေပါသည်။

အဲဒါနဲ့ မွေးခန်းထဲမှာ ကျွန်တော်က ကျွန်တော်၏ဇနီးခေါင်းရင်းဘက်မှာ ထိုင်ရပါသည်။ ဆရာမက မွေးဖွားမည့်နေရာတွင် ထိုင်ကြပါသည်။

နောက် ရေနွေးအိုးအတည်ခိုင်းဖို့ အိမ်နီးချင်းတစ်ယောက်လောက်တော့ ခေါ်ဖို့ လိုကြောင်း ဆရာမကပြောပါသည်။ ဒါ

နဲ့ ကျွန်တော်လည်း မငြင်းသာတော့ဘဲ သားတစ်ယောက်ကို အိမ်နီးချင်း အစ်မငြိမ်းကို သွားခေါ်ရန် လွှတ်လိုက်ပါသည်။

ခဏကြာတော့ အစ်မငြိမ်း ရောက်လာပြီး မွေးခန်းထဲကို ဝင်လာပါသည်။

ပထမတော့ အံ့အားသင့်သွားပုံ ရပါသည်။ နောက် ကျွန်တော်၏ ဇနီးဘေးမှာ ဝင်ထိုင်ပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားပါသည်။

ဆရာမနှင့် အစ်မငြိမ်းတို့နှစ်ဦးမှာ အနည်းငယ် ရှက်အမ်းအမ်းနေကြသည်ဟူ၍ ကျွန်တော် ထင်ပါသည်။

ကျွန်တော့်ဇနီးမှာ ဗိုက်အတော်နာနေပုံ ရပါသည်။ ဒါကို ကျွန်တော်က မသိလေဟန်ပြု၍ နေလိုက်ပါသည်။

အဲဒါနဲ့ ကျွန်တော်က ဆရာမနှင့် အစ်မငြိမ်းတို့နှစ်ဦးလည်း အရက်ပြေစေ၊ ကျွန်တော်၏ ဇနီးလည်း သက်သာလာစေဆိုပြီး လွန်ခဲ့သော အနှစ် နှစ်ဆယ်လောက်က ကြည့်ဖူးခဲ့သော အာဖရိကဇနီးမောင်နှံနှစ်ဦး၊ လင်ယောကျ်ားဖြစ်သူ အာဖရိကအမျိုးသားက ဇနီးဖြစ်သူ ကိုယ်ဝန်သည် အာဖရိကအမျိုးသမီးအား မွေးဖွားပေးပုံကို ပြောပြပါသည်။

နေပူပူ လွင်တီးခေါင်တွင် တိုင်နှစ်တိုင်စိုက်၍ ထုပ်တန်းတွင် ဇနီးဖြစ်သူ ကိုယ်ဝန်သည်အား လက်နှစ်ဖက်တွင် ကြိုးချည်၍ တွဲလွဲဆွဲထားပုံ၊ မြေပြင်နှင့် တစ်တောင်ကျော်ကျော်နီးတောင်လောက် လွတ်နေပုံ၊ အောက်မှ လင်ဖြစ်သူ အာဖရိကအမျိုးသားက ဆောင့်ကြောင့်ထိုင်၍ စောင့်နေပုံ ခဏကြာတော့ ကလေးထွက်ကျလာပုံ၊ နောက် ထုပ်တန်းမှ ကြိုးကို ဖြေ၍ ချ

ပေးပုံ၊ နောက် နွားတစ်ကောင်၏ လည်တိုင်ကို မြားနှင့် ခွင်း၍ မြားကို နုတ်လိုက်သောအခါ နွား၏လည်တိုင်မှ သွေးများ ပန်းထွက်လာပုံ၊ အဲဒါကို ကျောက်ဖရုံသီးခြောက်အခွံခွက်ကြီးဖြင့် သွေးအပြည့်ရသည်အထိ ခံယူပုံ၊ နောက် နွား၏လည်တိုင်မှ သွေးထွက်ရာ မြားချက်အပေါက်ဝကို ရွှံ့စေးဖြင့် ပိတ်ဆို့လိုက်ပုံ၊ နောက်ပြီးတော့ သွေးတစ်ခွက်လုံး ကုန်အောင် ဇနီးဖြစ်သူ အာဖရိက အမျိုးသမီးအား အသောက်ခိုင်း၍ မီးဖွားခြင်းကိစ္စ အောင်မြင်စွာ ပြီးဆုံးသွားပုံတို့ကို ကျွန်တော်က စီကာပတ်ကုံး ပြောပြပါသည်။

ကျွန်တော်၏ ဇနီးသည် သတ္တိ ပို၍ကောင်းလာသည်ဟူ၍ ကျွန်တော် ထင်ပါသည်။

ကျွန်တော်၏ ပေါင်တွင်းကြောကို တစ်ချက်လိမ်ဆွဲလိုက်သည်ကို ကျွန်တော် အခုအထိ မှတ်မိနေပါသည်။

ဆရာမနှင့် အစ်မငြိမ်းတို့နှစ်ဦး အနည်းငယ်စီ ရှက်နေကြသေးသည်ဟု ထင်ပါသည်။

ဒါနဲ့ 'ဆရာမဆိုရင် ကလေးတွေ မွေးဖွားပေးလာခဲ့တာ တော်တော်များရောပေါ့နော်'လို့ ကျွန်တော်က မေးပါသည်။

"ဟာ ပြောမနေနဲ့တော့ တစ်သောင်းကျော်ကျော်လောက်တော့ ရှိလောက်ပြီ"ဟူ၍ ပြောပါသည်။

အစ်မငြိမ်းက ရယ်ပါသည်။

နောက် ဆရာမသည် သူ့ကိုယ်သူ ရှက်စရာမဟုတ်တာကို ရှက်နေမိပါကလားဟု မိမိကိုယ်ကိုယ် ရိပ်မိသွားကာ နည်းနည်း ရှက်သွားပုံရပါသည်။

ဆရာမနှင့် အစ်မငြိမ်းတို့သည် ကျွန်တော့်ကို ရင်းရင်းနှီးနှီး ဖြစ်လာကြပါသည်။

ပျော်ပျော်ရွှင်ရွှင်လည်း ဖြစ်လာကြပါသည်။

တခြား ရယ်စရာတွေကိုလည်း လျှောက်ပြောကြပါသေးသည်။

သားတို့သည် ဝါးထရံပေါက်တို့မှ ကိုယ်စီချောင်း၍ ကြည့်နေကြသည်ကို ကျွန်တော် သိ၍ နေပါသည်။

ထရံပေါက်များမှ သူတို့ရဲ့ မျက်လုံးကလေးတွေကို ကျွန်တော် မြင်တွေ့၍ နေရပါသည်။

ကျွန်တော်က မသိဟန်ဆောင်၍ နေလိုက်ပါသည်။

သားတို့တစ်တွေ တိုးတိုး တိုးတိုးနဲ့ ကျိတ်ပြီး ရယ်နေကြတဲ့အသံတွေကို ကြားတော့ ဆရာမနှင့် အစ်မငြိမ်းတို့က ကလေးတွေကို ...

'ဟဲ့ကလေးတွေ ချောင်းမကြည့်ကြနဲ့'လို့ ပြောကြပါသည်။

ဒါနဲ့ ကျွန်တော်က ဆရာမရယ် သူတို့လည်း ဘယ်လို မွေးဖွားလာခဲ့ကြရတယ်ဆိုတာ မြင်ဖူးကြအောင် ကြည့်ကြပါစေ ဆရာမရယ်လို့ ပြောပြပါသည်။

ခဏကြာတော့ ရေမြွှာပေါက်ပါသည်။

ဆရာမက ကျွန်တော့်ဇနီး၏ ဗိုက်ကို တွန်းပေးဖို့ ပြော၍ ကျွန်တော်က တွန်းပေးပါသည်။ ကျွန်တော့်ဇနီးကိုလည်း ညှစ်ပေးဖို့ ပြောပါသည်။ ကျွန်တော့်ဇနီးသည် ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်အားပြုပြီး ညှစ်ပါသည်။ နောက် ကလေး၏

ဦးခေါင်း အမိ၏ ဝမ်းကြာတိုက်တံခါးပေါက်မှ အပြင်သို့ ထွက်၍ လာပါသည်။

ဆရာမက ခေတ္တရပ်ထားရန် ပြော၍ ရပ်ထားရပါသည်။

ဆရာမသည် လက်ဖျံမှာ ပတ်ထားသော နာရီကို တစ်ချက်ကြည့်၍ အချိန်ကို ပြောပြပါသည်။

ခဏကြာတော့ ဆက်တွန်းပေးရန် ပြော၍ ဆက်တွန်းပေးရပါသည်။ ကျွန်တော့်ဇနီးကိုလည်း ဆက်ညှစ်ပေးရန် ပြော၍ ကျွန်တော့်ဇနီးကလည်း ကျွန်တော့်လက်မောင်းကို အားပြုဆုပ်ကိုင်ကာ ဆက်ညှစ်ပေးပြန်ပါသည်။

ကျွန်တော်လည်း ဝမ်းသာလွန်း၍ ရင်တွေ ခုန်နေပုံကို မိမိကိုယ်မိမိ မြင်တွေ့နေရပါသည်။

နောက် မွေးခန်းသည် တစ်ခဏမျှ တိတ်ဆိတ်ငြိမ်သက်လျက် ရှိပါသည်။

နောက်တော့မှ သမီးကလေးရဲ့ အုဝဲ...အုဝဲ...နဲ့ ငိုသံတွေပေါ်ထွက်လာပြီး ကျွန်တော်တို့အားလုံး ပျော်ရွှင်သွားကြပါသည်။

ကျွန်တော်က ကျွန်တော့်ဇနီး၏ မျက်နှာနဖူးတို့ကို ချွေးသုတ်ပေးပါသည်။

ကျွန်တော့်ဇနီးသည် တော်တော်ကလေး ပင်ပန်းသွားသော်လည်း မျက်နှာမှာ လန်းလန်းဆန်းဆန်း ရှိပါသည်။

ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်ပါသည်။

ကျွန်တော်၏ မှတ်ဉာဏ်သည် တစ်မျိုး ဖြစ်ပါသည်။ နေ့ရက်များကို မှတ်၍ မရပါ။ ကိစ္စရှိ၍ သိလိုလျှင် တစ်ယောက်

ယောက်ကို မေးရပါသည်။ ဒါပေမဲ့ အဲဒီနေ့ကိုတော့ ကျွန်တော် ပြောနိုင်ပါသည်။

ဆရာမက သမီးရဲ့ အမည်ကိစ္စကို ဒီနေ့ တနင်္ဂနွေနေ့ ဆိုပြီး ဥမ္မာလို့ မှည့်ဖို့ ပြောတော့ ကျွန်တော်က ကျွန်တော့် ဇနီး၏ အမည်ကို နောက်မှ ထပ်ဖြည့်ပေးလိုက်ပါသည်။

ဥမ္မာမြ ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်၏ သမီးလေးမှာ ဆရာမ ပေးလိုက်သည့် အမည်နှင့်လည်း လိုက်ပါသည်။ တော်တော်ကလေး ချောပါသည်။ နှင်းဆီပန်းကလေးတစ်ပွင့်ကို ကြည့်နေတာနှင့်လည်း တူပါသည်။

သူ့အမေ၏ အမည်ကို နောက်မှ ထပ်ဖြည့်ပေးလိုက်တော့ ပို၍ ပြည့်စုံသွားပါသည်။

အဲဒါက သတ္တမမြောက် သမီးကလေးကို မွေးဖွားပေးခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ကျွန်တော်၏ သမီးလေးကို အလွန်ချစ်ပါသည်။ အထင်လည်း ကြီးပါသည်။

ပန်းချီဆရာမကြီး ဖြစ်လာမလား၊ ဒါမှမဟုတ် ကဗျာဆရာမကြီး ဖြစ်လာမလား၊ ဒါမှမဟုတ် နိုင်ငံတော်ရဲ့ အကြီးအကဲကြီးများ ဖြစ်လာလေမလား၊ ဒါမှမဟုတ် ကမ္ဘာ့ကုလသမဂ္ဂ၏ အတွင်းရေးမှူးချုပ်ကြီးများ ဖြစ်လာလေမလား စသည်ဖြင့်လည်း စိတ်ကူးတွေ ယဉ်ကြည့်မိလျက်သား ဖြစ်သွားပါသည်။

ကျွန်တော်၏ ဇနီးကိုလည်း ပန်းချီဆရာမကြီး တစ်ယောက်၏ မိခင်လား၊ ကဗျာဆရာမကြီး တစ်ယောက်၏

မိခင်လား၊ နိုင်ငံတော်၏ မိခင်ကြီးတစ်ယောက် ဖြစ်လေမလား၊ ကမ္ဘာ့မိခင်ကြီးတစ်ယောက် ဖြစ်လေမလား စသည်ဖြင့်လည်း တစ်ဆက်တည်း တွေးမိလျက်သား ဖြစ်နေပါသည်။

ကျွန်တော်၏ ဇနီးသည် သဘာဝတရားအတိုင်း နေထိုင်ခြင်းကို မြတ်နိုးသည်။ မမြတ်နိုးသည် ဟူ၍တော့ ကျွန်တော် အတိအကျ မသိပါ။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ အလိုလိုက်ပါသည်။

အင္ဂမမြောက် သားကလေးတစ်ဦး ထပ်၍ မွေးပေးပြန်သည်။

နဝမမြောက်သမီးကလေးတစ်ဦးလည်း ထပ်၍ မွေးပေးပြန်ပါသည်။

ဒသမမြောက်သား သားကလေးတစ်ဦး ထပ်၍ မွေးပေးပြန်ပါသည်။

ကျွန်တော်၏ ဇနီးသည် နောက်ထပ်၍ သား သို့မဟုတ် သမီးတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားမပေးတော့ဟူ၍ ကျွန်တော် ထင်ပါသည်။

ကျွန်တော့်ဇနီး၏ အသက်မှာလည်း ယခု ၄၅ နှစ်ခန့်လောက် ရှိပါပြီ။ ဒါပေမဲ့ အရပ်က ခပ်ပုပုဆိုတော့ ဘယ်လိုမှကို ထင်လို့မရပါ။

ကျွန်တော်သည် တစ်ခါတစ်ခါ သားနှင့်သမီးတို့ကို သူတို့အမေရှေ့တွင် 'ဖေဖေနှင့် မေမေ့ကို ဘယ်သူ့ကို ပိုချစ်သလဲ'ဟူ၍လည်း မေးတတ်ပါသည်။ တချို့က မဖြေကြပါ။ တချို့က သူတို့အမေအနားသို့ ကပ်သွားကြ၍ 'အမေ့ကို ပို

ချစ်တယ်'ဟူ၍ တိုးတိုးကလေး ပြောကြပါသည်။ တချို့က ကျွန်တော့်အနားသို့ ကပ်လာကြ၍ 'အဖေ့ကို ပိုချစ်တယ်'ဟူ၍ တိုးတိုးကလေး ပြောကြပါသည်။

ပျော်စရာကောင်းသည် ဟူ၍ ထင်ရသော်လည်း တကယ်က ထိုအခါများတွင် ကျွန်တော်သည် စိတ်မကောင်း ဖြစ်မိပါသည်။

ကျွန်တော့်ကိုယ် ကျွန်တော်လည်း သားနှင့် သမီးတို့ကို ဘယ်သူ့ကို ပို၍ ချစ်ပါသလဲ ဟူ၍လည်း မေးကြည့်မိပါသည်။

သားနှင့် သမီးများကို (Balance) ဖြစ်စွာ ချစ်သည် ဟူ၍သာလျှင် ဖြေရပါမည်။

နောက်တစ်ခုက သားနှင့် သမီးတို့ကို–

'ဘယ်သူက မွေးပေးထားတာလဲ၊ အဖေက မွေးပေးထားတာလား၊ အမေက မွေးပေးထားတာလား'ဟူ၍လည်း ကျွန်တော်သည် မေးတတ်ပါသေးသည်။

ထိုအခါ သားကြီးတွေက ရယ်ကျဲကျဲနှင့် 'အမေမွေးပေးထားတာ'ဟု ဖြေကြ၍ သမီးကြီးက 'အဖေမွေးပေးထားတာ' ဟု ဖြေပါသည်။

ထိုအခါများတွင် ကျွန်တော်၏ ဇနီးက သားကြီးများ ပြောကြသောအခါ ဝမ်းသာ၍ သမီးကြီး ပြောသောအခါ သဘောမကျဖြစ်ပုံကို တွေ့ရတတ်ပါသည်။

ကျွန်တော်ကတော့ သားကြီးတွေ ပြောကြသောအခါ သဘောမကျ ဖြစ်တတ်၍ သမီးကြီးပြောသောအခါ ဝမ်းသာမိပါသည်။

အငယ်ဆုံးသမီးနှင့် အငယ်ဆုံးသားလေးကို ကျောင်းမထားရသေးပါ။ အသက်မပြည့်ကြသေး၍ ဖြစ်ပါသည်။

ဒါပေမဲ့ အစ်ကိုကြီးတွေ၊ အစ်မကြီးတွေက သင်ပေးထားကြ၍ တစ်ခါတစ်ခါ မပီကလာ ပီကလာနှင့် ၁-၂-၃-၄-၅-၆-၇-၈-၉-၁၀ ကို သီဆို၍ နေတတ်ကြပါသည်။

ကမ္ဘာကြီးကို ဤကဲ့သို့ တည်ဆောက်ထားပါသည်။

(စံပယ်ဖြူမဂ္ဂဇင်း၊ ၁၉၈၇ ခု၊ ဩဂုတ်လ)

သူငယ်တော်

တစ်နေ့သောအခါ မှောင်ရိပ်ပျိုးစပြုတစ်ညတွင် အမည်မသိ လွန်စွာ ပင် ချောမောလှပသည့် မိန်းမငယ်ပြည့်တန်ဆာ မတစ်ဦးသည် ဖခင်မရှိသည့် ကလေးငယ်ကို မွေးဖွားရှိပြီးလျှင် မိန်းမမြတ်တို့တွင် ရှိကြသည့် မိခင်တစ်ယောက်၏ မေတ္တာစေတနာ မရှိသောကြောင့် မင်္ဂလာကန်တော်ကြီး၏ အနီးမှ သရက်ပင်ကြီးတစ်ပင်၏အမြစ်ဆုံခြေရင်းတွင် ညစ်နွမ်းသည့် အဝတ်တစ်ထည်ဖြင့် ကလေး၏ ကိုယ်မှာ ရစ်ပတ်၍ ချထားခဲ့လေ၏။

တစ်ခဏမျှကြာသောအခါ ကလေးငယ်သည် အသံတွေ အဆက်မပြတ်နှင့် တရစပ်ငိုလေရာ တစ်ခါတစ်ခါ အသံတွေ ပြတ်၍ပြတ်၍ လာပြီးလျှင် အသားအရောင်တို့သည် ဖြာနမ်း၍ လာကြလေ၏။

ထိုအခါ ကိုယ်စောင့်နတ်သည် မြင်၍ မချိသောနှလုံး ဖြင့် တစ်ချက်မျှ ပြုံးထေ့လျက် အနီးစုတ်ကို ခြေပြီးလျှင်

အသာအယာကလေးကို မွေ့ချိ၍ ကိန္နရီ ကိန္နရာမောင်နှံတို့ စံ
ပျော်ကြသည့် ငွေတောင်တန်းတို့ဆီသို့ ခေါ်ဆောင်၍ သွား
လေ၏။

ငွေတောင်တန်းတို့၏ အလယ်တွင် အလွန်ကြည်လင်
အေးမြသန့်ရှင်းသာယာလှပသည့် မဟာနန္ဒာကန်ကြီး ရှိလေ၏။

ကိုယ်စောင့်နတ်သည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိ
သည့် ထိုမဟာနန္ဒာကန်ကြီး၏ ရေစပ်တွင် ကလေးငယ်အား
ကိုယ်လက်တို့ကို ကန်ရေဖြင့် သန့်စင်ချိုးပေးသောအခါ လှိုင်း
ငယ်တို့ ဖြစ်ပေါ်၍ သွားကြလေ၏။

ပြီးလျှင် ကိုယ်စောင့်နတ်သည် သူငယ်တော်၏ ကိုယ်ကို
ဖြူဆွတ်သည့် ဗိုင်းတောင့်ငယ်တစ်ခုကဲ့သို့ ပိတ်ဖြူစဖြင့် ရစ်ပတ်
လျက် သလွန်ညောင်စောင်းအရွယ်ခန့်ရှိ ကျောက်ဖျာကြီးတစ်ချပ်
၏ အထက်တွင် ချထားကာ ပြင်ဆင်၍ ကြည့်ပြီးရင်း ကြည့်၍
နေလေ၏။

ကလေးသူငယ်တော်တို့ အိပ်ချိန် ညဉ့်ဦးယံ တောကြက်
တညင်ငယ်တို့ တွန်ကြူးသောအချိန်တွင် သူငယ်တော်သည်
နှစ်ခြိုက်စွာ အိပ်ပျော်၍သွားခဲ့လေသော် ကိုယ်စောင့်နတ်သည်
ကျီစယ်ကလူ ချော့မြူလျက် တစ်ချက်မျှ ရယ်မြူးနေပြီးလျှင်
ဘေးအန္တရာယ်အဖုံဖုံတို့မှ လုံခြုံစေခြင်းအလို့ငှာ အရပ်ဆယ်
မျက်နှာတို့၌ စည်းချကာထားခဲ့၍ ပရိတ်တရားတော်တို့ကို
နာယူလိုသောကြောင့် ပရိတ်တော် ရွတ်ဖတ်တော်မူရာ အရပ်
ဌာနသို့ ကြွမြန်းထွက်ခွာ၍ သွားလေ၏။

အာကာသမိုးကောင်းကင်တစ်ခွင်လုံးတွင်လည်း မိုးတိမ်

မိုးသားတို့သည် ကင်းစင်နေကြကုန်၍ ကြယ်တာရာနက္ခတ် အပေါင်းတို့သည်လည်း စုံလင်၍ နေကြလေကုန်၏။

ထိုစဉ် အချိန်ဝယ် အရှေ့ကျွန်းဆီမှ စန္ဒာသိရီ အမည်ရှိသည့် လနတ်သမီးသည် မြင်သူတကာတို့၏ ရင်တွင်းတွင် ငြိမ်းအေးခြင်း ဖြစ်ကြစေရန်အလို့ငှာ ၎င်း၏ ကြည်လင်သန့်စင်သော မေတ္တာတော်ဓာတ်များကို ထည့်သွင်းကာ ထားသော မြင့်မြတ်သည့် မိခင်တို့၏ နှလုံးသည့်ပွတ်နှင့်လည်း တူသော ငွေစန္ဒာလပြည့်ဝန်းအား တင့်တယ်စွာ ထွန်းလင်းတောက်ပစေလျက် အသာအယာ ထွက်ပေါ်၍လာစေ၏။

ရဟန်းတို့ မေတ္တာသုတ်နှင့်တကွ ပရိတ်တော်အားလုံးတို့ကို အစမှအဆုံးတိုင် ရွတ်ဖတ်၊ သရဇ္ဈာယ်တော်မူကြ၍ ပြီးလေသော် ပရိတ်တရားတော်တို့ကို နာယူနေကြကုန်သော နတ်ဒေဝါအပေါင်းတို့သည် သာဓု အနုမောဒနာ သုံးကြိမ်သုံးခါမျှ ခေါ်ဆိုကြ၍ အလွန်ရှိသေ ရှိခိုးကြပြီးလျှင် မိမိတို့ စံမြန်းကြသည့် ဘုံဗိမာန်များဆီသို့ အသာအယာ တိတ်ဆိတ်စွာ မြန်းကြ၍ သွားကြရာ ကိုယ်စောင့်နတ်သည် သူငယ်တော်ကို ထားခဲ့ရာ ငွေတောင်တန်းတို့ဆီသို့ ခွဲထွက်၍ ပြန်လာခဲ့လေ၏။

ဥတုသုံးလီ ရှိကြသည့်တွင် မိုးအခါ လွန်မြောက်၍ ဆောင်းရာသီသို့ ရောက်ခဲ့ပြီးသကာလ ဆောင်းအကုန် နွေအကူးလေရူးက တသုန်သုန်၊ နှင်းကြွင်းနှင်းကျန်တို့ကလည်း မစုံလင်ကြတော့သဖြင့် မချမ်းလွန်း မပူလွန်း ဥတုသပ္ပာယမှာ မျှတလျက် ရှိလေ၏။

ငွေစန္ဒာ လပြည့်ဝန်းသည်လည်း မဟာနန္ဒာကန်ကြီး၏

အထက်တွင် ရောက်ရှိနေလျှင် အထက် မိုးကောင်းကင်ယံတွင် တစ်ခု၊ လွန်စွာ ကြည်လင်အေးမြလှသည့် မဟာနန္ဒာကန်ရေပြင်ကြီး၏ အထဲတွင်တစ်ခု စုစုပေါင်း နှစ်ခုတို့သည် တစ်ပြိုင်တည်း တည်ရှိ၍ ထွန်းလင်းတောက်ပကာ နေကြလေ၏။

ကိုယ်စောင့်နတ်သည် သူငယ်တော် အိပ်ပျော်လျက်ရှိရာ ကျောက်ဖျာကြီး၏အနီးသို့ ရောက်လာသောအခါတွင် ဝမ်းမြောက်စွာ ရပ်၍ ရှုမဝဖြစ်၍ နေစဉ် သူငယ်တော်သည် လက်ဝဲဘက်တွင် စောင်းငဲ့လျက် အိပ်ပျော်နေရာမှ တစ်ဖန် လက်ယာဘက်သို့ ပြောင်းလှည့်၍ အိပ်ပြန်လေ၏။

ထိုအခါဝယ် အသေအချာ ရစ်ပတ်၍ ထားခဲ့သော ပိတ်ဖြူသည် ပြန်လှပ်၍ သွားလေသဖြင့် ကိုယ်စောင့်နတ်သည် အသာအယာ ပိတ်ဖြူစကို ပြန်ပတ်ခါပေးပြန်လေ၏။

ထိုအချိန်ဝယ် ပဥ္စသိခ နတ်သားသည်လည်း မှေးစက်၍ မပျော်ရှိသည်နှင့် လစန္ဒာကို ထွက်တော်မူ၍ ရှုစားလေရာ အေးမြသည့် လရောင်၏ အရသာသည် ရင်တွင်းတွင် တလှပ်လှပ်ဖြစ်၍လာသည်နှင့် ဗေလုဝနတ်စောင်းတော်ကို ယူဆောင်၍ လရောင်ဖွဲ့ တေးသွားကို တီးခတ်လျက် နေလေရာ ဂီတ၏ သံစဉ်တို့သည် ကောင်းကင်ယံတွင် ပျံ့လွင့်၍ နေကြလေ၏။

နိသဇ်ရှုတင်ကို ကျင့်သုံးကာ ဆောက်တည်၍လည်း မေတ္တာကမ္မဋ္ဌာန်းကို ဆက်လက်၍ စီးဖြန်းခြင်း၊ တရားဘာဝနာတို့ကို စီးဖြန်းခြင်း၊ တရားမှတ်ခြင်း သတိဖြင့် ယှဉ်သော ထိုင်ခြင်း၊ ထခြင်း၊ စင်္ကြံလျှောက်ခြင်း စသည့် ဣရိယာပုတ်သုံးပါးတို့ဖြင့် တစ်လှည့်စီ နေထိုင်ကြကုန်၍ ကြယ်တာရာ နက္ခတ်

အပေါင်းတို့နှင့် ငွေစန္ဒာလပြည့်ပန်းအား ရှုစားကာနေကြရာ ငြိမ်းချမ်း၍ နေကြလေကုန်၏။

ဤသို့ဖြင့် ညဉ့်သုံးယံလွန်မြောက်၍ အရုဏ်သို့ ရောက်သောအချိန်ဝယ် လစန္ဒာသည် အနောက်ကျွန်းသို့ ဝင်ရောက်ကာ ပျောက်ကွယ်၍ သွားလေရာ အရှေ့ဆီဝယ် ခွဲကြွယ်သည် တင့်ရွှန်းကာနေလျက် စိန်ရတနာ အစစ်ကြီးကဲ့သို့ လင်းထိန်ဝေဖြာလျက် ရှိလေ၏။

ရဟန်းအပေါင်းတို့သည် သုံးဆယ့်တစ်ဘုံ၌ ကျင်လည်၍ နေကြကုန်သော အကြွင်းမရှိ အလုံးစုံ ထွက်သက်ဝင်သက် ရှိသော သတ္တဝါ၊ ထင်ရှားသော သတ္တဝါ၊ မျက်စိဖြင့် မြင်ကောင်းသောသတ္တဝါ၊ မျက်စိဖြင့် မမြင်ကောင်းသော သတ္တဝါ၊ အဝေး၌ နေသော သတ္တဝါ၊ အနီး၌ နေသော သတ္တဝါ၊ ထင်ရှားဖြစ်ပေါ်ပြီးသော သတ္တဝါ၊ ဖြစ်ဆဲတည်နေသော သတ္တဝါတို့မှစ၍ အလုံးစုံသော အနန္တ စကြဝဠာ၊ အနန္တ သတ္တဝါတို့အား မေတ္တာပို့၍ အမျှပေးဝေကြလေကုန်၏။

ထိုအခါ ဤစကြဝဠာမှအစပြု၍ ထက်ဝန်းကျင် အရပ်မျက်နှာ စကြဝဠာတစ်သောင်း၌ နေထိုင်ကြကုန်သော နတ်ဒေဝါ အပေါင်းတို့သည် နက်တို့၏ အာနုဘော်ကြောင့် အလုံးစုံကြားသိကုန်၍ တစ်ပြိုင်တည်း ညီညာဖြဖြ သာဓု၊ သာဓု၊ သာဓုဟု ခေါ်ဆိုကြကုန်၏။

ထိုနတ်တို့၏ သာဓုအနုမောဒနာခေါ်ဆိုကြသည့် အသံတို့သည်း စကြဝဠာတိုက်တစ်သောင်းတွင် တစ်ခဲနက် ပျံ့လွင့်၍ သွားကြလေကုန်၏။

ထိုအခါ လောကကို စောင့်ရှောက်၍နေသော လောကနတ်သားသည် ပီတိတွေဝေဖြာ၍ ကြေးစည်၊ ကလတက်၊ ခုန်းမောင်းတို့နှင့်တကွ နတ်စည်တော်ကြီးကို တီးခတ်လေ၏။

ထိုအခါ ဒေဝေါအမည်ရှိ လေနတ်သားသည်လည်း အာကာသဟင်းလင်းတစ်ခွင်တွင် ပျော်ရွှင်ကာမြူးထူး၍ လွင့်လူးလျက် ကကုန်၏။

မဟာသမုဒ္ဒရာကို စောင့်ရှောက်၍ နေသော မဏိမေခလာနတ်သမီးသည်လည်း ရောင်နီပျိုးစ အချိန်ကာလတွင် မဟာသမုဒ္ဒရာငယ် ချိုးရေကို သုံးသပ်လေလျှင် လိပ်၊ မိကျောင်း၊ ငါး၊ ငါးမန်း၊ ဝေလငါးကြီးတို့နှင့် နဂါးကြီးတို့သည်လည်း ပျော်ရွှင်ကာ မြူးထူးကြကုန်၍ ပင်လယ်လှိုင်းကြီးတို့သည်လည်း တဝုန်းဝုန်း မြည်ဟည်းကြလျက် အဆက်မပြတ်သော အသံတို့သည် ဖြစ်ပေါ်၍ လာကြလေကုန်၏။

နံနက်မိုးသောက်အချိန်သို့ ရောက်လေလျှင် သူရိယဟုနာမခေါ်တွင် ကျော်စောသော နေနတ်သားလုလင်သည် နိုးထကာလာပြီးလျှင် ၎င်း၏ ရဲရင့်သော သူရသတ္တိတို့ကို ဖြန့်ဝေလိုသည် ဖြစ်၍ ဖန်စကြာနေဝန်းတွင် ထည့်သွင်းကာ စေလိုက်လေရာ ရွှေရောင်တို့ဖြင့် အတိပြီးသော အလင်းရောင်တို့သည် ဖြန့်ခင်းကာ ရောက်၍ လာကြကုန်၏။

ကမ္ဘာမြေကို အစိုးရသော ဝသုန္ဓေ ဤမဟာပထဝီမြေကြီး၏ မိခင်နတ်သမီးသည်လည်း နိုးထ၍ လာပြီးလျှင် နှင်းရည်နှင်းစက်တို့ဖြင့် မျက်နှာတော်ကို သန့်စင်တော်မူပြီး သကာလ ကမ္ဘာမြေတစ်ခွင်လုံးအား လှည့်လည်၍ ရှုစားလေ၏။

စွန်၊ သိန်းငှက်၊ လင်းယုန် စသော ငှက်တို့သည် ကောင်းကင်ယံတွင် ဝဲပျံနေကြလျက် မြစိမ်းရောင်မြေအပြင်တွင် မြက်ရိုင်းလွင်ပြင်များ၊ မြက်ရိုင်းပန်းများတို့ဖြင့် ရှုမငြီးဖွယ် သာယာလန်းဆန်း၍ နေကြလျက် တောအုပ်အပေါင်းတို့သည် လည်း စိမ်းညို့လျက် ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ အင်၊ အင်ကြင်း၊ သစ်ကနက် စသော အထူးထူး အပြောပြော များ စွာသော သစ်ပင်ကြီးတို့သည်လည်း တစ်ပင်နှင့်တစ်ပင် အလု အယက် ကောင်းကင်ယံသို့ ထိုးထွက်၍ နေကြကုန်လျက် နွယ်ပင် အမျိုးမျိုးတို့သည်လည်း ထိုသစ်ပင်ကြီးတို့ကို လိမ် ယှက်ကာ တက်၍နေကြလေ၏။

ထိုသစ်ပင်ကြီး၊ နွယ်ပင်ကြီးတို့ကို အမှီပြုလျက် နေကြ ကုန်သော၊ ဝါသော အရောင်ရှိသော မြွေ၊ စိမ်းသောအရောင် ရှိသော မြွေ၊ ဟသ်ာပဒါးကဲ့သို့ နီရဲသော အရောင်ရှိသည့် မြွေ၊ ညိုသောအရောင်၊ ပြာသောအရောင် အစရှိသော အရောင် အမျိုးမျိုးတို့ဖြင့် အသီးသီး ရှိကြကုန်သော အရွယ်အစားတို့သည် လည်း အကြီး၊ အငယ်၊ အလယ်၊ အလတ် အမျိုးမျိုးကွဲပြားကြ ကုန်သော မြွေအမျိုးမျိုးတို့သည်လည်း လိမ်ယှက်ကာသွားလာ၍ နေကြကုန်၏။

တည်သီး၊ လွန်သီး၊ သစ်မည်စည်သီး၊ ထောက်ရှာသီး၊ သရက်ဖြူသီး၊ ငှက်ပျောသီး၊ ကြက်မောက်သီး၊ ဒူးရင်းသီးတို့ နှင့် သရက်၊ ပိန္နဲ၊ နလ္လ၊ မာလကာ၊ သြဇာ၊ ရှောက်ချို၊ လိမ္မော်၊ ကျွဲကော အစရှိကုန်သော သစ်သီးတို့သည်လည်း တစ်ဆယ့် နှစ်ရာသီ အခါမရွေး ရှမ်းမှည့်၍ နေကြလျက် ရဲရဲနီသော ကျီး

သစ်သီးတို့သည်လည်း အစွမ်းကုန် လှပ၍ နေကြလေ၏။

ကျေးငှက်သာရကာအပေါင်းတို့နှင့် တောကျိုးကန်း၊ ဇာမဏီ၊ ဥဒေါင်းငှက် အစရှိသည့် ငှက်တို့သည်လည်း အိပ်တန်းကိုယ်စီမှ နိုးတကြလျက် ဟိမဝန္တာသည် ပျံသန်းကြ၍ ချိုနိုးရာရာ သစ်သီးတို့ကို အလိုရှိတိုင်း ထိုးဆိတ်ကာ စားသုံးကြလေကုန်၏။

မဟာလှေကား၊ စကား၊ ကံ့ကော်၊ စွယ်တော်၊ ရင်းမာ၊ ဇလပ်၊ ခတ္တာ၊ ချယား၊ ဆပ်သွား၊ ပုန်းညက်၊ သရဖီ၊ သဇင်၊ အင်ကြင်း အစရှိကုန်သော ပန်းတို့သည်လည်း မဟာမြိုင်တောကြီးအတွင်းတွင် ကြိုင်သင်း၍ နေကြလေကုန်၏။

ပျား၊ ပိတုန်း၊ လိပ်ပြာ အစရှိသည်တို့သည်လည်း ထိုပန်းအမျိုးမျိုးတို့၏ ဝတ်ရည်တို့ကို သောက်သုံးကာ ပျံသန်း၍ နေရှာကြလေ၏။

သမင်၊ ဒရယ်၊ ချေငယ်၊ ဆတ်၊ ဖွတ်၊ ပုတတ်တို့နှင့် ကြောက်မက်ဖွယ်သော တောဝက်၊ ကျွဲ၊ တိုး၊ အောင်း၊ စာမရီ၊ ဆင်၊ စိုင်၊ ပြောင်၊ တောကြောင်၊ ဝက်ဝံ၊ သစ်၊ ကျား၊ ကျားနက် အစရှိသည့် သားရဲအပေါင်းတို့သည်လည်း ဟိမဝန္တာမှ သွားလာ၍ နေကြကုန်လျက် ကေသရာ ခြင်္သေ့မင်းတို့သည်လည်း အိပ်ရာမှ နိုးထကြကာ ရတနာရွှေဂူမှ ထွက်ကြ၍ အညောင်းအညာဆန့်တန်း ကိုယ်ကို လှုပ်ခါရမ်းကြပြီးလျှင် တည်ငြိမ်ခံ့ညားစွာ လမ်းလျှောက်ထွက်၍ လာကြလေကုန်၏။

ကျေးငှက်သာရကာတို့၏ ဆူညံ၍ နေကြသည့်အသံ၊ ဥဒေါင်းငှက်တို့၏ အိုးဝေသံ၊ ချိုးငှက်တို့၏ ကူသံ၊ ဥဩငှက်တို့၏ ဥဩသံ၊ ဘုတ်ငှက်တို့၏အိသံ၊ ပုစဉ်းရင်ကွဲတို့၏

အဆက်မပြတ်သည့်အသံ၊ ပုရစ်ငယ်တို့၏ တစီစီအသံ၊ မြွေတို့၏ တွန်သံ၊ တောကြက်တို့၏ တွန်သံတို့သည်လည်းကောင်း၊ ဆင်တို့၏ အော်သံ၊ ကျားတို့၏ ဟိန်းသံ၊ ကေသရာခြင်္သေ့မင်းတို့၏ ဟောက်သံ အစရှိသော အသံတို့သည်လည်းကောင်း၊ လျှို၊ မြောင်၊ စိမ့်၊ စမ်းတို့သည်လည်း တသွင်သွင်စီးဆင်းနေကြလျက် ရေတံခွန်တန်းတို့သည်လည်း အဆက်မပြတ်သော အသံတို့ဖြင့် ကျဆင်း၍ နေကြကုန်လျက် မဟာမြိုင်တောကြီးသည် သာယာတင့်ဆန်း ကြောက်မက်ဖွယ် အံ့မခန်းလှပ၍ နေလေ၏။

မြစိမ်းရောင် မဟာနန္ဒာကန်ကြီး၏ အထက်တွင်လည်း တိမ်တောင် တိမ်လိပ်တို့သည် ကောင်းကင်ယံသို့ အလုအယက် ထိုးထွက်ကာနေကြလျက် မဟာနန္ဒာကန်ကြီး၏ မြစိမ်းရောင် ရေပြင်ကြီး၏ အထဲတွင်လည်း ဤအတိုင်း ဖြစ်၍ နေကြလျက် ရေဝမ်းဘဲ၊ ဟင်္သာ၊ ကြိုးကြာ၊ ကရဝိတ်၊ စက္ကဝက် အစရှိသည့် ငှက်တို့ဖြင့်လည်း တင့်တယ်၍ နေလေ၏။

ထိုစဉ်ဝယ် ကိန္နရီကိန္နရာတို့သည် ချိုးရေကို သုံးဆောင်ကြရန်အလို့ငှာ ငွေတောင်တန်းတို့၏ အပေါ်မှ ပျံဝဲကာရောက်၍လာကြကုန်၏။

ထိုအခါ ကျောက်ဖျာထက်ဝယ် နံနက်ခင်း၏ လတ်ဆတ်သော နေရောင်ခြည်တို့ဖြင့် ပျော်ရွှင်ကာ မြူးထူး၍ နေရှာသော သူငယ်တော်ကို တွေ့မြင်၍ သွားကြလေရာ ကိန္နရီကိန္နရာတို့သည် အံ့ဩခြင်း၊ ဝမ်းမြောက်ခြင်း၊ သနားခြင်း၊ ကြည်နူးခြင်း၊ နှစ်သက်ခြင်း၊ ချစ်ခြင်း အစရှိသော စိတ်တို့ဖြစ်ကြကုန်၍

တစ်ဦးပြီးလျှင် တစ်ဦး တစ်လှည့်စီ တစ်လှည့်စီ မွေ့ချိုကြကုန်လျက် တစ်ဦးသောကိန္နရာမ၏ လက်ဝယ်သို့ ရောက်သောအခါတွင် မြင့်မြတ်သောမိခင်တို့၏ မေတ္တာဓာတ်နို့နံ့ကို ရရှိ၍ သွားလေလျှင် သူငယ်တော်သည် ဝမ်းနည်း၍ လာကာ ရှိုက်၍ ရှိုက်၍ ငိုလေ၏။

ထိုအခါတွင် ထိုကိန္နရာမိခင်သည် ကဗျာကယာ တောင်ကြားသို့ ယူဆောင်၍ သွားပြီးလေလျှင် သူငယ်တော်ကို ရင်ခွင်တွင်ထား၍ နို့ချိုကို ဝလင်စွာ တိုက်ကျွေးလေ၏။

ထို့နောက် ကျောက်တောင်လျှိုမြောင်တို့၏ အကြားမှ စီးဆင်း၍ ကျလာကြသည့် လွန်စွာ ကြည်လင်အေးမြ သန့်ရှင်းလှသော စိမ့်စမ်းရေတို့ဖြင့် သူငယ်တော်ကို ရေချိုး၍ ပေးပြီးလျှင် မွှေးမြသော သနပ်ခါး၊ နံ့သာဖြူ၊ ကရက်မက်တို့ကို ကျောက်ပြင်၌ သွေး၍ တစ်ကိုယ်လုံး လိမ်းခြယ်လျက် ပန်းပေါင်းစုံ နံ့သာဝတ်မှုန့်ရနံ့တို့ကိုလည်း လိမ်းဖြူး၍ ပေးပြန်လေ၏။

ထို့နောက် ကိန္နရီကိန္နရာအပေါင်းတို့သည် မြစိမ်းရောင် မဟာနန္ဒာကန်ကြီးတွင် ချိုးရေကို ပျော်မြူးစွာ သုံးဆောင်ကြ၍ အားလုံး ပြီးစီးကြလေလျှင် သူငယ်တော်ကို ၎င်းတို့ စံပျော်ရာ ငွေတောင်တန်းဆီသို့ ခေါ်ဆောင်၍ သွားကြလေကုန်၏။

(စံပယ်ဖြူမဂ္ဂဇင်း၊ ၁၉၈၈ ခု၊ မတ်လ)

သင်္ချာသစ်

ကျွန်တော်သည် သင်္ချာပညာကို စိတ်ဝင်စားသူ တစ် ယောက် ဖြစ်ပါသည်။

ငယ်ရွယ်စဉ် ကျောင်းသားဘဝကလည်း သင်္ချာဘာသာ ရပ်တွင် ထူးချွန်သော ကျောင်းသားတစ်ယောက် ဖြစ်ခဲ့ဖူးပါ သည်။

တက္ကသိုလ်ကျောင်းသားဘဝကဆိုလျှင် သတ္တမတန်း ကျောင်းသားများကိုပင် သင်္ချာပြပေးနိုင်ခဲ့ပါသည်။

သို့ရာတွင် ကျွန်တော်၏ အဖြစ်များမှာ အနည်းငယ် ထူးဆန်း၍ နေကြပါသည်။

တစ်နေ့က ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းဈေး ဘက်သို့ ရောက်ရှိခဲ့ပါသည်။ ဆိုင်တန်းများကို လျှောက်၍ ကြည့်ရှုပါသည်။

အထည်အလိပ်တွေ ရောင်းချသည့် သမဝါယမဆိုင် တစ်ဆိုင်၏ ရှေ့သို့ ရောက်ရှိခဲ့ပါသည်။ ဆိုင်ရှေ့ရှိ မှန်ချပ်ကြီး

များအတွင်းတွင် ရနိုင်သည့် အထည်အလိပ်နှင့် အသင့်ချုပ်ပြီး အဝတ်အထည်များ စသည်တို့ကို နမူနာပြသထားပါသည်။ ကလေးဝတ် အင်္ကျီများကို တွေ့၍ အိမ်မှ သားငယ်ကို သတိရသွားပြီးလျှင် ဝယ်ယူရန် ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။

ဆိုင်အတွင်းတွင် လျှပ်စစ်မီးအလင်းရောင် မရှိ၍ အနည်းငယ် မှောင်နေပါသည်။ လျှပ်စစ်မီးမှာ ပျက်၍နေပုံရပါသည်။ ကျွန်တော်မှလွဲ၍ ဈေးဝယ်မည့်သူများကိုလည်း တစ်ဦးတလေမျှပင် မတွေ့ရပါ။ တိတ်ဆိတ်ငြိမ်သက် ခြောက်ကပ်လျက် ရှိပါသည်။

တစ်နေရာတွင် အရောင်းစာရေးမ သုံးလေးဦး စု၍ လက်ဖက်၊ ဂျင်းသုပ်စားရင်း စကားပြောနေကြသည်ကို တွေ့ရပါသည်။

အသက်ကြီးကြီး အမျိုးသမီးကြီးက ဆိုင်တာဝန်ခံဖြစ်ပုံရပါသည်။ ၎င်းတို့ စု၍ ထိုင်နေကြသည့် စားပွဲနေရာသည် ဝင်ပေါက်နှင့် တည့်တည့်နေရာတွင် ရှိ၍ ထိုနေရာများမှာ အပြင်မှ ဝင်ရောက်နေကြသည့် သဘာဝ အလင်းရောင်များဖြင့် လင်းနေကြပြီးလျှင် အလယ်၌ အနည်းငယ် မှောင်၍နေပါသည်။ ကျွန်တော်သည် လက်တင်မှန်ဗီရိုများအတွင်း၌ ရှိကြသည့် ကုန်ပစ္စည်း အထည်အလိပ်များကို အေးအေးဆေးဆေး လျှောက်၍ ကြည့်ရှုပါသည်။ ပထမ ကျွန်တော်မှာ အပြင်မှ ဝင်ရောက်လာသူဖြစ်ရာ သဲကွဲစွာ မမြင်ရဘဲ ဖြစ်နေ၍ နောက်မှ တဖြည်းဖြည်းနှင့် သဲသဲကွဲကွဲ မြင်ရလာပါသည်။ ကလေးဝတ် အင်္ကျီများကို တွေ့တော့ လက်တင်မှန်ဗီရိုရှေ့တွင် ရပ်၍ အသေအချာကြည့်

ပါသည်။ ဈေးနှုန်းများကိုလည်း စက္ကူကတ် ပြားငယ်ကလေးများဖြင့် ရေးပြထားပါသည်။ ကတ်ပြားငယ် ကလေးတစ်ခုပေါ်တွင် '၁၈ ကျပ်၊ ၅၀ ပြား' ဟူ၍ ရေးပြထားရာ ဈေးနှုန်းမှာလည်း သက်သာနေသဖြင့် ကျွန်တော်ဝယ်ယူရန် ဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော်သည် အရောင်းစာရေးမများ ရှိရာဘက်သို့ လှည့်၍ ကျွန်တော့်အား ကလေးဝတ်အင်္ကျီများပြသရန် လှမ်း၍ ပြောလိုက်ပါသည်။ ဆိုင်တာဝန်ခံအမျိုးသမီးကြီး၏ စားပွဲရှေ့တွင် မတ်တတ်ရပ်နေသည့် အသားဖြူဖြူ စာရေးမတစ်ဦးသည် လက်ထဲတွင်ရှိသည့် ဖွန်းငယ်ကလေးမှ လက်ဖက်များကို ပါးစပ်ထဲသို့ထည့်လိုက်၍ ဇွန်းကို လက်ဖက် သုပ်ပန်းကန်ထဲသို့ ပြန်ချထားခဲ့ပြီးလျှင် ကျွန်တော်ရှိရာ မှန်ဗီရိုသို့ ရောက်ရှိ၍ လာပါသည်။ ပါးစပ်မှလည်း တရှူးရှူးနှင့် ငရုတ်သီးစပ်နေပုံ ရပါသည်။ ကျွန်တော့်ကို လက်တင်မှန်ဗီရို အတွင်းမှ ကလေးဝတ်အင်္ကျီတစ်ထည် ထုတ်၍ ပြပါသည်။ ကျွန်တော်က အစနှင့် ချုပ်ရိုးများကို အသေအချာ ကြည့်ရှုနေတော့ စာရေးမက ကျွန်တော့်ကို အသေအချာကြည့်နေပါသည်။ တကယ်ဝယ်မည့်သူ ဟုတ်မဟုတ် အကဲခတ်နေပုံရပါသည်။ အင်္ကျီမှာ အစနှင့် ချုပ်ရိုးများလည်း ကောင်းပါသည်။ အရောင်မှာလည်း အညာကျေးလက် အရောင်အသွေးမျိုး ဖြစ်နေ၍ အညာသား ကျွန်တော်က ကြိုက်နှစ်သက်ပါသည်။ နောက်အရောင်မတူသည့် တစ်ထည်ကို ထပ်၍ပြရန် ပြောပြရာ ထုတ်၍ ပြပါသည်။ ထိုအရောင်ကလေးမှာလည်း ဘုန်းကြီးကျောင်းသားအရောင်ကလေးမို့ ကျွန်တော် သဘောကျပါသည်။ စာရေးမသည် ကျွန်တော် ကြည့်ရှုနေစဉ် ပထမထုတ်ပြထားသည့်

ဘေားမှ အထည်ကို ပြန်ယူသွားပြီးလျှင် မှန်ဗီရိုအတွင်းသို့ ပြန်၍ ထည့်ပါသည်။ ဒါနဲ့ ကျွန်တော်က နစ်ထည်ယူမည့်အကြောင်း စောစောက ပြန်ထည့်လိုက်သည့် အင်္ကျီကိုပါ ပြန်၍ပေးရန် ပြောပြပါသည်။ ထိုအခါ စာရေးမသည် ကျွန်တော့်ထံမှ ဒုတိယ အင်္ကျီကိုပါ ပြန်၍ ဆွဲယူသွားပြီးလျှင် မှန်ဗီရိုတွင်းသို့ ပြန်၍ ထည့်လိုက်ပါသည်။ ကျွန်တော့်မှာ အံ့အားသင့်စွာဖြင့် သူမ၏ လုပ်ကိုင်နေပုံတို့ကိုသာ ကြည့်ရှု၍ မှင်တက်နေမိပါသည်။ ထို့ နောက်မှ သူမ၏ နောက်ကြောဘက်တွင် ရှိသည့် မှန်ဗီရိုမြင့်မြင့် ကြီးထဲမှ တစ်ရောင်စီ နစ်ထည်ကို ထုတ်၍ပေးပါသည်။ သူမ ၏ ကိုယ်လုံးကိုယ်ပေါက် မဆိုးပုံကို ကျွန်တော် သတိပြုလိုက် မိပါသည်။ ကျွန်တော်က ၁၈ ကျပ်၊ ၅၀ ပြားကို လွယ်ကူစေရန် ၂၀ ကျပ်စီ သဘောထားလိုက်၍ အိတ်ထဲမှ ၄၅ ကျပ်တန်တစ်ရွက် ကို ထုတ်ပေးလိုက်ပါသည်။ ကျွန်တော် အသေးစိတ် မတွက် ချက်တတ်ပါ။ ကျွန်တော် ပြန်အမ်းငွေ ရရှိမည်ဟူ၍သာလျှင် သိပါသည်။ မည်၍မည်မျှ ရရမည်ကို ကျွန်တော် မသိပါ။ ဒါ နဲ့ ကျွန်တော်က ဘာမျှ မစဉ်းစား မတွက်ချက်ဘဲ သူမကိုသာ ငေး၍ ကြည့်ရှုနေမိပါသည်။ သူမ၏ ဆံပင်နှင့် မျက်လုံး၊ မျက် တောင်၊ မျက်ခုံးတွေက ပို၍ မည်းတယ်လို့ ထင်ပါသည်။ သူမ ၏ ပါးမို့မို့ကလေးနစ်ခုမှာလည်း သဘာဝအတိုင်း ပန်းသွေး ရောင်ထနေကြပါသည်။ လက်ယာဘက်က ပါးပြင်မို့မို့ကလေး ပေါ်တွင် ရဲနေတဲ့ ချစ်မိရာ အစဉ်းငယ်သေးသေးလေးတစ်ခုကို လည်း တွေ့ရပါသည်။ သူမ၏ နှုတ်ခမ်းကလေးများမှာလည်း ပင်ကိုရောင်ရဲရဲလေးတွေ ဖြစ်ကြပါသည်။ တချို့အမျိုးသမီးများ

မှာ အသားဖြူသော်လည်း နှုတ်ခမ်းတွေက မည်းနေတတ်တာကို တွေ့ဖူးပါသည်။ နှုတ်ခမ်းအရေပြား အထူအပါး ကွာပုံရပါသည်။ ယခု သူမရဲ့ နှုတ်ခမ်းကလေးများက စပျစ်သီးလို အရေပြားပါးပါးကလေးတွေ ဖြစ်နေလို့ ရဲနေကြတာနေမှာပဲလို့လည်း ထင်မိပါသည်။ နှုတ်ခမ်းရဲ့ အသားတစ်ကလေးတွေကလည်း တင်းပြီး ပြောင်နေတော့ ကြမ်းကြမ်းတမ်းတမ်းဆိုရင် ပေါက်ထွက်သွားလေမလားလို့တောင် ကျွန်တော့်မှာ စိုးရိမ်နေမိပါသည်။ အောက်နှုတ်ခမ်း လက်ဝဲဘက် အသားတစ်ကလေးတစ်ခုရဲ့အပေါ်မှာ မှဲ့သေးသေးကလေးတစ်လုံး ရှိနေတာကိုလည်း မြင်တွေ့နေရသည်ဖြစ်ရာ ကျွန်တော့်မှာ စိတ်ဝင်စားစွာဖြင့် ကြည့်နေမိပါသည်။ သူမသည် နှုတ်ခမ်းကလေးများကို တလှုပ်လှုပ်နှင့် စိတ်တွက်ဖြင့် တွက်ချက်၍ နေပါသည်။ သူမလည်း ကျွမ်းကျင်စွာ တွက်ချက်တတ်သူတစ်ဦး မဟုတ်ပါ။ ကျွန်တော်ကဲ့သို့ပင် ယောင်ချာချာတစ်ဦးမျှသာ ဖြစ်ပါသည်။ နှစ်ထည်ဆိုတော့ ၃၇ ကျပ်လို့ ထင်တယ်နော်လို့ ကျွန်တော့်ကို ကြည့်၍ ပြောပါသည်။ ကျွန်တော် မသိပါ။ ဒါနဲ့ ကျွန်တော်က ခပ်တည်တည်နှင့် ဆိတ်ဆိတ်နေလိုက်ပါသည်။ ကျွန်မကို ကျပ်တန်နှစ်ရွက်ပေး ဟူ၍ ပြောပါသည်။ ကျွန်တော်က အင်္ကျီအိတ်ထဲမှာ ရှာဖွေ၍ ကျပ်တန်ညစ်နွမ်းနွမ်းကလေးနှစ်ရွက်ကို ထုတ်လိုက်ပါသည်။ သူမရဲ့ ပန်းနုရောင်လက်ချောင်း ဖြူဖြူဥဥကလေးထဲတွေကို နည်းနည်းစုတ်နေသေးတဲ့ ကျွန်တော့်ရဲ့ ပျော့ဖတ်ဖတ်ညစ်နွမ်းနွမ်းကျပ်တန်ကလေးနှစ်ရွက်ကို ပေးလိုက်ဖို့ ကျွန်တော့်မှာ ဝန်လေးနေမိပါသည်။ စိတ်မကောင်းလည်း ဖြစ်၍ သွားပါ

သည်။ ဒါပေမဲ့ ကျွန်တော် ဘာမျှ မတတ်နိုင်ပါ။ တခြားပြောင်း၍ လဲပေးရန်လည်း မရှိတော့ပါ။ ၎င်းကို သူမ ရိပ်မိသွားပုံရပါသည်။ ကိစ္စမရှိပါဘူး ရပါတယ်လို့ ကျွန်တော့်ကို ပြောပါသည်။ ဒါနဲ့ ကျွန်တော်က ကျပ်တန်ညစ်နွမ်းနွမ်းကလေးနှစ်ရွက်ကို လှမ်းပေးလိုက်တော့ သူမရဲ့ လက်ကလေးတွေက ပိုလို့လှနေတာကို တွေ့ရပါသည်။ အဲဒီတော့ ကျွန်မက တစ်ဆယ် ပြန်ပြီးတော့ ပေးရမှာပေါ့နော်၊ ဟုတ်တယ် မဟုတ်လားလို့ ကျွန်တော့်ကို တိုင်ပင်ပါသည်။ ကျွန်တော် ဘာမျှ မသိပါ။ ထိုအခါ ကျွန်တော့်မှာ အနည်းငယ် လန့်၍ သွားကာ ကျွန်တော် စိတ်တွက်မတွက်တတ်ကြောင်း စကားအထစ်ထစ် အငေါ့ငေါ့ဖြင့် ပြန်၍ ပြောပြမိပါသည်။ ထိုအခါ စာရေးမမှာ ကျွန်တော့်ကို အားနာသွားပုံ ရပါသည်။ ခြောက်သွားတဲ့ သူမရဲ့ နှုတ်ခမ်းကလေးတွေကို လျှာကလေးနဲ့ ပတ်ချာလှည့်သတ်ပြီးတော့ ဣန္ဒြေရရ စဉ်းစဉ်းစားစားဖြင့် ငါးကျပ်တန် ညစ်နွမ်းနွမ်းနှစ်ရွက်ကို ထုတ်ပေးရင်း ဟုတ်တယ်နော်လို့ ကျွန်တော့်ကို ထောက်ခံရန် ပြော၍ ပေးပါသည်။ ဒါနဲ့ ကျွန်တော်က ဘာမျှမသိတာနှင့် ဘာမျှမပြောဘဲ ပြန်အမ်းငွေကို လက်ထဲမှာကိုင်ရင်း အင်္ကျီနှစ်ထည်ကိုလည်း လွယ်ထားသည့် လွယ်အိတ်အတွင်းသို့ ထည့်၍ ယောင်ချာချာနှင့် ဆိုင်တွင်းမှ ထွက်ခဲ့ပါသည်။

ဆိုင်အပြင်ကို ရောက်တော့ လမ်းလျှောက်သွားနေရင်း ဟုတ်မဟုတ် အသေအချာ စဉ်းစား တွက်ချက်ကြည့်ပါသည်။ သူမ နစ်နာသွားမည်ကို ကျွန်တော့်မှာ စိုးရိမ်၍နေပါသည်။ ခေတ်တော်ကလေးကြာမှ မှန်နေကြောင်း သိရှိသွားကာ ကျွန်

တော်၏ ဦးခေါင်းမှာလည်း ကြည်လင်သွား၍ ခန္ဓာကိုယ်မှာလည်း ပေါ့ပါးလန်းဆန်းလာပါသည်။ အပြင်တွင် လူတွေ ရှုပ်ယှက်ခတ်နေကြသည့် ကျွန်တော်၏ ခြေထောက်များမှာလည်း သွက်လက်၍ လာကြပါသည်။ နောက်တစ်ခုက ကျွန်တော်၏ သင်္ချာအယူအဆများမှာလည်း တစ်မျိုးဖြစ်၍ နေကြပါသည်။ ကျွန်တော် ငယ်စဉ်က (၁ + ၁ = ၂)လို့ သိရှိထားခဲ့သည့် ဂဏန်းများမှာ ယခု (၁ + ၁ = ၀) ဖြစ်၍ နေကြပါသည်။ တစ်ခါ (၁ + ၂ = ၃) ဖြစ်ရမည့် နေရာတွင်လည်း (၁ + ၂ = ၀) သာလျှင် ဖြစ်၍ နေကြပြန်ပါသည်။

နောက်တစ်ခုက သိပ္ပံပညာကိုလည်း ကျွန်တော် စိတ်ဝင်စားပါသည်။ ဒါပေမဲ့ ကျွန်တော့်မှာ ယနေ့အချိန်အထိ တယ်လီဖုန်းကိုမျှပင် ကောင်းစွာ မဆက်တတ်သေးပါ။ ကျွန်တော် တယ်လီဖုန်းဆက်သည့် အခါများတွင် ရှုပ်ထွေးနေသည်က တယ်လီဖုန်းနံပါတ်ကို လှည့်ပြီး နားထောင်သည့်အခါ တီ၊ တီ၊ တီ ဟူ၍ မြည်နေသည့် အသံတိုက ဘာကြောင့်၊ တစ်ခါ တီ…တီ…တီ…ဟူ၍ မြည်နေသည့် အသံရှည်က ဘာကြောင့် ဆိုသည်တို့ကို ခွဲခြားမသိရှိသည့် ကိစ္စဖြစ်ပါသည်။ မိတ်ဆွေသူငယ်ချင်းများကို မေးကြည့်တော့ ကျွန်တော့်ရဲ့ မိတ်ဆွေများက စိတ်ရှည်လက်ရှည်နဲ့ အသေအချာ ရှင်းပြကြပါသည်။ ကျွန်တော့်မှာ သဘောပေါက်သွားသလိုလိုနှင့် နောက်တစ်ခါ မေ့သွားပြန်ပါသည်။ အဲဒီလိုနှင့် ကျွန်တော့်မှာ တယ်လီဖုန်းကိုမျှပင် မဆက်တတ်သေးသည့် လူတစ်ယောက်ဖြစ်၍ နေပါသည်။ တစ်ခါကလည်း တယ်လီဖုန်းကို ပြောင်းပြန်ကြီးကိုင်ပြီး နား

ထောင်နေဖူးပါသည်။ စကားပြောသည့်ဘက်က နားထောင်ပြီး နားထောင်ရမည့်ဘက်ကို ပါးစပ်ရှေ့ထားမိနေခြင်း ဖြစ်မိတာကို ပြောတာ ဖြစ်ပါသည်။ အဲဒီကိစ္စကိုတော့ သူများတွေ တယ်လီဖုန်းဆက်ကြသည့်အခါတိုင်း မှတ်မိအောင် ဘေးကနေ ခဏခဏကြည့်ပြီး မှတ်တာနဲ့ ယခုတော့ မှတ်မိသလိုလို ရှိသွားပါပြီ။

နောက်ပြီးတော့ ရေဒီယိုနဲ့ ကက်ဆက်ကိုလည်း ယနေ့အထိ မဖွင့်တတ်သေးပါ။ ဂဏန်းပေါင်းတဲ့ ကွန်ပျူတာစက်သေးသေးကလေးတွေကိုလည်း အသုံးမပြုတတ်သေးပါ။ သူငယ်ချင်းတွေက သင်ပြပေးသော်လည်း ကျွန်တော့်မှာ မမှတ်မိပါ။ တယ်လီဗေးရှင်းနဲ့ တခြားစက်ပစ္စည်းတွေကိုတော့ ပြောပြဖို့ပင် လိုမည်မထင်တော့ပါ။

ငင်းကိစ္စနှင့် ပတ်သက်၍ကတော့ ငင်းပစ္စည်းများတို့သည် သိပ္ပံပညာမဟုတ်၊ သိပ္ပံပစ္စည်းများသာလျှင် ဖြစ်ကြသည်ဟူ၍ ကျွန်တော်က သဘောထားမိသောကြောင့် ဤကဲ့သို့ မသုံးစွဲတတ်ခြင်း ဖြစ်ပုံရပါသည်။

ငင်းကိစ္စနှင့် ပတ်သက်သည့် အကြောင်းကိုလည်း ထားလိုက်ပါတော့၊ နယူတန်ဆိုသည့် သိပ္ပံပညာရှင်ကြီးမှာလည်း ငင်းပစ္စည်းများကို မြင်ရုံမျှပင် မြင်ဖူး၍ မသွားရှာခဲ့ပါ။

နောက်တစ်ခါကျတော့ ကိစ္စတစ်ခုကို စဉ်းစားဆင်ခြင်သည့်အခါများတွင် သင်္ချာတစ်ပုဒ်ကို စဉ်းစားတွက်ချက်နေမိသည့်ပုံမျိုး ဖြစ်၍ နေတတ်ပြန်ပါသည်။

တစ်ခါက ကျွန်တော်သည် သတင်းစာထဲတွင် သတင်း

တစ်ပုဒ်ကို ဖတ်လိုက်မိဖူးပါသည်။ ရက်စွဲကို တိတိကျကျ မမှတ်မိတော့ပါ။ အိန္ဒိယပြည်တွင် အင်ဒီယာဂန္ဒီ ကွယ်လွန်ပြီး ခါစ အချိန်လောက်က ဖြစ်ပါသည်။ သားဖြစ်သူ ရာဂျစ်ဂန္ဒီက ဝန်ကြီးချုပ်ဖြစ်လာသည်။ မကြာမီ ဝန်ကြီးချုပ်သစ် ရာဂျစ်ဂန္ဒီသည် အိန္ဒိယတိုင်းသူပြည်သားများသို့ မိန့်ခွန်းပြောကြားခဲ့ပါသည်။ ထိုမိန့်ခွန်းထဲတွင် အိန္ဒိယနိုင်ငံကြီးသည် နှစ်ပေါင်း ၃၀၀ ခန့် ခေတ်နောက်ကျ ကျန်ရစ်ခဲ့သည့် အကြောင်းကို ထည့်သွင်းပြောဆိုသွားပါသည်။ ၎င်းသတင်းကို ထိုအချိန်က ကျွန်တော်တို့နိုင်ငံမှ သတင်းစာများတွင် ဖတ်လိုက်ရဖူးသည်ဖြစ်ရာ ကျွန်တော့်မှာ ၎င်းသတင်းကို ယနေ့တိုင်ပင် မှတ်မိ၍ နေပါသည်။

၎င်းကိစ္စကို ဝန်ကြီးချုပ်သစ် ရာဂျစ်ဂန္ဒီသည် မည်ကဲ့သို့ ဖြေရှင်းမည်နည်း။ ထိုမေးခွန်းမှာလည်း ကျွန်တော့်တွင် တစ်ဆက်တည်း ဆိုသလိုပင် ပေါ်ပေါက်၍လာခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်၍နေပါသည်။

ရာဂျစ်ဂန္ဒီသည် ၎င်းကိစ္စကို မည်သည့်နိုင်ငံများနှင့် တိုင်းထွာ၍ ပြောခဲ့သနည်း။ ထိုကိစ္စမှာ ရှင်းပါသည်။ အမေရိကန်၊ ဆိုဗီယက်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန် စသည့် နိုင်ငံတို့နှင့်သာ နှိုင်းယှဉ် တိုင်းထွာ ပြောဆိုသွားခဲ့ခြင်းသာ ဖြစ်စရာ အကြောင်း ရှိပါသည်။

ထိုနိုင်ငံတို့နှင့် တန်းတူ အမီဖြစ်ရန် ရာဂျစ်သည် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။ ထိုကိစ္စမှာ ဘာကြောင့် ဖြစ်ခဲ့ရပါသနည်း။ ဘာကြောင့် အိန္ဒိယသည် နှစ်ပေါင်း ၃၀၀ နောက်ကျ

ကျန်နေရစ်ခဲ့ရပါသနည်း။

အိန္ဒိယသည် အိပ်ပျော်နေခဲ့၍သော်လည်းကောင်း၊ သို့တည်းမဟုတ် အပျင်းထူ၍ ထိုင်နေခဲ့မိသဖြင့်သော် လည်းကောင်း၊ သို့တည်းမဟုတ် သွားနေခြင်းသာလျှင် ဖြစ်သည်ဆိုပါစို့၊ အလျင်နှုန်း မည်မျှနှင့်သာလျှင် သွားနေခဲ့ပါသနည်း။ တစ်ခုခုသော အကြောင်းကြောင့်သာလျှင် ဖြစ်ရပေလိမ့်မည်။

ဆိုပါစို့ အိန္ဒိယသည် တစ်နာရီလျှင် ၁၀ မိုင်နှုန်းနှင့် သွားနေခဲ့၍ အမေရိကန် စသည်တို့သည် တစ်နာရီလျှင် ၁၀၀ မိုင်နှုန်း ပြေးနေခြင်း ဖြစ်ချင်ဖြစ်မည်။ ထို့ကြောင့်သာလျှင် ကာလတစ်ခုကြာသောအခါ အိန္ဒိယသည် နှစ်ပေါင်း ၃၀၀ နောက်ကျ၍ ကျန်နေရစ်ခြင်းသာလျှင် ဖြစ်ရပေလိမ့်မည်။

ကောင်းပြီ၊ ယခု ရာဂျစ်သည် တစ်နာရီလျှင် ၁၀၀ မိုင်နှုန်းနှင့် ပြေးမည်ဆိုပါစို့။ နှစ်ပေါင်း မည်မျှကြာသောအခါ အမေရိကန် စသူတို့ကို မီမည်နည်း။ နှစ် ၃၀၀ ကျန်ရစ်နေခြင်းကို ဆက်လက် ထိန်းသိမ်းနေခြင်းသာလျှင် ဖြစ်နေပေလိမ့်မည်။ (ဝါ) ထိုရာဂျစ်၏ တစ်နာရီ ၁၀၀ မိုင်သွားနှုန်းသည် နှစ် ၃၀၀ ကျန်နေရစ်ခဲ့ခြင်းကို နှစ် ၄၀၀ ကွာဟမှု ဖြစ်မလာစေရန်သာလျှင် ကြိုးစားနေခြင်း ဖြစ်နေပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် အမေရိကန် စသူတို့ကလည်း ၎င်းတို့၏ သွားနှုန်းတစ်နာရီလျှင် ၁၀၀ မိုင်နှုန်းနှင့် ဆက်လက်၍ သွားမြဲသွားလျက်သာ သွားနေကြပေလိမ့်မည်။

အကယ်၍ အမေရိကန် စသူတို့သည် ရာဂျစ်ကို ထိုင်၍ စောင့်နေကြမည်ဆိုလျှင်တော့ ရာဂျစ်၏ တစ်နာရီ ၁၀၀

မိုင်သွားနှုန်းသည် တစ်နေ့နေ့တွင် ၎င်းတို့ကို မီလာရန် အကြောင်း ရှိပေသည်။

သို့ရာတွင် အမေရိကန် စသူတို့သည် ၎င်းကို ထိုင်စောင့်နေကြမည် မဟုတ်သည့်အပြင် ၎င်းတို့၏ အလျင်နှုန်းကို ပို၍ သာလျှင် မြင့်လာဖွယ်ရာ အကြောင်းရှိပါသည်။

ထိုအခါ ရာဂျစ်သည် ၎င်းကိစ္စကို မည်ကဲ့သို့ ဖြေရှင်းမှ ရမည်နည်း။

ဤကဲ့သို့ ကျွန်တော်သည် သချာတစ်ပုဒ်ပမာ စဉ်းစားတွေး၍ နေမိပါသည်။

ထို့နောက် ကျွန်တော်သည် လေးလံသော ပစ္စည်းတစ်ခုကို ဗလကောင်းကောင်း လူသန်ကြီးတွေ လေးငါးဆယ်ယောက်ခန့် အသိဉာဏ်ကို အသုံးမပြုဘဲ ကြိုးကြိုးစားစား ဝိုင်းပြီး မရွေ့နေခြင်းမျိုးကို စိတ်မဝင်စားတတ်ပါ။ လူပိန်ပိန်ကလေး တစ်ဦးက ထိုလေးလံသောပစ္စည်းကို သံတူးရွင်းတစ်ချောင်းဖြင့် ကလော်ကလန့်၍ ရွေ့ပြောင်းနေခြင်းမျိုးကိုသာ စိတ်ဝင်စားတတ်ပါသည်။ သို့ရာတွင် ကျွန်တော့်ကိုယ်နှိုက်ကား ထိုအလုပ်မျိုးကို ပင်လျှင် ကြည့်ရုံမျှသာ စိတ်ဝင်စားတတ်၍ ကိုယ်တိုင်ကား မလုပ်လိုသူတစ်ဦးမျှသာလျှင် ဖြစ်ပါသည်။ အလုပ်ဆိုသောကိစ္စကို ကျွန်တော် စိတ်ဝင်စားတတ်ပါသည်။ အလုပ်နှင့် ပတ်သက်၍ ခန္ဓာကိုယ်နှင့် ပတ်သက်သော အလုပ်၊ ဉာဏ်ပညာနှင့် ပတ်သက်သောအလုပ်၊ တိုတိုပြောရလျှင် စိတ်အလုပ်နှင့် ရုပ်အလုပ်နှစ်ခုတွင် စိတ်အလုပ်ကိုသာ ပို၍ စိတ်ဝင်စားပါသည်။ ရုပ်အလုပ်နှင့် ပတ်သက်၍ မိမိ၏ ခန္ဓာကိုယ်ကို ပင်ပင်ပန်းပန်းခိုင်းစေ

ခြင်းမျိုးကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါသည်။

မိုက်မိုက်ကန်းကန်းနှင့် ဆန်အိတ်နှစ်လုံးကို တစ်ပြိုင်တည်းဆင့်၍ ထမ်းပြသော အလုပ်သမားများကို ကျွန်တော်ငယ်စဉ်ကလေးဘဝကတည်းက စိတ်မဝင်စားခဲ့ပါ။ လူဖြစ်လျက်နှင့် နွားတစ်ကောင်ကဲ့သို့ သန်မာအောင် ကြိုးစားနေကြသောလူများကို ကြည့်လို့၊ မြင်လို့ မရခဲ့ပါ။ လူနှင့် တိရစ္ဆာန်တို့၏ ခြားနားချက်သည် အသိဉာဏ်သာလျှင် ဖြစ်သည်ဟူ၍လည်း သဘောထားခဲ့ပါသည်။

တစ်နေ့က ကျွန်တော်တို့၏ ရပ်ကွက်တွင်းသို့ ဆင်ကြီးတစ်ကောင် ရောက်ရှိ၍ လာခဲ့ပါသည်။ ရပ်ကွက်ထဲမှ ကလေးများ တော်တော်လေး ရုတ်ရုတ်သဲသဲဖြစ်သွားကြပါသည်။ ဆင်ကြီးဟေ့ ဆင်ကြီးဟု အော်ဟစ်ပြေးလွှားသွား၍ ကြည့်ရှုကြပါသည်။ ကျွန်တော်၏ သားသမီးငယ်များလည်း အိမ်တွင်းမှ ပြေးထွက်သွားကြပါသည်။

အတော်ကလေးကြာတော့ ပြန်ရောက်လာကြပြီး ကျွန်တော့်ရဲ့ သားအငယ်ကောင်မှာ တော်တော်ကလေး တအံ့တသြဖြစ်၍ နေပါသည်။ မျက်လုံးကလည်း အပြူးသားနှင့် လူသေးသေးက ဆင်ကြီးရဲ့ ဦးခေါင်းပေါ်မှာ ထိုင်လို့ အဖေလို့လည်း စကားတွေ အထစ်ထစ် အငေါ်ငေါ်နှင့် ကျွန်တော့်ကို ပြောပြပါသည်။ နောက်ပြီးတော့ နှာမောင်းကြီးကလည်း အရှည်ကြီး အောက်ကို တွဲကျနေပြီး တလှုပ်လှုပ်နဲ့လို့လည်း ပြောပြပါသေးသည်။ ကျွန်တော်၏ သားမှာ ရန်ကုန်တိရစ္ဆာန်ရုံသို့ မရောက်ဖူးသေး၍ သူ့ဘဝတွင် ဆင်ဆိုသော သတ္တဝါကြီးကို ပထမ

ဦးဆုံး မြင်ဖူးသွားခြင်းဖြစ်ရာ တော်တော်ကလေး အံ့သြ၍နေပါသည်။ ထိုဆင်ကြီးမှာ ဦးမောင်မောင်၏ ဆပ်ကပ်အဖွဲ့က ဆင်ကြီး ဖြစ်သည်ကို ကျွန်တော် သိလိုက်ပါသည်။ ဦးမောင်မောင်၏ ဆပ်ကပ်အဖွဲ့မှာ တောင်ဥက္ကလာပမြို့နယ်တွင် ရှိရာ ကျွန်တော်တို့ သင်္ကန်းကျွန်းမြို့နယ်နှင့် နီးပါသည်။ ထိုဆင်ကြီးကို အညောင်းပြေ လမ်းလျှောက်ခိုင်းရင်းလာခြင်း ဖြစ်ဟန် တူပါသည်။

ကျွန်တော်လည်း ကလေးဘဝက ဆင်ကြီးတစ်ကောင်၏ ဦးကင်းပေါ်တွင် လူသေးသေးကလေးတစ်ဦးက ထိုင်၍ လက်ထဲတွင် ပေါက်ချွန်းသေးသေးကလေးနှင့် လိုရာကို လိုသလို ခိုင်းစေနေခြင်းမျိုးကို တအံ့တသြ ဖြစ်ခဲ့ဖူးပါသည်။ သို့ရာတွင် ယခုအခါ၌ လူတို့သည် ကရိန်းကဲ့သို့သော ဝန်ချီစက်ပစ္စည်းကြီးများနှင့် အလုပ်လုပ်နေကြပုံတို့ကို တွေ့ရသောအခါ လူတို့သည် တစ်ချိန်ချိန်တွင် ၎င်းဆင်တို့ကို အသုံးမဝင်တော့၍ ကမ္ဘာမြေပေါ်တွင် အသက်ရှင်နေထိုင်ခွင့်ကိုမျှပင် ခွင့်ပြုကြပါတော့မည်လား ဟူ၍လည်း ဆင်ဆိုသောသတ္တဝါတို့၏ အနာဂတ် အသက်ရှင်နေထိုင်ရေးအတွက် တွေး၍ ပူနေမိပါသည်။

ယနေ့ ကမ္ဘာတွင်လည်း တိရစ္ဆာန် စောင့်ရှောက်ရေး အသင်းအဖွဲ့များ ဖွဲ့၍ ဆင်တို့ကို မျိုးမပြုန်းအောင် ဆင်စွယ်ကို အလိုရှိသော မုဆိုးများ၏ ဘေးရန်မှ ကာကွယ်စောင့်ရှောက်၍ နေကြရသည့် သတင်းများကိုလည်း စာနယ်ဇင်းတို့တွင် တွေ့မြင် ဖတ်ရှုနေရပါသည်။

အစွယ်နှင့် ကိုယ်ခန္ဓာ ခွန်အားတို့ကိုသာလျှင် အားကိုး

စရာရှိသော အသိဉာဏ်မရှိကြသည့် သတ္တဝါတို့၏ ရှေ့ရေးမှာ လွန်စွာပင် သနားစဖွယ်ကောင်းလှပါသည်။

ရှေးအခါများကဆိုလျှင် ကျွန်တော်တို့ မြန်မာလူမျိုးများသည် မန္တလေးမြို့မှ ရန်ကုန်မြို့သို့၊ တစ်ခါ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ အပြန်အလှန် ခေါက်တုံ့ခေါက်ပြန် ကူးသန်းရောင်းဝယ်သွားလာ၍ နေထိုင်ခဲ့ကြရမည်မှာ တစ်ရွာဝင် တစ်ရွာထွက်၊ တစ်မြို့ဝင် တစ်မြို့ထွက်ဖြင့် ခြေကျင်၊ နွားလှည်း၊ ဆင်၊ မြင်းတို့နှင့် ရေကြောင်းမှဆိုလျှင် ရွက်လှေကြီးများဖြင့် တရွေ့ရွေ့တအိအိနှင့် စုန်ဆန်သွားလာခဲ့ကြပေလိမ့်မည်။ ဆိုကြပါစို့ အချိန်အားဖြင့် တစ်လ၊ အသွားအပြန်ဆိုလျှင် နှစ်လ စသည်ဖြင့် ကြာသည် ဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် ထိုခေတ်မှ လူများအတွက် ထိုကိစ္စသည် အထူးအဆန်းဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။ တရွေ့ရွေ့ဖြင့် သွားလာနေထိုင်နေကြခြင်းများမှာ ထိုခေတ်က အစဉ်အလာ ဓလေ့ထုံးစံများသာလျှင် ဖြစ်ကြပေသည်။

မာကိုပိုလို၏ ခရီးစဉ်သည် ကျွန်တော်တို့ ယနေ့ခေတ်လူသားများအတွက် အထူးအဆန်း အံ့ဩဖွယ်ရာကြီး တစ်ရပ်အဖြစ် ထင်မြင်နေကြသော်လည်း ထိုခေတ်ထိုအခါက လူသားများအတွက် ရိုးရိုးကိစ္စတစ်ခုမျှသာလျှင် ဖြစ်ချင် ဖြစ်နေနိုင်သည်။

တစ်ခါက ကျွန်တော်သည် ကျွန်တော်၏ ရွာသို့အလည်ပြန်ခဲ့ပါသည်။ ညောင်ဦးကားဖြင့် ရန်ကုန်မှ ထွက်ခဲ့၍ ပုဂံမှ တစ်ဆင့် ကျွန်းချောင်းသို့ စက်နှင့် ကူးခဲ့ပါသည်။ ကျွန်းချောင်းသို့ ရောက်သောအခါ ကျွန်တော်၏ ရွာသို့သွားမည့် ကားများကိုလည်း အလွယ်တကူ မတွေ့ဖြစ်၍ နေပါသည်။

ထိုအခါ ကျွန်တော့်မှာ စိတ်မရှည်ဖြစ်၍လာပါသည်။ နောက်တစ်ခုက မမြင်မတွေ့ရသည်မှာ ကြာပြီဖြစ်သည့် တန့်ကြည်ရွာ၊ ပေါက်တောရွာ၊ ဖြို့ဆိုးရွာ၊ ညောင်လုရွာ၊ ညောင်နီပင်ရွာနှင့် သိမ်တော်ရွာ စသည့် ရွာကလေးများကိုလည်း ကြည့်မြင်လိုစိတ်များ ဖြစ်ပေါ်၍ လာပါသည်။ အဘိုးအဘွားများ၊ ရွာသူရွာသားများနှင့် ကလေးသူငယ်များတို့၏ ရုပ်လက္ခဏာ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံတို့ကိုလည်း တွေ့မြင်ချင်သည့် ဆန္ဒများဖြစ်ပေါ်၍ လာပါသည်။ ဒါနဲ့ ကျွန်းချောင်းမှ မြစ်ခြေသို့ရောက်သည့် ကတ္တရာလမ်းမကြီးအတိုင်း လွတ်အိတ်တစ်လုံးကို ပခုံးမှာ လွယ်ပြီး ကျွတ်ကျွတ်အိတ်ကို လက်ကဆွဲ၍ တစ်ယောက်တည်း အေးအေးဆေးဆေး လမ်းလျှောက်ခဲ့ပါသည်။

လမ်းတွင် မိမိ၏ မွေးရပ်နယ် အညာမြေမှ အဘိုးအဘွားများ ရွာသူရွာသားများတို့၏ ရုပ်လက္ခဏာများတို့ကို ပြန်လည်၍ တွေ့မြင်ရသောအခါ ပြန်လည်၍ နုပျိုသွားသည်ဟုပင် မိမိကိုယ်မိမိ ထင်မြင်၍ လာပါသည်။ လမ်းတစ်လျှောက်တွင် အရိပ်ကောင်းကောင်း ဘူမာပင်၊ မန်ကျည်းပင်တို့၏ အောက်တွင် အညာအရပ်ဒေသတို့၏ ထုံးစံအတိုင်း ကွပ်ပျစ်စင်ကလေးများနှင့် ရေအိုးစင်ကလေးများကိုလည်း မကြာ မကြာ တွေ့ရပါသည်။

တစ်နေရာသို့ ရောက်၍လာသောအခါ ကတ္တရာလမ်းမကြီး၏ ဘေးဘက်တွင် ဆောက်လုပ်ထားသည့် ကျေးရွာမူလတန်းကျောင်းကလေးမှ ကျောင်းသူကျောင်းသား၊ ကလေးသူငယ်များ တပျော်တပါး ကျောင်းဆင်း၍ လာကြသည်ကို တွေ့ရ၏။

သူတို့၏ကိုယ်တွင် အညာထည် ချည်လုံချည်အကြမ်းကလေး များကို ဝတ်ဆင်၍ ထားကြသည်ကိုလည်း တွေ့မြင်၍ နေရ၏။ တချို့ကလေးငယ်များသည် ကတုံးပြောင်ပြောင်ကလေးများနှင့် ဖြစ်ကြ၍ တချို့မှာ ဆံရစ်ဝိုင်း ကြက်တောင်စည်းကလေးများနှင့် ဖြစ်ကြပါသည်။ တချို့ကလေးများမှာ ရှင်မီးအင်္ကျီကလေးများ ကို ဝတ်ဆင်၍ထားကြ၏။ တချို့သော ကလေးငယ်တို့သည် ကျောင်းမှ သင်လွှတ်လိုက်သော အင်္ဂလိပ်စာ သင်ခန်းစာများကို အော်ဟစ် ရွတ်ဆိုသွားနေကြပါသည်။ နောက် တစ်ခဏခန့် လောက် ကြာတော့ အသီးအသီး မိမိတို့၏ ရွာများထဲသို့ ဝင် ရောက် ပျောက်ကွယ်သွားကြပါသည်။ ရွာထဲမှ ဆိတ်အော်သံ ကလေးများကိုလည်း ကြား၍နေရ၏။

ကျွန်တော့်လက်ဝဲဘက်တွင် ပြောင်းခင်းများ ရှိကြ၍ လေတဖြူးဖြူးဖြင့် ယိမ်းနွဲ့၍ နေကြပါသည်။ တချို့ ယာခင်း များကျတော့ မြေပဲပင်ကလေးများကို စိုက်ပျိုးထားကြ၍ တချို့ ယာခင်းများကျတော့ ထွန်ယက်၍ ထားကြပါသည်။ တစ်နေရာ ကျတော့ ဘာမျှပင် မလုပ်ရသေးသည့် ယာခင်းလွတ်များကို တွေ့နေရ၏။ အဝေးက တမာပင်အုပ်အုပ်ဆီမှ ချိုးကူသံသဲ့သဲ့ ကို ကြား၍ နေရပါသည်။

ကတ္တရာလမ်းမကြီးမှာ ပြောင်လက်၍ နေပါသည်။ ကျွန်တော်တစ်ဦးတည်းသာလျှင် ကတ္တရာလမ်းမကြီးပေါ်တွင် လမ်းလျှောက်နေလျက် ရှိပါသည်။ တစ်ခါတစ်ခါကျတော့ ကျွန်တော်၏ နောက်ဘက်မှ စက်ဘီးတစ်စီးတလေ ကျော်တက် သွားတတ်၍ တဖြည်းဖြည်းနှင့် ဝေး၍ဝေး၍သွားကာ ပျောက်

ကွယ်သွားပြီးလျှင် အဝေးမှလာနေသည့် စက်ဘီးတစ်စီးတလေမှာလည်း ကျွန်တော်နှင့် တဖြည်းဖြည်းနီး၍ နီး၍ လာပြီးလျှင် ကျွန်တော့်ကို ကျော်ဖြတ်ပျောက်ကွယ်သွားပါသည်။

တစ်ခါတလေကျတော့ ကျွန်တော်၏ နောက်ဘက်မှ မော်တော်ကားကြီးများ၏ စက်အင်ဂျင်သံများ ကျယ်လောင်စွာ ရောက်ရှိလာကြပြီးလျှင် ကျွန်တော့်အား ကျော်၍သွားပါသည်။

ခရီးအနည်းငယ် ပေါက်၍လာသောအခါ ကျွန်တော်၏ ခြေထောက်များဆီမှ အနည်းငယ် ညောင်းညာစပြု၍ လာသည်ကို သတိပြုမိလာပါသည်။ ကျွန်တော်၏ အရပ်ရှည်မျောမျောမှာလည်း ကျွန်တော်၏ရှေ့တွင် တရွေ့ရွေ့နှင့် သွားနေသည်ကို တွေ့မြင်နေရပါသည်။ နေရောင်ခြည်မှာလည်း ကျနေဖြစ်၍ အပူရှိန်မှာ လွန်စွာပင် လျော့နည်း၍ သွားပေပြီ။

ကျွန်တော်သည် အဘယ်ကြောင့် ညောင်းညာ၍ လာခဲ့ရပါသနည်း။ ထိုခရီးနှင့် ထိုခရီးမှာ တကယ်က သိပ်ပြီး အဝေးကြီး မဟုတ်လှပါ။ သွားရမည့်ခရီးမှာ ခန့်မှန်းခြေအားဖြင့် သုံး လေး ငါးမိုင်ခန့်လောက်သာလျှင် ရှိလောက်ပါသည်။ ယခု လျှောက်ခဲ့သည်မှာ နှစ်မိုင်ခန့်လောက်မျှသာလျှင် ရှိဦးမည်။ ကျွန်တော် အဘယ်ကြောင့် ညောင်းညာ၍ လာရသနည်း။ လမ်းလျှောက်သည့်အကျင့် မရှိဟူ၍ ဆိုရအောင်ကလည်း ရန်ကုန်တွင်လည်း ကားစီးရသည်ကို စိတ်ပျက်မိ၍ မကြာမကြာလမ်းလျှောက်သည့်အလေ့ ရှိခဲ့ပါသည်။

လမ်းလျှောက်ခြင်းကိုလည်း ကျွန်တော် ဝါသနာပါပါသည်။ တစ်ခုတော့ ရှိပါသည်။ ကားခမရှိ၍ လမ်းမလျှောက်

လိုဘဲနှင့် လျှောက်နေရသည့်အခါများတွင် ညောင်းညာတတ်ပါသည်။ အိတ်ထဲတွင်လည်း ငွေအပြည့်နှင့် လမ်းလျှောက်ချင်၍ လမ်းလျှောက်ခြင်းသည် မညောင်းညာတတ်ပါ။

ယခု ကျွန်တော့်မှာ အိတ်ထဲတွင်လည်း ငွေအပြည့်ပါပါသည်။ ငွေကို နှမြော၍လည်း မဟုတ်ပါ။ ငွေကို နှမြောရမည့်နေရာနှင့် မနှမြောရမည့် နေရာကို ကျွန်တော် ခွဲခြားသိပါသည်။ ကားမရှိ၍ ဆိုရအောင်ကလည်း ဖြတ်သွားတဲ့ ကားတစီးစီးကို လက်တားပြီး စီးလိုက်လျှင် ရပါသည်။ ဒီကိစ္စကသိပ်ပြီး ခက်ခက်ခဲခဲကြီး မဟုတ်လှပါ။

ကျွန်တော်၏ ခြေထောက်များ ဘာကြောင့် ညောင်းညာလာရသနည်း။ ၎င်းသည် သာမန်ကိစ္စမဟုတ်၊ တစ်ခုခုသောအကြောင်းကြောင့်သာလျှင် ဖြစ်ရမည်။ ကျွန်တော် အသေအချာသုံးသပ်ဆင်ခြင်ကြည့်ပါသည်။ ထိုအခါ ကျွန်တော်သည် စက်ဘီး၊ မော်တော်ကားတို့၏ သွားနှုန်းဖြင့် တွက်ကပ်၍နေပြီ ဖြစ်သည်ကို သတိပြုမိလာပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဆက်လက်၍ လျှောက်လာခဲ့ပါသည်။ စက်ဘီး၊ မော်တော်ကားတို့မှာလည်း တော်တော်နှင့် ပေါ်မလာကြတော့ပါ။ ထင်းခွေ၍ပြန်လာကြသည့် အဒေါ်ကြီးတစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက် ထင်းစည်းများကို ကိုယ်စီရွက်၍ လာနေကြပါသည်။ နှစ်နံ့စပ်ချည်လုံချည်အကြမ်းများကို ဝတ်၍ထားကြပါသည်။ အဒေါ်ကြီးက ခရမ်းရောင်ကို ဝတ်ဆင်ထား၍ ကျန်အမျိုးသမီးနှစ်ယောက်က အစိမ်းရောင်နှင့် အပြာရောင်ကို ဝတ်ဆင်ထားကြပါသည်။ အဒေါ်ကြီးမှာ ဖိနပ်မပါပါ။ အမျိုးသမီးတစ်ယောက်

က ခုံဖိနပ်ကွင်းထိုးများကို စီးထား၍ ကျန်အမျိုးသမီးက သစ်သားခြေညှပ် အညာခုံဖိနပ်ကို စီးထားပါသည်။ သစ်သားခုံဖိနပ်အသံများမှာ ကျောက်လမ်းမပေါ်တွင် မြည်၍နေကြပါသည်။ နောက် ရွာထဲ သို့ ကွေ့ဝင်၍ သွားကြပါသည်။

ကျွန်တော်၏ ခြေထောက်များမှာ ပို၍ပင် ညောင်းညာလာသည်ကို တွေ့နေရပါသည်။ ရွာလမ်းထဲမှ လှည်းတစ်စီးထွက်၍လာပြီးလျှင် ကတ္တရာလမ်းမကြီး၏ ဘေးတွင် ရှိသည့်လှည်းလမ်းကြောင်းအတိုင်း မောင်း၍သွားပါသည်။ ကျွန်တော်သည် ကတ္တရာလမ်းမပေါ်မှနေ၍ ထိုလှည်းနှင့် ပြိုင်၍ လမ်းလျှောက်နေပါသည်။ နွားများမှာ အနည်းငယ် ထုံပေပေနိုင်ကြ၍ လှည်းဆရာကြီးက မကြာမကြာ နကန်သံချွန်နှင့် နွားများ၏ တင်ပါးကို ထိုးပေးရာ နွားများမှာ တွန့်၍ တွန့်၍သွားပြီးလျှင် သွက်လက်၍ လာကြပါသည်။ လှည်းဆရာကြီးကသူ၏ နွားများကိုလည်း အော်ငေါက်ပါသေးသည်။ တစ်ခါတစ်ခါလှည်းဆောင့်သည့် အသံများနှင့် လှည်းဘီးဝင်ရိုးများဆီမှတကျွီကျွီမြည်နေကြသည့် အသံများကိုလည်း ကြားနေရပါသည်။

ခဏကြာတော့ ဇောဇောက ကျွန်းချောင်း ခါတ်မြေသြဇာစက်ရုံမှ လင့်ရှိဘာ ကားအစိမ်းလေးသည် ကျွန်တော့်နောက်မှ အရှိန်ပြင်းစွာဖြင့် ဟွန်းသံပေး၍ ရောက်ရှိလာကာကျွန်တော့်ကို ကျော်တက်သွားပြန်ပါသည်။ ခဏကြာတော့ဝေး၍ဝေး၍ ပျောက်ကွယ်သွားပါသည်။ ပခုက္ကူသို့ သွားပုံရပါသည်။

လှည်းလမ်းကြောင်းနှင့် ကတ္တရာလမ်းတို့ကို နှိုင်းယှဉ်၍

ကျွန်တော် တွက်ကပ်နေမိသဖြင့် ခြေထောက်များဆီမှ ညောင်း ညာလာခြင်း ဖြစ်သည်ကို ကျွန်တော် တွေ့ရှိသွားပါသည်။ ကတ္တရာလမ်းမည်းမည်းကြီးမှာလည်း ကျွန်တော့်အား စက္ကန့် မလပ် အပျင်းထူလာစေကာ ကျွန်တော်၏ ခြေထောက်များကို ပို၍ပင် ညောင်းညာလာစေကြောင်းကို ကျွန်တော် သတိပြုမိသွား ပါသည်။

ညောင်လှရွာကို ရောက်တော့ ကျွန်တော်သည် ကတ္တရာ လမ်းမကြီးကို မမြင်ရနိုင်စေရန် ရွာထဲသို့ ကွေ့ဝင်သွားပြီးလျှင် ရွာ၏ နောက်ဘက်တွင် ရှိသည့် လှည်းလမ်းကြောင်းဘေးမှ လူသွားလမ်းကလေးအတိုင်း ဆက်၍ လျှောက်ခဲ့ပါသည်။

ကျွန်တော်၏ လက်ဝဲဘက်တွင် ရှိသည့် ရွာ၏ နောက် ဘက်တွင် မန်ကျည်းပင်အိုကြီးများ၊ တမာပင်များ၊ သရက်ပင် များ၊ လက်ပံပင် မြင့်မြင့်ကြီးများနှင့် ညောင်ပင်ကြီးများမှာလည်း စိမ်းညို့နေကြလျက် လေတဟူးဟူးဖြင့် သစ်ရွက်ခတ်သံများမှာ ဆူညံ၍ နေကြပါသည်။

ဧရာဝတီမြစ်ဘက်မှ တိုက်ခတ်လာသော လေမှာလည်း လွန်စွာ သန့်ရှင်း လတ်ဆတ်သည်ဖြစ်ရာ ကျွန်တော့်မှာ လန်း ဆန်း၍လာပါသည်။ မိုးကောင်းကင်တွင် ပျံလွှားငှက်ငယ်ကလေး များ လေထဲတွင် ဆော့ကစား၍ နေကြ၏။

ကျွန်တော် ရွာကို ရောက်တော့ မိုးချုပ်စပြုပြီ။ ထိုအခါက က ကျွန်တော့်အဖေကို တွေ့တော့ အသားမည်းသည့် အဖေသည် ကတုံးဆံထောက်၊ ဆံပင်ကလည်း အဖွေးသားနှင့် ဖြူဖွေးနေ ကြသည့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးငုတ်တိုတွေရဲ့ အကြားက

ဖြိုးဖြိုးကြီး ကြည့်နေတဲ့ အဖေ့ကို တွေ့ခဲ့ရသေးသည်။ သွားတွေကလည်း တစ်ချောင်းမျှ မရှိကြတော့။ ထိုနေ့ညက ကျွန်တော်သည် ရွာမှ အဖေ့အိမ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ပါသည်။ ကျွန်တော် ရွာတွင် ဆယ်ရက်လောက်နေခဲ့ပါသည်။ အဖေ့ကို ကျွန်တော် နောက်ဆုံးတွေ့ရခြင်း ဖြစ်သည်ကို ကျွန်တော် မသိခဲ့ပါ။ နောက်ကျတော့မှ ထိုရောက်ခဲ့သည့် အချိန်သည် ကျွန်တော်အဖေ့ကို နောက်ဆုံး တွေ့ခဲ့ရခြင်းသာ ဖြစ်ကြောင်း သိရပါသည်။

မွေးရပ်မြေမှ ရန်ကုန်အပြန်ခရီးကျတော့ ပခုက္ကူဘက်မှ ကွေ့ပြီး မြင်းခြံ၊ မန္တလေး၊ မန္တလေးမှ ရန်ကုန်သို့ ရထားစီး၍ ပြန်ခဲ့သည်။ ရထားပေါ်တွင် ပြတင်းပေါက်နှင့် ကပ်လျက် ထိုင်ခုံနံပါတ်ကို ရခဲ့၍ တော်ပါသေးသည်။ ဘေးဘက်မှ တစ်မျှော် တစ်ခေါ် မြင်ကွင်းများကို မြင်တွေ့နေရ၏။ ရထားလမ်းဘေးမှ တယ်လီဖုန်းဆိုင်များမှာ တစ်တိုင်ပြီး တစ်တိုင် တရိပ်ရိပ်နှင့် ကျန်နေရစ်ခဲ့ကြပါသည်။ လယ်ကွင်းစိမ်းစိမ်းစိုစိုများ၊ ကောက်စိုက်သမများ၊ လေတွင်ဖြူးဖြူးနှင့် သစ်ပင်များ၊ စိမ်းညို့ညို့ ရွာအုပ်အုပ်များမှာ ပြေးလွှားပတ်ချာလည် ကျန်နေရစ်ခဲ့ကြပါသည်။ ဘေးတစ်ဖက်တွင် ရှိသည့် ရထားသံလမ်းအလွတ်မှ သစ်သား ဇလီဖားတုံးများမှာလည်း တရိပ်ရိပ်နှင့် ကျန်နေရစ်ခဲ့ကြပါသည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှ အဘိုးကြီးမှာ ရထားခုံတန်း နောက်မှီထောင့်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပါသည်။ ဘေးမှ အဒေါ်ကြီးက လက်ဖက်အုပ်ကို ထုတ်၍ စားနေပါသည်။ ကျွန်တော်၏ဘေးမှ အစ်မကြီးတစ်ယောက်က

ဆေးပေါ့လိပ်တုတ်တုတ်ကြီးကို မီးညှိပြီး အုန်းမှုတ်ခွက်တစ်လုံးနှင့် သောက်နေပါသည်။ ကျန်ထိုင်ခုံများမှ လူများမှာ စကားပြောသူကပြော၊ အိပ်ငိုက်သည့်သူက ငိုက်၊ လမ်းလျှောက်သူက လျှောက်ဖြင့် ရထားခုတ်သံနှင့် လုံးထွေး ဆူညံနေ၍ ရှုပ်ယှက်ခတ်နေကြပါသည်။

ရထားပြတင်းမှ အပြင်သို့ ပြန်၍ လှည့်ကြည့်လိုက်တော့ ကောင်းကင်ပြင်တွင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် မိုးတိမ် မိုးသားတို့ကို မြင်တွေ့နေရပါသည်။ တစ်နေရာသို့ ရောက်သောအခါ ကောင်းကင်ပြာပြာတွင် လေယာဉ်တစ်စင်း ပျံသန်းသွားနေသည်ကို တွေ့မြင်လိုက်ရပါသည်။ လေယာဉ်နောက်ဘက်တွင် အဖြူရောင် မီးခိုးတန်းကြီး ကျန်နေရစ်ခဲ့သည်ကိုလည်း တွေ့နေရပါသည်။

မန္တလေး ရန်ကုန်ခရီးအကွာအဝေးမှာ မိုင် ၄၀၀ ခန့်ရှိကြောင်းကိုလည်း သတိရ၍ သွားမိပါသည်။ ရထားသံများမှာလည်း တဝေါဝေါနှင့် ဆူညံ၍နေကြ၏။ ရန်ကုန် မန္တလေးရထားခရီးစဉ်ကို စ၍ ပြေးဆွဲသော ပထမဦးဆုံး ပြေးဆွဲသည့်သတင်းကို ရှေးခေတ်သတင်းစာကြီးတစ်စောင်တွင် ဖော်ပြထားသည်ကို မိတ်ဆွေတစ်ယောက်၏ စာအုပ်အဟောင်းဆိုင်တွင် ကျွန်တော် တွေ့ဖူးဖတ်ဖူးပါသည်။ ထိုရှေးခေတ် သတင်းစာကြီး၏ မျက်နှာဖုံးတွင် ဖော်ပြထားပုံမှာ "မြေကြောရှဲ့လိုက်ခြင်း" ဆိုသော စာတန်းကြီးကို စာလုံးမည်းကြီးများဖြင့် ဖော်ပြထားပါသည်။ ၎င်းကိုလည်း ကျွန်တော် သတိရ၍ သွားပါသည်။

ထို့နောက်တွင်ကား ကျွန်တော်သည် ရထားစီး၍ ခရီးသွားရခြင်းကို ငြီးငွေ့စပြု၍ လာပါသည်။ တဖြည်းဖြည်းနှင့် အိပ်ငိုက်စပြု၍ လာပါသည်။ အဆက်မပြတ် ဆူညံနေကြသော ရထားခုတ်မောင်းသံများမှာလည်း တဖြည်းဖြည်းနှင့် တိုးတိုးကလေးဖြစ်၍ လာကြပါသည်။ ကျွန်တော်သည် ဘယ်အချိန် အိပ်ပျော်၍ သွားခဲ့သည်ကို မသိတော့ပါ။

ကျွန်တော် ရန်ကုန် ရွှေမြို့တော်ကြီးကို ပြန်ရောက်ခဲ့၍ တစ်ပတ်လောက်ကြာတော့ ဆူးလေလမ်းမကြီးရဲ့ ဘေးမှာရှိတဲ့ ဂလုပ်ရုပ်ရှင်တန်းဘက်မှ ရွှေလမင်း လက်ဖက်ရည်ဆိုင်ကို ရောက်ခဲ့ပါသည်။ ရွှေလမင်း လက်ဖက်ရည်ဆိုင်ထဲတွင် မန္တလေးမှ ကျွန်တော်၏ မိတ်ဆွေကိုမြစိန်ရဲ့ သားအကြီးကောင်ကို တအံ့တသြ တွေ့ရသည်။ သူ့နာမည်က မောင်တင်အေးလို့ ခေါ်ပါသည်။ မနေ့က ရောက်သည့်အကြောင်း၊ တည်းခိုခန်းတစ်ခုတွင် တည်းခိုသည့်အကြောင်း၊ ကားဝယ်ဖို့ ရောက်ရှိလာသည့်အကြောင်း၊ အိမ်က လင့်ရိုဘာကားကို ရောင်းလိုက်ပြီးဖြစ်သည့်အကြောင်း၊ ယခု ကုန်တင်ကားတစ်စီးဝယ်ဖို့ ရန်ကုန်ဆင်းလာခဲ့ခြင်း ဖြစ်ကြောင်း စသည်ဖြင့် ကျွန်တော့်ကို ပြောပြပါသည်။ ယခု သူဝယ်မည့် ကားကိုလည်း တွေ့ထားပြီ ဖြစ်သည့်အကြောင်း၊ အီစုဇူးကားအမျိုးအစားဖြစ်သည့်အကြောင်း၊ သူ၏ ဖခင်လိုချင်သည့် ကားအမျိုးအစားဖြစ်၍ သူ၏ စိတ်ကြိုက်လည်း ဖြစ်သည့်အကြောင်း၊ ဒါပေမဲ့ ယူလာခဲ့သည့်ငွေမှာ နည်းနေသည့်အကြောင်း၊ ငွေကို အကြေချေရမည်ဖြစ်၍ ငွေကျပ်တစ်သိန်းခန့် လိုနေသည့်အကြောင်း၊ မော်တော်ကားမှာ

အတော်ပင်လတ်၍ ယခုပေါက်ဈေးနှင့် ဆိုလျှင် ဈေးတော်ကြောင်း၊ ဒါကြောင့် မန္တလေးသို့ တစ်ခေါက်ပြန်၍ ငွေကိုသွား၍ ယူရမလို ဖြစ်နေသည့်အကြောင်း၊ သို့ရာတွင် လွတ်သွားမည်ကိုလည်း စိုးရိမ်နေသည့်အကြောင်း စသည်ဖြင့် ကျွန်တော့်ကို ရှင်းပြပြီးလျှင် ခေါင်းကို ကုတ်၍နေပါသည်။

ကျွန်တော့်မှာလည်း ထိုကိစ္စနှင့် ပတ်သက်၍ ဘာမျှ အကူအညီမပေးနိုင်သည့် သူတစ်ဦးဖြစ်နေရာ သူ့ကို မြင်တွေ့နေရသည်မှာ ကျွန်တော်ပင်လျှင် ခေါင်းရှုပ်ချင်သလို ဖြစ်၍လာပါသည်။ တစ်ခဏမျှ နှစ်ဦးသား စကားပြော၍မရ ဖြစ်နေကြပါသည်။ ရှေ့တွင် ရှိကြသည့် ဖာလူဒါများမှာလည်း အေးစက်၍ နေကြ၏။ သို့နှင့် လက်ကျန်ဖာလူဒါများကို ဆက်၍ သောက်ကြပါသည်။ နောက် ရေခဲရေ အနည်းငယ်စီသောက်ကြ၍ ဒူးယားတစ်လိပ်စီကို မီးညှိသောက်ကြပါသည်။

ဒီမှာ မင့်အဘိုးကြီးရဲ့ မိတ်ဆွေတွေ မရှိဘူးလားလို့ ကျွန်တော်က မေးလိုက်မိပါသည်။ မောင်တင်အေးမှာ စောစောက အကြံအိုက်နေရာမှ ကြည်ကြည်လင်လင် ဖြစ်၍ လာပါသည်။ သို့ရာတွင် သူမသိဘူးလို့လည်း ပြောပါသည်။ နောက် ကောင်တာတွင် ငွေထရှင်း၍ ဆိုင်ထဲမှ ထွက်ခဲ့ကြပါသည်။ ကျွန်တော့်ကိုလည်း ၎င်း၏ တည်းခိုခန်းသို့ လိုက်ခဲ့ရန် ခေါ်၍ ပါသွားပါသည်။

တည်းခိုခန်းသို့ရောက်တော့ မောင်တင်အေးက သူ့ဖခင်ထံ မန္တလေးသို့ တယ်လီဖုန်းဆက်ပါသည်။ အကျိုးအကြောင်း ရှင်းပြနေသည်ကို ကျွန်တော် ကြားနေရပါသည်။

တယ်လီဖုန်းမှာ တည်းခိုခန်းရဲ့ ညှော်ခန်းမှ ကောင်တာတွင် ရှိ၍ ကျွန်တော်က ဧည့်ခန်းမှ ထိုင်ခုံတွင် ထိုင်၍ နေရသည်ဖြစ်ရာ မောင်တင်အေး တယ်လီဖုန်းဆက်နေသည်ကို မြင်၍ ကြား၍ နေရပါသည်။ အဝေးပြောနေခြင်းဖြစ်၍ အသံမှာလည်း အနည်းငယ် ကျယ်ကျယ်ပြောပါသည်။

တယ်လီဖုန်းဆက်ပြီးတော့ မောင်တင်အေးမှာ ကျွန်တော့်ထံ လျှောက်လာ၍ အေးမှ ထိုင်ခုံတွင် ဝင်ထိုင်ပါသည်။ အိပ်ထဲမှ စီးကရက်ဘူးနှင့် ဂက်(စ်)မီးချစ်ကိုလည်းထုတ်၍ ကျွန်တော့်ကိုပေးပါသည်။ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် စီးကရက်တစ်လိပ်စီ မီးညှိပြီး သောက်ကြရင်းနဲ့ စကားထိုင် ပြောနေကြပါသည်။

ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ခန့်လောက်ကြာတော့ အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်ခန့်လောက်ရှိတဲ့ တရုတ်ကြီးတစ်ယောက် ဟမ်းဘက်အိတ်အဟောင်းတစ်လုံးနှင့် ရောက်လာပြီး မောင်တင်အေးနှင့် တွေ့ပါသည်။ ထိုတရုတ်ကြီးမှာ ရှပ်ကျယ်လက်ပြတ်အင်္ကျီကို ဝတ်ဆင်၍ ထားရာ အလုပ်လုပ်ရင်းနှင့် ထွက်၍လာခဲ့ပုံ ရပါသည်။ ဘယ်ဘက် လက်သူကြွယ်တွင် ကျောက်စိမ်းလက်စွပ်တစ်ကွင်းကို တွေ့ရပါသည်။ ကျောက်စိမ်းကို အတုံးလိုက် ကွင်း၍ ဝတ်ထားရာ ကျောက်နှင့် မတူဘဲ အစိမ်းရောင် ရေခဲတုံးကလေးနှင့်သာလျှင် တူနေပါသည်။ အရောင်မှာ နုလည်းမနု၊ ရင့်လည်းမရင့် အစိမ်းရောင်အစစ်ဖြစ်ပါသည်။ ကျွန်တော်၏ စိတ်ထဲတွင် လျှာပေါ်၌ အရည်ပျော်ဆင်းသွားသော ရေခဲတုံးကလေးကို တွေ့မြင်လိုက်ရပါသည်။

ထိုတရုတ်ကြီးရဲ့ အမည်က ဦးကြင်ဗုက်လို့ ခေါ်ကြောင်း သိရပါသည်။ ဦးမြစိန်၏ မိတ်ဆွေဖြစ်သည့်အကြောင်း ပြောပြပါသည်။ ညောင်ပင်လေးဈေးအနီးက ပွဲရုံတစ်ရုံမှ ဖြစ်သည့်အကြောင်းကိုလည်း သိရပါသည်။ ဦးမြစိန်နှင့် အလွန်ရင်းနှီး၍ ဦးမြစိန် ရန်ကုန်သို့လာလျှင် ၎င်း၏ပွဲရုံတွင် တည်းခိုတတ်သည့် အကြောင်းများကို ပြောပြပါသည်။ စောစောက မန္တလေးမှ ဦးမြစိန် တယ်လီဖုန်းဆက်လိုက်၍ ဘာက်လာသည့်အကြောင်းကိုလည်း ရှင်းပြပါသည်။ ထို့နောက် ပါလာတဲ့ ခပ်နွမ်းနွမ်း ဟမ်းဘက်အိတ်အဟောင်းထဲမှ စက္ကူထုပ်တစ်ထုပ်ကို ထုတ်ပြီး ဦးကြင်ဗုက်က မောင်တင်အေးကို ပေးပါသည်။

(စံပယ်ဖြူမဂ္ဂဇင်း၊ ၁၉၈၈ ခု၊ ဇူလိုင်)

သူနာမည်

လွန်ခဲ့တဲ့ လေးနှစ်ငါးနှစ်လောက် 'စံပယ်ဖြူ' မဂ္ဂဇင်းထဲမှာ 'ဤကမ္ဘာ'ဆိုတဲ့အမည်နဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ကျွန်တော် ရေးခဲ့ဖူးပါတယ်။ အဲဒီ ဝတ္ထုဟာ စိတ်ကူးနဲ့ ဖန်တီးပြီးမှ ရေးခဲ့တဲ့ ဝတ္ထုအမျိုးအစား မဟုတ်ပါ။ တကယ့်အဖြစ်အစစ်အမှန်ကို ရေးဖွဲ့ခဲ့တာ ဖြစ်ပါသည်။

ကျွန်တော်တို့ ပန်းချီဆရာတွေဟာ တကယ်ရှိတဲ့ ရှုမျှော်ခင်းတွေ၊ တကယ့်မြင်ကွင်းတွေ၊ လူပုံတွေကို ကြည့်ပြီး ပန်းချီကားတွေ ရေးဆွဲတတ်ကြပါသည်။ အဲသလိုမျိုး သဘောထားပြီး ရေးဖွဲ့ခဲ့သည့် ဝတ္ထုအမျိုးအစားသာလျှင် ဖြစ်ပါသည်။ အဲဒီဝတ္ထုဟာ ကျွန်တော်ရဲ့ ဇနီးနဲ့ ကျွန်တော်တို့ရဲ့ မိသားစုကလေးအကြောင်း ဖြစ်ပါသည်။

ဒါပေမဲ့ အဲဒီဝတ္ထုထဲမှာ ကျွန်တော့်ဇနီးရဲ့ အမည်ကို ဖော်ပြပြီး မရေးဖြစ်ခဲ့ပါ။ ဘယ်လိုက ဘယ်လိုကြောင့် ကျွန်တော်

ဟာ သူ့ရဲ့အမည်ကို မဖော်ပြဖြစ်ခဲ့ရတယ်ဆိုတာ အခုမှ ပြန်လည် စဉ်းစားလို့ မရ ဖြစ်ခဲ့ရပါသည်။

ခု 'သူ'ဆုံးသွားရှာပြီဗျာ။ သူ့ရဲ့အမည်က 'မမြ'လို့ခေါ်ပါတယ်။ စကားပြောတဲ့ အခါမှာလည်း သူ့ရဲ့အမည်ကလေးကို ထည့်ထည့်ပြီးမှ ပြောတတ်ပါသည်။ သူ့ကို တွေ့ဖူးတဲ့ ကျွန်တော့်ရဲ့ရွာ အညာမှာနေတဲ့ ကျွန်တော့်ရဲ့ ဒေါ်လေးက မောင်မျိုး မင်းမိန်းမရတာ သိပ်ပြီး ကံကောင်းတယ်။ မင့်မိန်းမ 'အမြ'က သိပ်ရိုးတာပဲ။ စကားပြောတဲ့အခါမှာလည်း 'အမြ' 'အမြ'နဲ့ သူ့နာမည်လေးကို ထည့်ထည့်ပြီး ပြောတာ သိပ်ချစ်စရာကောင်းတာပဲလို့ ပြောပြခဲ့ဖူးပါသည်။

အဲဒီတုန်းက သူနဲ့ ကျွန်တော်နဲ့က ညားခါစ အထက်အညာက ကျွန်တော့်ရဲ့ ရွာကို ဆွေပြမျိုးပြ ဆိုပြီး သွားခဲ့ကြတဲ့ ပထမဆုံးအခေါက် သူရောက်ခဲ့စဉ်က ဖြစ်ပါသည်။

ဒါပေမဲ့ သူဆုံးသွားတော့ သူ့ရဲ့ အညာကို ရောက်ရှိလာခဲ့တဲ့ ကျွန်တော့်ရဲ့ မိတ်ဆွေ ပန်းချီဆရာတစ်ယောက်ရဲ့ ဇနီးကတော့ 'မမြ'က စကားပြောတဲ့အခါမှာ သူ့နာမည်ကလေးကို 'မြ' 'မြ'နဲ့ ထည့်ပြီး ပြောတာ သိပ်ပြီးတော့ ယဉ်ကျေးတာပဲ။ သိပ်ပြီးတော့ နားထောင်လို့လည်း ကောင်းတယ်လို့ ပြောပြပါသည်။

သူနဲ့ မိတ်ဆွေ ပန်းချီဆရာတို့ရဲ့ ဇနီးတို့ဟာ အလွန်ချစ်ခင်ရင်းနှီးကြသူများလည်း ဖြစ်ကြပါသည်။ တစ်ခါက ကျွန်တော်တို့တစ်တွေဟာ ရန်ကုန်မြို့ရဲ့ မေတ္တာညွန့်ဆိုတဲ့ ရပ်ကွက်ကလေးထဲမှာ အိမ်နီးနားချင်းတွေအဖြစ်နဲ့လည်း အတူ

တကွ နေထိုင်ခဲ့ကြဖူးပါသည်။

အခုမှ ကျွန်တော်လည်း အသေအချာ ပြန်လည်စဉ်းစား ကြည့်တော့ ကျွန်တော့်ကို သူစကားပြောတဲ့အခါမှာ သူ့ကိုယ်သူ 'အမြဲ' 'အမြဲ'လို့ ပြောခဲ့တာလား၊ ဒါမှမဟုတ် 'မြဲ'ဆိုတဲ့ သူ့ နာမည်ကလေးကို တစ်လုံးတည်းပဲ ပြောခဲ့တာလား ဆိုသည်ကို ပြန်လည် စဉ်းစားလို့မရ ဖြစ်နေပါသည်။ ကျွန်တော် အမှူမဲ့ အမှတ်မဲ့ ဖြစ်ခဲ့မိတယ်ဗျာ။

ဒါပေမဲ့ သူဟာ 'အမြဲ'ဆိုတာကိုရော 'မြဲ'ဆိုတဲ့ သူ့ နာမည်လေးတစ်လုံးတည်းကိုရော နှစ်မျိုးစလုံးကို ပြောသွားခဲ့ တယ်လို့ပဲ ထင်မိပါသည်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်ကိုယ် တိုင်ကလည်း အဲဒီနှစ်မျိုးစလုံးကို ခေါ်ခဲ့ဖူးလို့ပါပဲ။

ကျွန်တော့်ကို သူက ခေါ်တာကိုတော့ ကျွန်တော် တိတိကျကျ မှတ်မိပါသည်။ 'ကိုမျိုး'လို့ ခေါ်ပါသည်။ တစ်ခါ တလေကျတော့လည်း 'မောင်'လို့ တစ်လုံးတည်း ခေါ်တတ်ပါ သည်။ အခု သူမရှိတော့ဘူးဗျာ။

(မဟေသီမဂ္ဂဇင်း၊ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ)

မွေးရပ်မြေ

လူသားတို့တွင် မိမိတို့၏ လူမျိုး၊ မိမိတို့နိုင်ငံ၊ မိမိတို့ ၏ မြို့၊ မိမိတို့၏ရွာ၊ မိမိတို့၏ မွေးရပ်မြေ စသည်တို့ကို ချစ်ခင်တွယ်တာ မြတ်နိုးကြသည့်စိတ် မရှိကြသူများ ရှိကောင်း ရှိနိုင်သော်လည်း လူအများစုမှာမူ မိမိတို့၏ လူမျိုး၊ မိမိတို့၏နိုင်ငံ၊ မိမိတို့၏မြို့၊ မိမိတို့၏ရွာ မိမိတို့၏ မွေးရပ်မြေ စသည် တို့ကို ချစ်ခင်တွယ်တာ မြတ်နိုးကြသူများက လူများစုသာလျှင် ဖြစ်ကြသည် ဟူ၍ ထင်မိပါသည်။

ထိုလူများစုထဲတွင် ကျွန်တော်သည်လည်း တစ်ဦးအပါအဝင်ဖြစ်ရာ ကျွန်တော်၏ မွေးရပ်မြေရွာကလေးနှင့် ကျွန်တော်ကြီးပြင်းခဲ့ရာ မြို့ကလေးကို လွန်စွာ မြတ်နိုးသူတစ်ဦး ဖြစ်ခဲ့ပါသည်။

ကျွန်တော့်အား မွေးဖွားရာ ရွာကလေး၏ အမည်မှာ သရက်တောရွာ ဖြစ်၍ ကျွန်တော်ကြီးပြင်းခဲ့ရာ မြို့ကလေးမှာ

မွေးရပ်မြေ

လူသားတို့တွင် မိမိတို့၏ လူမျိုး၊ မိမိတို့နိုင်ငံ၊ မိမိတို့ ၏ မြို့၊ မိမိတို့၏ရွာ၊ မိမိတို့၏ မွေးရပ်မြေ စသည်တို့ကို ချစ်ခင်တွယ်တာ မြတ်နိုးကြသည့်စိတ် မရှိကြသူများ ရှိကောင်း ရှိနိုင်သော်လည်း လူအများစုမှာမူ မိမိတို့၏ လူမျိုး၊ မိမိတို့၏နိုင်ငံ၊ မိမိတို့၏မြို့၊ မိမိတို့၏ရွာ မိမိတို့၏ မွေးရပ်မြေ စသည် တို့ကို ချစ်ခင်တွယ်တာ မြတ်နိုးကြသူများက လူများစုသာလျှင် ဖြစ်ကြသည် ဟူ၍ ထင်မိပါသည်။

ထိုလူများစုထဲတွင် ကျွန်တော်သည်လည်း တစ်ဦးအပါ အဝင်ဖြစ်ရာ ကျွန်တော်၏ မွေးရပ်မြေရွာကလေးနှင့် ကျွန်တော် ကြီးပြင်းခဲ့ရာ မြို့ကလေးကို လွန်စွာ မြတ်နိုးသူတစ်ဦး ဖြစ်ခဲ့ ပါသည်။

ကျွန်တော့်အား မွေးဖွားရာ ရွာကလေး၏ အမည်မှာ သရက်တောရွာ ဖြစ်၍ ကျွန်တော်ကြီးပြင်းခဲ့ရာ မြို့ကလေးမှာ

မြစ်ခြေမြို့ကလေး ဖြစ်ခဲ့ပါသည်။ သို့ရာတွင် မြစ်ခြေမြို့ကလေးနှင့် သရက်တောရွာမှာ ပေတစ်ရာခန့်မျှသာ ရှိသည့် ချောင်းငယ်ကလေးသာလျှင် ခြားရာ တစ်မြို့တစ်ရွာတည်းပင် ဖြစ်သည်ဟူ၍ ပြောရပြန်ပါမည်။

ဒုတိယကမ္ဘာစစ်အတွင်းက ကျွန်တော် သုံးနှစ်သားအရွယ်ခန့်လောက်တွင် ကျွန်တော်၏ မြို့ကလေးမှာ ဗုံးတွေကြဲချခံရဖူးသည်။ ဂျပန်လေယာဉ်ပျံတွေလား၊ အင်္ဂလိပ်လေယာဉ်ပျံတွေလား ဆိုသည်ကိုတော့ ကျွန်တော် တိတိကျကျ မမှတ်မိပါ။ ထိုအချိန်က ကျွန်တော်တို့ သရက်တောရွာကလေး၌ နေထိုင်ကြ၍ ကျွန်တော်တို့၏ မြို့ကလေးပေါ်သို့ လေယာဉ်ပျံတွေ အုပ်လိုက်၊ အုပ်လိုက် တဝီဝီ အော်မြည်ကာ ပျံသန်းလာခဲ့ကြပြီး ဗုံးတွေ ကြဲချခဲ့ကြပါသည်။

ကျွန်တော်တို့ မြို့ကလေးမှာ မီးဟုန်းဟုန်းတောက်လောင်ခဲ့၍ မီးခိုးလုံးကြီးတွေ အလိပ်လိပ်နှင့်တက်လာခဲ့ကြပြီး ကောင်းကင်ပြင်ကြီးမှာလည်း မည်းမှောင်၍ သွားခဲ့သည်ကို ကျွန်တော် ယနေ့တိုင်ပင် မှတ်မိ၍ နေပါသည်။

ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်တွေမှာ အိမ်အောက်မှ ဗုံးခိုကျင်းထဲသို့ ဝင်၍ ပုန်းခဲ့ကြရသည်။ ကျွန်တော်၏ ဖခင်နှင့် သူ၏ မိတ်ဆွေများမှာ သေနတ်တွေကို သွင်းလိုက်ထုတ်လိုက်နှင့် အလုပ်တွေ ရှုပ်၍နေကြပါသည်။ ၎င်းတို့ကိုလည်း ကျွန်တော်သည် ရေးရေးတေးတေး မှတ်မိပါသည်။

ထိုစဉ်က ကျွန်တော်၏ မိခင်မှာ ကျွန်တော့်အောက်က ညီမလေးကို မွေးဖွားပြီးစ သွေးနုသားနုနှင့် သရက်တောရွာ

ကလေး၌ပင် သေဆုံး၍ သွားခဲ့ရပါသည်။

စစ်ကြီးပြီးဆုံးသွားတော့ ကျွန်တော်တို့ မြစ်ခြေမြို့ကလေးသို့ ပြောင်းရွှေ့၍ သွားခဲ့ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရတော့ ကျွန်တော်တို့ မြစ်ခြေမြို့ကလေးသို့ ရောက်ရှိနေကြပြီဖြစ်၍ အဖေတို့ လူကြီးတွေ ငိုကြသည်ကို ကျွန်တော် ကောင်းကောင်း မှတ်မိပါသည်။

နောက် ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ကို အဖေက ရှင်ပြုပေး၍ ကျွန်တော်၏ အဘနှင့် အဘွားတို့ ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် ဘုန်းတော်ကြီးကျောင်း၌ ထားပါသည်။ လူသေများအတွက် အသုံးပြုပြီးလျှင် စွန့်ပစ်ထားခဲ့ကြသည့် ခေါင်းပျဉ်များနှင့် ပြုလုပ်ထားသော သစ်သားသင်ပုန်းကြီးများနှင့် စာသင်ကြားခဲ့ရပါသည်။ ကျွန်တော် ပထမဦးဆုံး မြန်မာစာကို ရေးတတ် ဖတ်တတ်သည့် အဆင့်အထိ ထိုလူသေခေါင်းပျဉ်သစ်သား သင်ပုန်းချပ်ကြီးများပေါ်တွင် ရေးသား သင်အံလေ့ကျင့်သင်ကြားတတ်မြောက်ခဲ့ရပါသည်။

နောက် ကျွန်တော်တို့ညီအစ်ကိုသုံးယောက်တို့ကို သရက်တောရွာတွင် ရှိသည့် မူလတန်းကျောင်းကလေးသို့ ပြောင်းရွှေ့ထား၍ အတန်းပညာများကို ဆက်လက်သင်ယူစေခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်၏ မွေးရပ်မြေရွာကလေးသို့ နေ့စဉ် သွားရောက်၍ ပညာသင်ကြားခဲ့ရပြန်ပါသည်။

ကျွန်တော် မူလတန်းကျောင်းသားဘဝက နေ့စဉ် ပညာသွားရောက် သင်ယူခဲ့ရသည့် သရက်တောရွာမှ ထိုမူလတန်းကျောင်းကလေးမှာ အင်္ဂလိပ်အစိုးရ၏ လက်ထက်က ငါးသာ

အမျိုးသားကျောင်းကလေး ဖြစ်ခဲ့ပုံရပါသည်။ ထိုကျောင်းအဆောက်အအုံမှာလည်း ဆရာကြီးပိုင်ဖြစ်၍ ထိုမူလတန်းကျောင်းကလေး၏ အမည်ကိုလည်း ဆရာကြီး၏ အမည်နှင့်ပင် 'ဆရာထွန်းကျောင်း'ဟူ၍ ခေါ်ကြပါသည်။

ဆရာကြီး ရုပ်လက္ခဏာမှာလည်း ရှေးမြန်မာကြီးများ၏ ရုပ်လက္ခဏာမျိုးဖြစ်၍ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး သျှောင်ထုံးကြီးနှင့် ဖြစ်ပါသည်။

ကျောင်းအဆောက်အအုံကြီး၏ ပုံသဏ္ဌာန်မှာလည်း ရှေးမြန်မာအဆောက်အအုံ ပုံသဏ္ဌာန် ကျွန်းသစ်သားကျောင်းကြီးဖြစ်ပြီး ကျောင်းအောက် မြေပြင်တွင် ကျွန်တော်တို့ကျောင်းသားများ ဆော့ကစားခဲ့ကြရပါသည်။

နောက် မြစ်ခြေမြို့ကလေးတွင်လည်း 'ဆရာဘကျောင်း' ဟူ၍ ခေါ်သည့် မူလတန်းကျောင်းကလေးတစ်ကျောင်းဖွင့်၍ လာခဲ့ပါသည်။ ထိုဆရာကြီးမှာ အရပ်အနည်းငယ်ပု၍ အနည်းငယ် ဝပြီး ကတုံးကြီးနှင့် ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီး၍ ဖဆပလ အစိုးရ၏ လက်ထက်ရောက်မှ အစိုးရအသိအမှတ်ပြုကျောင်းများဖြစ်၍ လာခဲ့ကြပုံရပါသည်။

သရက်တောရွာ မူလတန်းကျောင်းကလေးမှ ကျွန်တော် စတုတ္ထတန်းကို စကောလားရှစ်ဆုနှင့် အောင်မြင်ခဲ့သည့်နှစ်တွင် မြစ်ခြေမြို့ကလေး၌ အလယ်တန်းကျောင်း စတင်ဖွင့်လှစ်၍ ကျွန်တော် အလယ်တန်းအောင်မြင်ခဲ့သည့် နှစ်တွင် အထက်တန်းကျောင်းကြီး ဖြစ်၍ သွားခဲ့ပါသည်။

ကျွန်တော်၏ မွေးရပ်မြေ ဖြစ်ခြေမြို့ကလေးမှာ ရှေးခေတ်က ဘုန်းတော်ကြီးကျောင်း ပညာရေးမျှသာလျှင် ရှိခဲ့သော်လည်း အတော်ပင် ကြီးကျယ်ခဲ့ပုံရပါသည်။

ကျွန်တော်၏ အဘများ နေထိုင်ခဲ့ကြသည့် အိမ်ကြီးဆိုလျှင်လည်း နေ၏အထိမ်းအမှတ်၊ လ၏ အထိမ်းအမှတ်များဖြစ်ကြသည့် ဒေါင်းရုပ်၊ ယုန်ရုပ် ပန်းပုရုပ်ကြီးများနှင့်ပင် ဆောက်လုပ်ထားကြသည် ဟူ၍ သိရှိရဖူးပါသည်။

ထိုခေတ်က ကျွန်တော်၏ အဘများမှာ ရေနံတွင်းပိုင်ရှင်ကြီးများ ဖြစ်ခဲ့ကြ၍ ဘုရားဒါယကာ၊ ကျောင်းဒါယကာကြီးများလည်း ဖြစ်ခဲ့ကြပါသည်။

ကျွန်တော်၏အဘ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဘုန်းတော်ကြီးကျောင်းဆိုလျှင်လည်း ကျွန်တော်ကိုယ်တိုင်ပင် အတန်းကျောင်းမရောက်မီက နေထိုင်ခဲ့ရဖူးသည့် ကျောင်းဖြစ်၍ ကျွန်းသစ် ပန်းပုလက်ရာများနှင့် ကျွန်သစ်ပန်းနွယ် ပန်းခက်အခွေအလိပ်တို့ဖြင့် မွမ်း၍ထားရာ အတော်ပင် ခံ့ညားကြီးကျယ်လှပသည်ကို ကိုယ်တိုင်ပင် မြင်တွေ့ခဲ့ရပါသည်။ ထိုခေတ်က စုပေါင်းဆောက်လုပ်လှူဒါန်းခြင်းများလည်း မဟုတ်ကြဘဲ တစ်ဦးတည်း ကောင်းမှုရှင်များသာလျှင် ဖြစ်ခဲ့ကြပါသည်။

ထိုကျောင်းတော်ကြီး၏ အမည်မှာ 'မဇ္ဈိမာရာမ'ဟူ၍ ဖြစ်ပါသည်။ ကျွန်တော်၏ ဖခင်မှာလည်း ထိုကျောင်းထွက်ပင် ဖြစ်၍ မူလကျောင်းထိုင် ဆရာတော်ကြီးမှာ ဦးဇယန္တ ဖြစ်ပါသည်။ ထိုဆရာတော်ကြီး၏ တပည့်ဆရာတော် ဦးဉာဏ၏ လက်ထက်တွင် ကျွန်တော်တို့ ပညာသင်ယူခဲ့ကြ ရခြင်း

ဖြစ်ပါသည်။ ထိုဆရာတော်ကြီးတို့၏ ဥပမိရုပ်လက္ခဏာတော်များမှာလည်း မျက်ခုံးမွေးကြီးများမှာ ကုပ်၍ ကြွနေကြပြီးလျှင် အလွန်ပင် ခံ့ညားလှ၍ သမာဓိ၊ ပညာတို့မှာလည်း အလွန်ပင် ပြည့်စုံကြပါသည်။

ကျွန်တော်၏ အဘနှင့် သူ၏ ဆွေမျိုးစုတို့ တည်ထားကိုးကွယ်ခဲ့ကြသည့် စေတီပုထိုးတော်ကြီးများဆိုလျှင်လည်း ယနေ့တိုင်ပင် ကျွန်တော်၏ မွေးရပ်မြေ မြစ်ခြေမြို့ကလေး၌ ရှိ၍နေကြပါသေးသည်။

ငင်းပြင် ကျွန်တော်တို့၏ မြစ်ခြေမြို့ကလေးတွင် 'အနော်ရထာမင်းကြီး'၏ သားတော် 'စောလူးမင်း' တည်ထားကိုးကွယ်ခဲ့သည့် 'ရွှေစောလူးဘုရားကြီး'လည်း ရှိ၍ ချောင်းမကြီးချောင်းကြီး၏ အနောက်ဘက်မှ သိမ်တော်ရွာတွင် 'သံပျင်မင်းသမီး' တည်ထားကိုးကွယ်ခဲ့သည့် 'ရွှေကူကြီးဘုရားကြီး'လည်း ရှိပါသည်။ ထိုသံပျင်မင်းသမီးဆိုလျှင်လည်း ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ခဲ့၍ ရဟန်းတော်များကိုပင် စာချပေးခဲ့ရပါသည်။

ထိုစေတီပုထိုးများ၏ အတွင်း၌ ရှေးခေတ်နံရံပန်းချီများကို ကျွန်တော် ယခင်တစ်ခေါက် ရောက်ခဲ့စဉ်ကအထိ တွေ့မြင်ခဲ့ရသေးသော်လည်း ယခုတစ်ခေါက်တွင်မူ ထုံးသင်္ကန်းများကပ်လူး၍ ထားကြပြီး ဖြစ်သည်ကိုသာလျှင် မြင်တွေ့ရပါတော့သည်။

ငင်းသိမ်တော်ရွာကလေး၏ အနောက်ဘက်၌ ညောင်လှ၊ ညောင်နီပင်၊ မြို့ဆိုး၊ ပေါက်တော၊ တန့်ကြည် စသည့် ရွာများမှာလည်း တစ်ဆက်တည်း ရှိကြ၍ တန့်ကြည်တောင်ကြီး၏

တောင်ထိပ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် 'တန့်ကြည်တောင် ဘုရားစေတီတော်ကြီး' ရှိပါသည်။

ကျွန်တော်၏ မွေးရပ်မြေရွာများမှာလည်း ထိုဘုရားကြီး၏ ဝေယျာဝစ္စအတွက် လှူဒါန်းထားသည့် ရွာများဖြစ်ကြသည်ကို ထိုဘုရားကြီး၏ ကျောက်စာ၌ တွေ့ရပါသည်။ ကျွန်တော်တို့ ငယ်စဉ်ကဆိုလျှင် နှစ်စဉ်လိုလို ထိုတန့်ကြည်တောင်ဘုရားပွဲတော်ကြီးသို့ ရောက်ရှိခဲ့ကြပါသည်။

စေတီတော်ကြီး၏ ဘေးမှ တန်ဆောင်းကြီးတစ်ခုထဲ၌ ဗျာဒိတ်ပေးမတ်ရပ် ဘုရားဆင်းတုတော်ကြီးတစ်ဆူလည်း ရှိ၍ ဧရာဝတီမြစ်ကြီး၏ တစ်ဖက်ကမ်းတွင်ရှိသည့် ပုဂံမြို့သို့ လက်ညှိုးတော်ညွှန်လျက် ရှိပါသည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဤနေရာသို့ ဒေသစာရီ ကြွချီရောက်ရှိတော်မူခဲ့၍ ပုးနှင့်ကြွက် သတ္တဝါငယ်နှစ်ကောင်ကို တွေ့ရှိတော်မူပြီးလျှင် ယခု ပုဂံမြို့ရှိသည့် နေရာသို့ လက်ညှိုးတော်ညွှန်၍ တစ်ချိန်သောကာလတွင် ဤနေရာ၌ ပေါက်ကျွံပြည်ကြီး ဖြစ်လတ္တံ့ ဟူ၍ ဗျာဒိတ်ပေးတော်မူခဲ့သည်ဟု ရှေးလူကြီးသူမတို့ ပြောခဲ့ကြသည်ကို ကြားသိခဲ့ရဖူးပါသည်။

မြစ်ခြေမြို့ကလေး၏ အရှေ့ဘက်၌လည်း သရက်တောထန့်စဉ်၊ မွန်းနတ်ကုန်း၊ ထန်းတောချောက်၊ အောင်သာ ကုလားချောင်း၊ ဘဲကြီးရွာ ဟူ၍ ရွာများရှိကြရာ ပုဂံပြည်ရှင်အနော်ရထာမင်းကြီးမှာလည်း ထိုအောင်သာ၊ ကုလားချောင်း ဘဲကြီးရွာအနီး၌ နတ်ကျွဲစော်၍ နတ်ရွာစံ ကံတော်ကုန်ခဲ့သည် ဟူ၍ ရှေးရာဇဝင်ကျမ်းများ၌ တွေ့ရဖူးပါသည်။ ကျွန်တော်၏

မွေးရပ်မြေ မြစ်ခြေမြို့ကလေးမှာ ကျွန်တော် ငယ်စဉ်က ဧရာဝတီမြစ်၏ ကမ်းခြေ၌ရှိ၍ ရှေးမြန်မာလှေကြီးများ ဆိုက်ကပ်ထားရာ အလွန်စည်ကားသည့် ဧရာဝတီဆိပ်ကမ်းမြို့ကလေးတစ်မြို့ ဖြစ်ခဲ့ပါသည်။ ကျွန်တော်၏ ဖခင်ကိုယ်တိုင်မှာလည်း လှေပိုင်ရှင်ကြီး ဖြစ်ခဲ့၍ အောက်ပြည်အောက်ရွာများနှင့် စုန်ချီဆန်ချီ ကုန်ကူးသန်းသွားလာ ရောင်းဝယ်ခဲ့ပါသည်။

ယခုအခါတွင် မြို့၏ အနောက်ဘက်တွင်ရှိသည့် ချောင်းမကြီးချောင်းကြီးမှ နှစ်စဉ် မှုတ်ထုတ်ခဲ့သည့် သဲများကြောင့် ဧရာဝတီမြစ်နှင့် အတော်ပင် ဝေးလံ၍ သွားခဲ့ပြီဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်တော်သည် ငယ်စဉ်က ကျွန်တော်၏ မွေးရပ်မြေမြို့ကလေး၏ အမည်ကိုလည်း ဧရာဝတီမြစ်၏ ခြေရင်းတွင် ရှိခဲ့ဖူးသည်ကို အကြောင်းပြု၍ မြစ်ခြေဟူ၍ ခေါ်ကြတာ ဖြစ်မှာပဲဟု ထင်မှတ်မိခဲ့ဖူးသည်။

ပြီးခဲ့သည့်အခေါက် ရွာသို့ ရောက်ခဲ့စဉ်ကမှ ကျွန်တော်၏ ညီမအငယ်ဆုံးဖြစ်သူအား နင်တို့ မြစ်ခြေမြို့မှာ ယခုအခါ ဧရာဝတီမြစ်ကြီးနှင့်လည်း အဝေးကြီးဖြစ်၍သွားပြီ၊ ဒါကြောင့် မြို့၏အမည်ကိုလည်း မြစ်ဝေးမြို့ဟူ၍ ပြောင်းရတော့မည်ဟု နောက်ပြောင်တော့မှ ကျွန်တော်၏ ညီမငယ်က ထိုကဲ့သို့မဟုတ် ပြူစောထီးမင်း၏ လက်ထက် ဘူးပင်ကြီး၏ အမြစ်ခြေရောက်ရှိခဲ့သည့် နေရာဖြစ်၍ မြစ်ခြေဟု ခေါ်ကြောင်း ရှင်းပြခဲ့ပါသည်။

သူ့အား အဖေက ပြောပြခဲ့ပုံ ရပါသည်။ ထိုဘူးပင်ကြီး၏ အပင်နေရာမှာ ယခု ပုဂံမြို့တွင် ရှိသည့် ဗူးဘုရားနေရာ၌ ရှိခဲ့ဖူးသည်။ ရှေးရှေးက ရှိခဲ့ဖူးကြသည့် ကျားကြီး၊ ဝက်ကြီး၊

ငှက်ကြီး၊ ရှူးပျံကြီးတို့နှင့် ထိုဘုရားပင်ကြီးကို ပြုစောထိးမင်း နှိမ် နင်းခဲ့ရသည်။ ၎င်းကို အကြောင်းပြု၍ ဗူးဘုရားကို တည်ထား ခဲ့သည် ဟူ၍ ကြားသိခဲ့ရပါသည်။

ထိုခေတ်က ငှက်ကြီး၏ အတောင်တစ်ချောင်းဆိုလျှင်လည်း အပျိုတော် ခုနစ်ယောက်မျှပင် ရွက်ယူခဲ့ရသည်ဟု ပြောကြ၍ ထိုငှက်ကြီးကို လေးနှင့်ခွင်း၍ နှိမ်နင်းခဲ့သည့် နေရာကိုလည်း 'ငှက်ပစ်တောင်'ဟူ၍ ခေါ်ကြပါသည်။ ၎င်းနေရာမှာ ညောင်ဦးမြို့၏ အရှေ့ဘက်၌ ရှိပါသည်။ ကမ္ဘာဦးမှ နောက်ဆုံးကျန်ရှိခဲ့သည့် သတ္တဝါကြီးများ ဖြစ်ကြပုံရပါသည်။

ကျွန်တော်၏ မွေးရပ်မြေ မြစ်ခြေမြို့ကလေး၏ မြောက်ဘက်တွင် အိုင်ရှည်ရွာ ရှိ၍ တောင်ဘက်တွင် ဆွဲကြီးရွာ၊ ဖိုကုန်းရွာနှင့် ကြက်လျှာရွာတို့ ရှိကြပါသည်။ ထိုမှနေ၍ကြည့်လျှင် အရှေ့မှ အနောက်သို့ တသွင်သွင်စီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးနှင့်အပြိုင် ထိုငှက်ပစ်တောင်အရပ်မှ စေတီပုထိုးများနှင့် ရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု၊ ဗူးဘုရားနှင့် အခြားစေတီတော်များကိုလည်း လှမ်း၍ မြင်နေရသည်။

ထိုနည်းလည်းကောင်းပင် ထိုဘုရားစေတီတော်ကြီးများမှနေ၍ ကြည့်လိုက်ပြန်လျှင်လည်း ကျွန်တော်၏ မွေးရပ်မြေ မြစ်ခြေမြို့ ကလေးကို မှုန်ပျပျနှင့် လှမ်း၍ မြင်နေရပြန်ပါသည်။ ဧရာဝတီ မြစ်ကြီး၏ သဲသောင်ကျွန်းကလေးများပေါ်မှာ ဟင်္သာ မောင်နှံတို့၏ အော်မြည်နေကြသည့် အသံများကိုလည်း ကြားနေရပါသည်။

ကျွန်တော်တို့ မြို့ဘက်ကမ်းမှ မြေနုကျွန်း စိုက်ခင်းလွင်

ပြင်များ၌ ဆိုလျှင်လည်း ဗာဂျီးနီးယား ဆေးခင်းများ၊ ဆေးရွက်ကြီးပင်များ၊ ငရုတ်၊ သခွား၊ ခရမ်းချဉ်၊ ခရမ်းချို၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စသည့် စိုက်ခင်းပြင်ကြီးများတို့မှာလည်း လေတဖြူးဖြူးနှင့် စိမ်းစိုနေကြ၍ ဆီးပင်တွေကလည်း ဟိုတစ်စု သည်တစ်စုနှင့် ပေါလှပါသည်။

ကျွန်တော်၏ မွေးရပ်မြေ မြို့ကလေးသို့ ရောက်ရှိခဲ့သည့်အခေါက်တိုင်းမှာလည်း ကျွန်တော်သည် ထိုမြေနုကျွန်းစိုက်ခင်းရှိ ကျွန်တော့်မိတ်ဆွေများ၏ ယာခင်းများသို့ ရောက်ရှိခဲ့၍ လိုက်လံကြည့်ရှုခဲ့ပါသည်။

ပဲပင်ကလေးများမှာ လေကို အလွန်ကြိုက်နှစ်သက်ကြသည့်အကြောင်း၊ ခုလို လေတဖြူးဖြူးနှင့်ဆိုလျှင် နောက်နေ့ဆို နှာမောင်းကလေးတွေ ထွက်လာကြတော့မည်ဖြစ်၍ အပွင့်ကလေးတွေလည်း ပွင့်လာကြတော့မည်ဟု ပြောပြ၍ ကျွန်တော်၏ မိတ်ဆွေသည် သူ၏ အခင်းထဲမှ အသီးအရွက်များနှင့် ပြောင်းဖူးများကို ခူးဆွတ်ပြီး သူ၏ ယာတဲကလေးထဲ၌ပင် ချက်ပြုတ်ကျွေးမွေးခဲ့ပါသည်။

ဧရာဝတီမြစ်ကြီး၏ ကျွန်တော်တို့ဘက်ခြမ်းတစ်လျှောက်မှာ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူခဲ့ဖူးရာ အရပ်ဒေသများလည်း ဖြစ်ကြ၍ ကျွန်တော်တို့၏ ကမ်းဘက်မှ အသီးအနှံများမှာ ပို၍ ချိုကြသည် ဟူ၍လည်း ရှေးလူကြီးသူမများက ပြောခဲ့ကြဖူးပါသည်။ သနပ်ခါးဆိုလျှင်လည်း ကျွန်တော်တို့ဘက်ခြမ်းမှ သနပ်ခါးပင်များက ပို၍ မွှေးကြသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်တော်၏ ဖခင်ဆိုလျှင် သူ၏ မြို့ကလေးကို လွန်စွာပင် ချစ်ခင်တွယ်တာခဲ့သူ တစ်ဦး ဖြစ်ခဲ့ပုံရပါသည်။

တစ်ခါကဆိုလျှင် ကျွန်တော် ရန်ကုန်မြို့ကြီးတွင် အသည်းအသန် မမာမကျန်းဖြစ်၍ နေခဲ့စဉ်က ဒီကောင့်ကို ရန်ကုန်မှာ အသေမခံဘူး၊ ရွာမှာပဲ အသေခံမယ် ဟူ၍ ပြောကာ ကျွန်တော်၏ မမအကြီးဆုံးနှင့် အစ်ကိုကြီးများကို လွှတ်လိုက်၍ ကျွန်တော့်အား ရွာသို့ ခေါ်ဆောင်သွားခဲ့ကြဖူးပါသည်။

သို့ရာတွင် ကျွန်တော့်မှာ မိမိမွေးရပ်မြေ မြစ်ခြေမြို့ကလေးကို ပြန်၍မြင်ရတော့ မကြာခင်ပင် ပြန်၍ နေကောင်းသွားခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်သည် ကလေးဘဝက ပြေးလွှားဆော့ကစားခဲ့ဖူးရာ နေရာများသို့ လိုက်လံကြည့်ရှုပြီး ဒီနေရာများ၌ ပြန်လည်၍ ပြေးလွှားကြည့်ခဲ့ပါသည်။ ငယ်စဉ်က နေခဲ့ရဖူးသည့် ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီတော်ကြီးများ အားလုံးသို့လည်း ရောက်ခဲ့၍ ငယ်စဉ်က ခုန်ချခဲ့ဖူးသည့် ခြသေ့်ရုပ်ကြီးများ၏ ကျောပြင်ပေါ်သို့လည်း ပြန်လည်ခုန်ချကြည့်ခဲ့ပါသည်။

ကျွန်တော်အား မွေးဖွားခဲ့ရာ သရက်တောရွာကလေးနှင့် ကျွန်တော်ငယ်စဉ်က ပညာသင်ကြားခဲ့ရာ ဆရာထွန်း၏ ကျောင်းနေရာကလေးသို့လည်း ရောက်ရှိခဲ့၍ ငယ်စဉ်က နေ့စဉ် မြင်တွေ့ရင်း ကြီးပြင်းလာခဲ့ရသည့် သက်ကြီးရွယ်အို လူကြီးသူမများနှင့် စိမ်းညို့နေကြသည့် သစ်ပင်အိုကြီးများကိုလည်း လိုက်

လံကြည့်ရှုခဲ့ပါသည်။

ညောင်ပင်အိုကြီးများမှ ညောင်ရွက်ခတ်သံကလေးများကိုလည်း ဂရုတစိုက် ပြန်လည်နားထောင်ကြည့်ခဲ့၍ တမာပင်အိုကြီးများမှ တမာပွင့်ကလေးများ၏ ရနံ့များကိုလည်း ရှူရှိုက်ကြည့်ခဲ့ပါသည်။ နောက်ပြီး နေမကောင်း ရက်ကြီးနှင့်ပင် မန်ကျည်းပင်အိုကြီးများမှ မန်ကျည်း ကြက်ဆူသီးများကို ခူးစားကြည့်ခဲ့ပြီး ဆီးသီးတွေကိုလည်း စားခဲ့ပါသည်။

ညနေဆိုလျှင် လေတဖြူးဖြူးနှင့် အလွန်သာယာသည့် ချောင်းမကြီးချောင်းကြီးသို့လည်း သွားရောက်ကြည့်ရှုခဲ့၍ တန့်ကြည်တောင်တန်းကြီး၏ နေဝင်ချိန်နှင့် ကောင်းကင်ပြင်ကြီးထဲတွင် ဆော့ကစားနေကြသော ပျံလွှားငှက်ကလေးများကိုလည်း ပြန်လည်မြင်တွေ့ခဲ့ရပါသည်။

(ရုပ်ရှင်တေးကဗျာ၊ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ)

မင်္ဂလာဦးည

ကျွန်တော်တို့ ချစ်သူနှစ်ဦး အိမ်ထောင်ပြုခဲ့ကြပုံမှာ ရိုးရိုးကလေး ဖြစ်ကြပါသည်။

သူများတွေလို မင်္ဂလာပွဲကြီးတွေ တခမ်းတနားနဲ့ ကျင်းပပြီး ပရိသတ်တွေရဲ့အလယ်မှာ အကြင်လင်မယားအရာကို မြောက်ခဲ့ကြတာ မဟုတ်ပါ။

နောက်ပြီး အုန်းပွဲ ငှက်ပျောပွဲတွေနဲ့ နှစ်ဦးနှစ်ဖက်သော မိဘတွေရဲ့ ရှေ့မှောက်မှာ အိမ်ထောင်ပြုခဲ့ကြတာလည်း မဟုတ်ပါ။ ကျွန်တော်ရဲ့ မိဘများက ဝေးလံတဲ့ အညာအရပ်ဒေသမှာ နေကြ၍ သူ့မှာကလည်း မိဘနှစ်ပါးစလုံး မရှိရှာကြတော့ပါ။

နောက်ပြီးတော့ တရားရုံးတော်ကြီးတွေမှာ တရားသူကြီးတွေရဲ့ ရှေ့မှောက်မှာ နှစ်ဦးသဘောတူကြောင်း နှစ်ဖက်သော သက်သေတွေနဲ့ လက်ထပ်စာချုပ်တွေရဲ့အပေါ်မှာ လက်မှတ်ရေးထိုးကြပြီး မင်္ဂလာဆောင်ခဲ့ကြတာလည်း မဟုတ်ပါ။ ရိုး

တို့ဂါတ်တို့ ဆိုသည်မှာ လူစည်ကားအပ်သော နေရာမဟုတ်ဟူ၍ လူကြီးသူမများတို့ ပြောခဲ့ကြသည့် စကားကလည်း ရှိနေပါသည်။ ဒါကြောင့် အဲ့ဒီကိစ္စကိုလည်း ကျွန်တော်တို့က မနှစ်သက်ကြပါ။

နောက်ပြီး ဒါဟာ တစ်ဦးနဲ့တစ်ဦး မယုံသင်္ကာစိတ်တွေနဲ့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် သစ္စာမဖောက်နိုင်ကြအောင် ဆိုပြီး တရားဥပဒေတွေ၊ လက်ထပ်စာချုပ်တွေ အကိုးအကားတွေ၊ သက်သေတွေနဲ့ တုပ်နှောင်ပြီး ချစ်ခြင်းမေတ္တာကို တည်ဆောက်ကြတာပဲလို့လည်း ထင်မြင်မိကြပါသည်။ အဲ့ဒါကြောင့် ကျွန်တော်တို့ဟာ အဲ့ဒီကိစ္စတွေကို မပြုလုပ်ခဲ့ကြပါ။

နောက်ပြီး ကျွန်တော်တို့နှစ်ယောက်စလုံးမှာ တစ်ယောက်ကမှလည်း တစ်ယောက်ကို မယုံသင်္ကာစိတ်တွေ မဖြစ်ခဲ့ကြပါ။ ကျွန်တော်က သူ့ကို ဘယ်လောက်ချစ်တယ်၊ သူက ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာတွေကိုလည်း နှစ်ဦးစလုံးဟာ တစ်ယောက်နဲ့တစ်ယောက် သိရှိလို့နေကြပါသည်။ ကျွန်တော်တို့ရဲ့ မေတ္တာဟာ ဘယ်လောက်အထိ ကြီးမားခိုင်ခဲ့ကြတယ်ဆိုတာကိုလည်း နှစ်ယောက်စလုံး သဘောပေါက် နားလည်လို့ နေကြပါသည်။ တကယ့်ကို ကျွန်တော်တို့ရဲ့ မေတ္တာဟာ မယိုင်မလဲနိုင်သည့် ကျောက်ဆောင်၊ ကျောက်တိုင်ပမာ ဖြစ်ကြပါသည်။ မမြင်ရတဲ့ ဒြပ်မဲ့တဲ့ သဘောတွေဟာ မိမိတို့ရဲ့ အသည်းနှလုံးတွေကိုပဲ ယုံကြည်ခဲ့ကြပါသည်။ ဆိုလိုတာက နှစ်ဦးသဘောတူ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြတာ ဖြစ်ပါသည်။

ထိုနေ့ညက ကောင်းကင်ပြင်တွင် လပြည့်ဝန်းမှာ ထိန်ထိန်သာနေ၍ ကြယ်တာရာများကလည်း လင်းလက်တောက်ပလို့နေကြပါသည်။ ရန်ကင်းမြို့ကလေး၏ တိုက်တန်းတို့မှ တချို့သော တိုက်ခန်းကလေးများမှာ မီးများ မှိတ်၍ အိပ်ကုန်ကြပြီဖြစ်သော်လည်း အချို့သော တိုက်ခန်းကလေးများနှင့် ကျွန်တော်တို့ နေနေကြသည့် တိုက်ခန်းကလေးမှာ မအိပ်ကြသေး၍ မီးရောင်များ လင်းထိန်လို့ နေကြဆဲ ဖြစ်ကြပါသည်။

ကျွန်တော်တို့ ချစ်သူနှစ်ဦးဟာ အဲဒီမင်္ဂလာဦးညမှာ မအိပ်ကြသေးခင် သူက ရေချိုးပါသည်။ ကျွန်တော်ကတော့ အပျင်းထူပြီး အိပ်ရာပေါ်မှာပဲ လဲလျောင်းနေရင်းနှင့် ဘာသာပြန် ကမ္ဘာကျော် နိုဘယ်ဆုရ စာရေးဆရာကြီးများ၏ ဝတ္ထုတိုစာအုပ်တစ်အုပ်ကို ဖတ်၍နေပါသည်။

နောက် သူက ရေချိုးခန်းထဲမှ ထမီရင်ရှားကလေး နှင့် ထွက်လာပြီး မှန်တင်ခုံရဲ့ ရှေ့မှာရှိသည့် ကျောက်ပြင်တွင် သနပ်ခါးတွေကို တရှဲရှဲနှင့် သွေး၍ နေပါသည်။ ဒါနဲ့ ကျွန်တော်က ဝတ္ထုစာအုပ်ကို ရင်ဘတ်ရှပေါ်မှာ မှောက်ထားလိုက်ပြီး သူ့ကို ကြည့်ရှု၍ နေမိပါသည်။

ခဏကြာတော့ ကျောက်ပြင်ပေါ်မှ သနပ်ခါးများကို သူ့ လက်ကလေးနှင့် သပ်ယူ၍ သူ၏ နားရွက်ကလေးနှစ်ဖက်မှ စပြီး မျက်နှာ၊ လည်ပင်းနှင့် ရင်ဘတ်တွေကို လိမ်းပါသည်။ နောက် သူ၏ လက်မောင်းနှစ်ဖက်စလုံးကိုရော သူ့ရဲ့ လက်ကလေး နှစ်ဖက်နဲ့ ဘယ်ပြန်ညာပြန် အပြန်ပြန် အလှန်လှန် လိမ်းပါသည်။ နောက် ခြေသလုံးနှစ်ဖက်နဲ့ ခြေဖမိုးတွေကိုရော

နဲ့အောင် လိမ်းပါသည်။

ကျွန်တော်က ခုတင်ပေါ်ကနေပြီး အိပ်ရင်း သူ့ကိုကြည့်နေတော့ သူဟာ သူ့ရဲ့ခန္ဓာကိုယ်ကို ရေတွေ လိမ်းနေတယ်လို့ပဲ ထင်နေမိပါသည်။ ပြီးသွားတော့ ယပ်တောင်လေးတစ်ချောင်းနဲ့ တဖျပ်ဖျပ်ခတ်နေပါသည်။ နောက်တော့မှ တဖြည်းဖြည်းနဲ့ သနပ်ခါးကွက်ကျားကလေးတွေ ပေါ်လာကြတာကို မြင်လာရပါသည်။ သူက သနပ်ခါးကို ထူပိန်းနေအောင် လိမ်းတာမဟုတ်ပါ။ ရေကျဲကလေးလိမ်းထားတာသာလျှင် ဖြစ်ပါသည်။ နောက်အားလုံး ခြောက်သွားတော့မှ သနပ်ခါးအစင်းကြောင်းရာကလေးတွေ ပေါ်လာကြပြီး သိပ်ကြည့်လို့ကောင်းနေတာကို တွေ့ရပါသည်။

ပြီးတော့မှ သူဟာ မီးလေုတ်ရှိရာကို သွား၍ ချပ်ခနဲပိတ်လို့ ကျွန်တော်ရှိရာ ခုတင်ပေါ်ကို ဖွဖွကလေး တက်လာပါသည်။ ခုတင်ပေါ်ရောက်တော့ ရုတ်တရက် မအိပ်ဘဲ နေနေတာနဲ့ ကျွန်တော်က ဟဲ့ 'မြ' အိပ်တော့လေ၊ ဘာဖြစ်လို့ မအိပ်သေးတာလဲလို့ မေးတော့ သူက ဘာမှ ပြန်၍မဖြေပါ။

တစ်အောင့်လောက်ကြာတော့မှ ကျွန်တော့်ကို သူကန်တော့ နေတာလို့ ပြောပါသည်။ ဒါနဲ့ ကျွန်တော်ကလည်း ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေဗျာလို့ ဆုတွေ ပေးခဲ့ပါသည်။ သူကလည်း ပေးတဲ့ဆုနဲ့ ပြည့်ရပါစေလို့ တိုးတိုးကလေး ဆုတောင်းပါသည်။

နောက်ပြီးတော့မှ ကျွန်တော်ရဲ့ လက်ဝဲဘက်ဘေးမှာ ဖြန့်ခင်းထားတဲ့ ကျွန်တော့်ရဲ့ လက်မောင်းပေါ်ကို ခေါင်းအုံး

လို့ အသာကလေး ဝင်၍ အိပ်ပါသည်။ သူ့ရဲ့ စောစောက လိမ်းထားတဲ့ သနပ်ခါးနံ့ကလေးက သူ့ရဲ့ကိုယ်ခန္ဓာအနံ့ကလေးနဲ့ ရောပြီး သင်းနေတာကို သတိပြုမိပါသည်။

မှောင်ထဲမှာ တစ်ယောက်နဲ့တစ်ယောက် မမြင်ကြရဘဲ ဖြစ်နေတာနဲ့ တစ်ဦးရဲ့မျက်နှာကို တစ်ဦး အသေးစိတ် လက်ဝါးပြင်နဲ့ စမ်းသပ်ပြီး မျက်မမြင်များကဲ့သို့ ပုံဖော်၍ ကြည့်ကြပါသည်။

နောက်ပြီးတော့မှ တစ်ယောက်မျက်နှာကို တစ်ယောက် တစ်လှည့်စီ နေရာအနှံ့ ကွက်လပ်မကျန်အောင် နမ်းကြ၏။ တစ်ဦးကိုတစ်ဦး အပြန်အလှန်တင်းနေအောင် ဖက်ထားကြပါသည်။ အဲ့ဒီအခါမှာ သူ့ရဲ့အသားကလေးတွေက အေးနေကြပြီး ကျွန်တော်ရဲ့ ကိုယ်ခန္ဓာက နွေးနေတာကို သတိပြုမိပါသည်။ သူ့ရဲ့ခန္ဓာကိုယ်က သနပ်ခါးတွေ လိမ်းထားလို့ အေးနေတာပဲလား။ ဒါမှမဟုတ် မိန်းမနဲ့ ယောကျ်ားတို့ရဲ့ ခန္ဓာကိုယ် အပူအအေးဓာတ်တွေ မတူကြတဲ့ သဘာဝလည်း ဖြစ်နိုင်ပါသည်။

အဲ့သလိုနဲ့ ကျွန်တော်တို့ ချစ်သူနှစ်ဦးဟာ ရိုးရိုးကလေး လင်မယားအရာကို မြောက်ခဲ့ကြပါသည်။ အဲ့ဒီမှာ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံးဟာ ပထမဦးဆုံး တစ်ပြိုင်တည်း သိလိုက်တာကတော့ ဩော်...လင်မယားဆိုတာ နှစ်ယောက်မဟုတ်ဘဲ တစ်ယောက်တည်းပါလားလို့ အတူတကွ သိလိုက်ကြပါသည်။

နောက် တိုးတိုးကလေး ပါးစပ်ကို ပိတ်ပြီး ရှိုက်ငိုနေတဲ့ သူ့ရဲ့အသံကို သဲ့သဲ့ကလေး ကြားတာနဲ့ ကျွန်တော်က စိုးရိမ်

စွာ သူရဲ့ မျက်နှာကို လက်နဲ့ စမ်းကြည့်တော့ သူ့မျက်နှာမှာ မျက်ရည်တွေက ရွှဲနစ်လို့ နေတာကို တွေ့ရပါသည်။

သူ ဘာကြောင့်ငိုသည်ကို ကျွန်တော် မသိပါ။ သူ့ရဲ့ ကလေးဘဝလေး ပျောက်ဆုံးသွားတာကို သတိရပြီး ဝမ်းနည်း၍ ငိုနေသည်လား။ ဒါမှမဟုတ် သူ့ကို မွေးဖွားထားရစ်ခဲ့ကြသည့် သူ၏ မိဘနှစ်ပါးကို သတိရပြီး ငိုနေတာပဲလား။ သို့တည်းမဟုတ် သူ့မှာ တကယ် ဘဝခရီး အဖော်မွန်ဖြစ်တဲ့ ကျွန်တော့်ကို ရရှိသွား၍ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ငိုနေတာလည်း ဖြစ်နိုင်ပါသည်။ လူတွေရဲ့ သဘာဝဟာ ဝမ်းနည်းလျှင် ငိုတတ်ကြသလို ဝမ်းသာလျှင်လည်း ငိုတတ်ကြပါသည်။

ဒါနဲ့ ကျွန်တော်က ကျွန်တော်ရဲ့လက်ဖဝါးပြင်နဲ့ သူ့ကို မျက်ရည်တွေ သုတ်ပေးရင်း သူ့ရဲ့နားနားကို ကပ်၍ 'သနပ်ခါးတွေ ပျက်ကုန်ပြီ ဘာလို့ ငိုနေတာလဲလို့ တိုးတိုးကလေး မေးတော့ နည်းနည်း အသံပို၍ ထွက်လာပြီး ငိုပြန်ပါသည်။ ဒါနဲ့ကျွန်တော်က သူအငိုတိတ်အောင် ဘယ်လို ချော့ရမှန်း မသိတာနဲ့ "မောင်စိတ်ညစ်အောင် ဘာလို့ ငိုနေတာလဲ၊ တိတ်ပါတော့"လို့ ပြောလိုက်မိပါသည်။ အဲဒီအခါမှာ သူဟာ သူ့ပါးစပ်မှ အသံမထွက်အောင် အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းကို အတင်းစေ့ထားပြီး ရှိုက်၍ ရှိုက်၍ ငိုနေပြန်ပါသည်။

သူရဲ့မျက်နှာမှာလည်း မျက်ရည်တွေ ထပ်မံ ရွှဲနစ်လာပြန်ပါသည်။ ဒါနဲ့ ကျွန်တော်က သူ့ရဲ့မျက်နှာပြင်ကို နေရာအနှံ့ ထပ်၍ ပြန်နမ်းပြီး ချော့တော့ ကျွန်တော်ရဲ့ မျက်နှာမှာရော သူ့ရဲ့မျက်နှာမှာပါ သူ့ရဲ့မျက်ရည်တွေက စိုရွှဲကုန်ကြပါသည်။

အဲဒီအခါမှာ သူကလည်း ငိုသံပါကြီးနဲ့ ကျွန်တော့်ကို ပြန်၍ ထပ်နမ်းပြန်ပြီး ကျွန်တော်တို့နှစ်ယောက် တစ်ဦးနဲ့တစ်ဦး တင်းနေအောင် ဖက်ထားကြပြန်ပါသည်။

နောက်ခဏကြာတော့မှ တဖြည်းဖြည်းနဲ့ သူအငိုတိတ်၍ သွားခဲ့ပါသည်။

အဲဒီမင်္ဂလာဦးညက ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ တော်တော်နဲ့ အိပ်လို့မပျော်ခဲ့ကြပါ။ သူ ဘာကြောင့် ငိုတယ်ဆိုတာကိုလည်း ကျွန်တော် ဘယ်လိုမှ မေးလို့မရခဲ့ပါ။

(ရွှေဝတ်ရည်မဂ္ဂဇင်း၊ အမှတ် ၈၊ ၁၉၉၁ ခုနှစ်)

●